
ဂိတ်
ဘဝကျောင်းသူ

# ရိုတ်

ဘဝကျောင်းသူ



# ရွှေသမင်

စာပေ

မှ စီစဉ်တင်ဆက်သည်။

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၉၆၁၁၀၊ ၀၁- ၃၉၈၅၅၇၊
၀၁-၈၆၁၀၀၈၈

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

# စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

# လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/
အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ရှိတ်
ဘဝကျောင်းသူ/ –ရှိတ်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၂၃၂ – စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ဘဝကျောင်းသူ




အမည်က မေဒေး ..။

အလုပ်သမားနေ့ မေဒေးနေ့မှာမွေးခဲ့လို့ အဖေက ပေးထားတဲ့ နာမည်ပါ။

အဖေက အလုပ်သမားလေ .. အမေကတော့ အလုပ်သမားဝင်းနံရံမှာ ကပ်ဖွင့်ထားတဲ့ ထမင်းကြော်ဆိုင်ပိုင်ရှင်ကြီးပေါ့။ နာမည်က သန်းမြလင်း၊ ဒေါ်သန်းမြလင်းပေါ့။

မေဒေးတို့မိသားစုက လက်လုပ်လက်စားတွေပါ။ ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် ကလေးတွေတော့ ချမ်းသာတယ်။

အမေက ကလေးမွေးနိုင်လွန်းလို့ ရပ်ကွက်ထဲက ဘဝတူအလုပ်သမားတွေက ရှင်မွေးလွန်းဘွဲ့ ပေးထားတယ်။ နောက်ပြီး 'လူထုတ်လုပ်တဲ့စက်' လို့လည်း နာမည်ပြောင် ပေးထားကြသေးတယ်။

မေဒေး အပါအဝင် မောင်နှမ ဆယ်ယောက် ရှိတယ်။

မဒေး က အကြီးဆုံး ၁မ်း။ မဒေး အောက်မှာ မျောက်ရှုံးအောင်ဆော့တဲ့ မောင်နှစ်ယောက် ရှိတယ်။

အဖေနဲ့အမေက သူတို့စိတ်ထဲ ဆန်းမယ်၊ လှမယ်၊ ပေါ်လွင်မယ်၊ လူသိများတဲ့ အဆိုတော်၊ မင်းသား၊ မင်းသမီး နာမည်တွေလည်း မှည့်ပစ်တာပဲ။

အဟုတ်ပြောတာ ..၊

မဒေး ရဲ့အောက်က မောင်လေးရဲ့နာမည်က 'လေးဖြူ' တဲ့။ နောက်တစ်ယောက်က 'ဘိုဖြူ' တဲ့။ အဲဒီအောက်က ညီမတွေက ဖြူဖြူကျော်သိန်း (နာမည်ပြောင်း ကတုံးမ) ဝိုင်းစုခိုင်သိန်း၊ သက်မွန်မြင့်၊ မြင့်မြတ်၊ မိုးအောင်ရင် ..။

အဲဒီနောက်ပိုင်း ကိုရီးယားကားအကြည့်များလို့ ချို့ဒမ်၊ နို့ညွှာကောင်ကို ရိန်း၊ အငယ်ဆုံးမကို ကမ္ဘာ့ဖလားသီချင်း ဝါကာဝါကာနဲ့ နာမည်ကြီးသွားတဲ့ အဆိုတော် ရှာကီရာ ရဲ့ နာမည်ကို မှည့်ထားတယ်။

မသိရင်တော့ နာမည်တွေကြားရုံနဲ့ ဖြုံသွားမယ်။ လူတွေကတော့ ဘာမှမဟုတ်။ ညစ်ပေတူး မဟုတ်ပေမယ့် ချာတူးလန်တွေပေါ့။

မဒေး ဆိုတဲ့နာမည်နဲ့လိုက်အောင် ငယ်ငယ်ကတည်းက အလုပ်တွေ လုပ်လိုက်ရတာ၊ နားရတယ်ဆိုတာ သိပ်မရှိခဲ့ပါ





ဘူး။ ကလေးထိန်းရတယ်၊ ကလေးတွေကို ကျွေးမွေး ရေချိုး၊ အဝတ်အစား လဲ၊ ချော့ကျိုး၊ သီချင်းဆို သိပ်ခဲ့ရတာ မဒေး ရဲ့ တာဝန်တွေပါ။

အပျိုပေါက်အရွယ်လေး ရောက်လာတဲ့အထိ ထိန်းလို့ မလွတ်နိုင်ဘူး။ အဖေက ဇွတ်မှိတ်အားခဲပြီး ကျောင်းထားပေးလို့ ရှစ်တန်းအထိ ကျောင်းတက်ခဲ့ရတယ်။

ရှစ်တန်းတစ်နှစ်ကျတာနဲ့ အမေက ကျောင်းထုတ်ပစ်လိုက်တယ်။

"သေစာရှင်စာ ဖတ်တတ်ရုံမကတောင် တတ်ခဲ့ပြီပဲ၊ မအောင်မှတော့ တော်ပြီပေါ့၊ ဆယ်တန်းအောင်ပြီး ဘွဲ့ရလည်း ဘာလုပ်ရမှာလဲ၊ ဘွဲ့ရအလုပ်လက်မဲ့တွေ အများကြီးပဲ၊ မိဘကို ကူလုပ်ပေးရမယ်၊ ကျွန်မတစ်ယောက်တည်း ဆိုင်နဲ့ ကလေးတွေကို မထိန်းနိုင်ဘူး"

အဖေလည်း ဘာမှပြန်မပြောနိုင်။ နောက်ကတက်လာသည့် ကလေးတွေရဲ့ကျောင်းစရိတ်တွေကလည်း ဝန်တာပိလာပြီလေ။ နောက်လူတွေထဲက စာတော်တဲ့လူကိုပဲ အားကိုးရတော့မှာပေါ့။

"ငါတို့လို မဆင်းရဲစေချင်ဘူး .. မဆင်းရဲချင်ရင် ပညာတတ်မှဖြစ်မှာ မိသန်း ရ"

"ကိုကျော်ညွန့် ရယ် .. ပညာတတ်ပြီး ဆိုက်ကားနင်းနေတဲ့ မောင်သက်နိုင်တို့၊ ရေစည်လှည်း တွန်းရောင်းနေတဲ့ မောင်ကြည်ဝင်းမောင် တို့ ဆိုရင် ဘယ်လိုလုပ်မလဲ"

"နင်ကတော့လေ .. စာမတတ် ကျမ်းကြေပဲ၊ နင် ကောင်းမယ်ထင်တာသာ လုပ်တော့၊ ဆက်ပြောနေရင် ပြဿနာ ထတက်ရုံပဲ ရှိလိမ့်မယ်၊ ဝေးဝေးနေတာပဲ ကောင်းတယ်"

"ရှင် ပြောလိုက်ရင် ဒီလိုချည်းပဲ၊ လစာလေး မဖြစ်စလောက် ပြန်အပ်ရင် ရှင့်တာဝန် ကျေပြီထင်နေတာ၊ ရှင်မနေနိုင်လို့ မွေးထားတဲ့ သားသမီးတစ်ပြုံကြီးရဲ့တာဝန်က ကျွန်မခေါင်းပေါ်မှာ ရှင့်၊ မလောက်ငရင်တောင် မသေရုံတမယ် ရှာလည်း ကျွေးရသေးတယ်၊ ဆရာကြီး လာမလုပ်နဲ့၊ သွား .. အလုပ်မရှိ၊ အကိုင်မရှိတွေ ထိုင်တဲ့ ကျားဝိုင်းမှာ သွားထိုးနေ၊ ကျားထိုး၊ ချက်ထိုးနဲ့ ရှင့်ကိုယ်ရှင် ဟုတ်နေရင် ပြီးရောမဟုတ်လား၊ ဟင်း .. မပြောလိုက်ချင်ဘူး"

"တော်ကွာ .. ဒီမိန်းမ တော်တော်အပေါက်အစပ်များတာပဲ၊ ဒီမိန်းမကတော့ ငါ့ပါးစပ်နဲ့ တွေ့တော့မယ်"

နောက်ဆုံးမှာ အမေ့ရဲ့ ဘီဒိုအာဏာနဲ့ပဲ မဒွေး ကျောင်းထွက်လိုက်ရတော့၏။ မဒွေး ရဲ့သူငယ်ချင်းတချို့က စိတ်မကောင်းကြ။





မဒွေး နဲ့စာပြိုင်ဘက် အေးပပမွန် တို့ကတော့ ဝမ်းသာကုန်ကြလိမ့်မည်။

မဒွေး က သူတို့လို မချမ်းသာ၊ မသုံးနိုင်၊ မဝတ်နိုင်၊ မစားနိုင်။ သူတို့ကျောတာကို အမြဲတမ်း ခံနေခဲ့ရ၏။ ကြိုးစားပြီး သူတို့ကို အနိုင်ယူနိုင်တာ စာပဲရှိ၏။

စာကိုဖိကြိုးစား၍ မဒွေး က အတန်းထဲမှာ အဆင့်တစ်။ ပေးနိုင်ကမ်းနိုင်ပြီး စာအရမ်းတော်ကြောင်း ပြချင်သော အေးပပမွန် က ပူးတွဲအဆင့်တစ်။

မကျေနပ်မှုစိုး၍ မဒွေး လောက် မတော်သော အေးပပကို ဆရာမက ဒုတိယနေရာ မပေးရဲ။

အေးပပနဲ့ သူ့မိဘတွေကလည်း မခံချင်၊ ပူးတွဲ မလိုချင်၊ နံပါတ်(၁) သီးသန့်ပဲ ရချင်၏။

အဲဒီနှစ် လပတ်ဖြေဆိုပြီး နှစ်တစ်ဝက်အလွန်မှာ အငယ်ဆုံးကလေးက ချူချာလွန်း၍ မဒွေး ဂရုစိုက်ခဲ့ရ၏။ အိမ်အလုပ်တွေကို ဒိုင်ခံလုပ်ရပြန်၏။ စာကျက်ချိန် မပြောနှင့် စာကြည့်ချိန်လေးပင် မရ။

အဖေနဲ့အမေ စကားများရန်ဖြစ်ပြီး အဖေ အိမ်ပေါ်ကဆင်းသွား၏။

အမေက စိတ်ဆိုးပြေတော့ အဖေ့ကို လိုက်ရှာ၏။

အမေတစ်ယောက် ခုတ်ရိုက်၊ ခုတ်ဆင်ဆရာတွေနောက်လိုက်ပြီး အဖေပြန်ရောက်အောင် လုပ်နေချိန်မှာ မေဒေး တစ်ယောက် အိမ်ထောင်တစ်ခုလုံးကို ခေါင်းပေါ်တင်ထားပြီး ကျုံးလုပ်ရတော့၏။

ကျောင်းပင်သွားမတက်နိုင်။ စာမေးပွဲဖြေခါနီးချိန်၊ အိမ်မှာ စားစရာမရှိ။ ထမင်းကြော်ဆိုင်လေးကလည်း အရင်းပြုတ်လို့ ပိတ်ထားရပြီ။

မေဒေး အငတ်ခံနိုင်သော်လည်း ဘုစုခရုလေးတွေက အငတ်မခံနိုင်ကြ။ ရပ်ကွက်ထဲက ပြေလည်တဲ့အိမ်တွေမှာ အဝတ်လိုက် ဖွပ်ရ၏။

ကလေးကို သဘက်နှင့် ကျောမှာသိုင်းလွယ်ပြီး အပျိုပေါက်လေးတန်မဲ့ မရှက်မကြောက် လုပ်ခဲ့ရ၏။

နှိမ်တဲ့လူတွေ ရှိသလို စာနာသနားတဲ့လူတွေနှင့်လည်း တွေ့ခဲ့ရ၏။

ပိုက်ဆံမရှိတော့ ရမလားလို့ အလွယ်ကြံပြီး ရိသဲ့သဲ့လုပ်သော အိမ်ရှင်လူကြီးတွေနှင့် တွေ့ခဲ့ရသလို အပျော်ကြံချင်သော အိမ်ရှင်ရဲ့သားတွေနှင့်လည်း ကြုံခဲ့ရ၏။

မေဒေး သာ စိတ်ဓာတ်ကျပစ်လိုက်မည်ဆိုလျှင် တုံးခနဲ လဲသေသွားနိုင်၏။ စိတ်ဓာတ်ကို တင်းတောင့်ခံထား၏။





သီလရှင် ဆရာလေး ဒေါ်ပုညဝတီ ပြောသလို လူ့ဘဝက အနိမ့်လာပြီးရင် အမြင့်လာလိမ့်မယ်၊ တစ်သမတ်တည်း မရှိဘူးတဲ့။

မေဒေး ပေဖြစ်တုန်း နင်းခံထားပြီး တူဖြစ်တဲ့ဘဝကို ရောက်ရမည်။ နိမ့်ရာက ပြန်မြင့်လာရမည်။ အရိပ်ကိုလိုချင်လို့ နေပူက စောင့်နေရခြင်းပင်။

စာမေးပွဲသွားဖြေတော့ ဘေးအိမ်ကို ကလေးတွေ အပ်ခဲ့ရ၏။ စားစရာက မရှိ။ ကလေးတွေ ဝမ်းဝရုံလေးသာ။

စာကြွေးတွေပိနေတာကို အစာမစားရဘဲ စာမေးပွဲဖြေခဲ့ရတဲ့ မေဒေး ဘဝ၊ စာမေးပွဲမကျဘဲ ခံနိုင်မလား။

စာမေးပွဲဖြေပြီးချိန်ကျမှ အမေ ခရီးရှည်ထွက်သွားရာက ပြန်ရောက်လာ၏။ တစ်နိုင်ငံလုံး ပတ်ပြေးနေသော အဖေ့ကို အမိဖမ်းပြီး ပြန်ခေါ်လာ၏။

မေဒေး ဘဝကို စဉ်းစားကြည့်ပါဦး။ ကလေးကိုးယောက်ကို အဝတ်လျှော်ခနဲ့ကျွေးပြီး တစ်ဖက်က ဗိုက်ဟောင်းလောင်းနဲ့ စာမေးပွဲ ဖြေခဲ့ရ၏။

တချို့ စာနာသူတွေက ပေးတာကမ်းတာ ရှိ၏။ မေဒေး က အဲဒါမျိုး သိပ်ရှက်ကြောက်၏။ ပေးလာလျှင်လည်း ကလေးတွေကို ဝေငှလိုက်တာနှင့်မလောက်။

နှစ်ရက်တစ်ခါ ထမင်းရည်ပူလေးသာ သောက်ခွင့်ရခဲ့၏။ စာမေးပွဲကျတာကို အမေက အပြစ်ပြောနေ၏။

ပြောပါစေလေ ..။

အမေက အမေဆိုတော့ မေဒေး တို့လိုသားသမီးက ဘာပြန်ပြောရတော့မှာလဲ။

လူ့ကံဆိုတာ အမြဲတမ်း ကြီးဆိုးမနေသလို အမြဲတမ်းလည်း ကောင်းမနေပါဘူး ဆိုတဲ့ သဘောအတိုင်း မေဒေးကို ကူညီမည့်သူတစ်ဦး ပေါ်လာ၏။

ကယ်တင်ရှင်ကတော့ အမေ့ရဲ့မောင်ငယ်လေး ညီဇော်ဦးပေါ့။ အများကတော့ မေဇော်ဦး လို့ ခေါ်ကြ၏။ ရင်းနှီးသူတွေက မေဇော် တဲ့။

ယောကျ်ားဖြစ်သော်လည်း မိန်းမစိတ် ပေါက်နေ၏။ အခြောက်ကြီးပေါ့။ အမေတို့ဘက်က လက်ကျန်အမျိုးဆိုလို့ မေဇော် တစ်ယောက်တည်းသာ ရှိတော့၏။

မေဇော် က အချမ်းသာကြီးမဟုတ်သော်လည်း ပြေလည်နေ၏။ အမေတို့မိသားစုထဲက ထွက်သွားခဲ့တာ အနှစ် (၂၀) ကျော်ပြီ။

အဆက်ဖြတ်ထားခဲ့သည် မှာကြာပြီ။ မမျှော်လင့်ဘဲ အမေနှင့်ပြန်ဆုံတွေ့ရာက အိမ်ကို လိုက်လည်ခြင်းဖြစ်၏။





မေဇော် အခြောက်ဖြစ်တာကို အဘိုးအဘွား၊ ညီအစ်ကိုမောင်နှမတွေက ရှက်လို့ မောင်းထုတ်ခဲ့ကြ၏။ ယခုအခါမှာတော့ အဘိုးအဘွားတွေရော၊ ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေပါ မရှိကြတော့။

ဘုန်းမကြီး၊ သက်မရှည်စွာဖြင့် ဆုံးကုန်ကြလေပြီ။

မေဇော်က သူ့အစ်မကြီးဖြစ်သော အမေ့ကိုတော့မမုန်း။ မမုန်း၍လည်း အလည်လိုက်လာခြင်းဖြစ်၏။

အမေ့ရဲ့ဘဝကို မြင်တွေ့လိုက်ရသည့်ခဏ မေဇော် မတ်တတ် မေ့သွား၏။

"အမလေး .. ဖြစ်မှဖြစ်ရလေတယ် မမကြီးရယ်၊ ငါ့နှယ်.. အီသီယိုးပီးယား ဒုက္ခသည်စခန်းကို ရောက်သွားသလား မှတ်ရတယ်၊ နင် တော်တော်ဆင်းရဲနေတာပဲ၊ ကလေးတွေ ပလုံစီအောင် မွေးထားလိုက်တာဟယ်၊ အံ့ရော .. အံ့ရော၊ နင့်ယောကျ်ားက စော်ဘွားကြီးမျိုးနွယ်လားဟယ် ..၊ ဂယ်ပဲ ..၊ စိတ်အတောင့်လိုက်ကို ညစ်သွားတာပဲ"

"မောင်လေးပြောလည်း ခံရမှာပဲ၊ မမကြီးတို့ကို မောင်လေး နိုင်သလောက် ကူညီပေးပါဦး၊ ထမင်းကြော်ဆိုင်လေး ပြန်ထွက်ချင်တယ်၊ အရင်းအနှီး လိုနေလို့ .."

"ဘယ်လောက်လိုလဲ .."

"နှစ်သိန်းလောက် .."

"ငါပေးမယ် .. နော်၊ မပူနဲ့ .. ဒီသမီးက အကြီးဆုံးလား၊ ငါ့တူမက အချောလေးပဲ၊ ရွှေဖြစ်မယ့် ရွှံ့လေးတော့"





"သူ အကြီးဆုံးပဲ၊ နာမည်က မေဒေး တဲ့၊ သူ့ကိုလည်း ကျောင်းထုတ်ထားရတယ်၊ ကလေးထိန်း၊ အိမ်မှုကိစ္စလုပ်ဖို့ပေါ့၊ ကိုယ်တစ်ယောက်တည်း မတတ်နိုင်တော့ဘူးလေ"

"ဩော် .. ဘယ်နှစ်တန်းရောက်ပြီလဲ"

"ရှစ်တန်း တစ်နှစ်ကျ .."

"ဒီခေတ်က အိုင်တီနည်းပညာခေတ်အေ့၊ ပညာတတ်မှ ဖြစ် မှာပေါ့၊ မေဒေး ကို ငါ့ဆီခေါ်ထားပြီး ပညာသင်ပေးမယ်၊ ဆင်ပေးမယ်၊ ကျောင်းလဲ ဆက်တက်၊ ငါ စရိတ်ခံမယ်၊ အိမ်မှုကိစ္စအတွက် လူတစ်ယောက် ငှားလိုက်၊ လခကို ငါပေးမယ်၊ နင့်ယောကျ်ား သောက်ပျင်းက ဘာတာဝန်ယူမှုမှလည်း မရှိပါလား"

"ငါ့ယောကျ်ားအကြောင်းတော့ ပြောမပြောချင်တော့ပါဘူး"

အမေက ထိုသို့စကားချီပြီး သူ့ယောကျ်ားအကြောင်း ပြောလိုက်တာများ ရေပက်မဝင်အောင်ပင်။ မေဇော် က အိုက်တင်မျိုးစုံနဲ့ နားထောင်ပြီး ...

"ငါလို ဂန်ဒူးတောင် သူ့ထက်သာအောင် လုပ်ကိုင်စားသောက်နိုင်သေးတယ်၊ သူက ယောကျ်ားစစ်စစ်ဖြစ်ပြီး အားအားနေ ကျောက်ချထိုင်မှိုင်၊ လက်ကြောမတင်း လုပ်နေတာပဲ

ဖြစ်လိမ့်မယ်၊ ဟွန့် .. စိတ်တို စိတ်ပျက်ဖို့ ကောင်းလိုက်တာ၊ ငါနဲ့ပြန်တွေ့လို့ တော်သေးတာပေါ့"

"အေးဟယ် .. ငါ ကံကောင်းသွားတယ်၊ အဖေနဲ့အမေ၊ ကိုကြီး၊ ကိုလတ်နဲ့ မိငယ်တို့ကတော့ ကံမကောင်းကြဘူး၊ အာဟာရပြတ်အောင် ဆင်းရဲပြီး (ဇဖ)ပါးရောဂါနဲ့ ဆုံးသွားကြရတာ .."

အမေ့စကားကို ငေးမောငိုင်တွေ နားထောင်နေရာက မေဇော် မျက်ရည်ဖြိုင်ဖြိုင် ယိုစီးကျကုန်၏။

"ပြီးခဲ့တာတွေ ပြန်မပြောပါနဲ့ မမကြီးရယ် .. မေဇော် မခံစားနိုင်လို့ပါ၊ အဖေနဲ့အမေကို ပြန်ပြုစုချင်ပေမယ့် စိတ်ထဲ နာနေတာနဲ့ မရောက်ဖြစ်ခဲ့ဘူး .. ခုတော့ အဖေနဲ့အမေလို့ ခေါ်ချင်တာတောင် .. အဟင့် ... ဟင့် .. ဟင့် .. ခေါ်လို့ မရတော့ဘူး"

မေဇော် ရှိုက်ငို၏။

ကလေးတွေက ငုတ်တုတ်လေးတွေ ပလုံစီပြီး ထိုင်ကြည့်နေကြ၏။ မေဇော်နှင့် အမေတို့ အလွမ်း သယ်ပြီးကြချိန်မှာ အဖေ ပြန်ရောက်လာ၏။ မေဇော်နှင့် စကားတွေ ဆက်ပြောကြ၏။

ညနေစောင်းတော့ မေဇော်က မေဒေး ကို ပြော၏။





"မေဇော် တူမကို လာခေါ်မယ်၊ မနက်ဖြန်ကစပြီး မေဇော့် ဆီမှာ နေရမယ်၊ ကျောင်းဆက်တက်ရမယ်၊ မေဇော့် ဆီရောက်ရင် တူမဘဝပြောင်းပြီလို့သာ မှတ်လိုက်တော့၊ တူမ မိဘတွေကလည်း သဘောတူလိုက်ပြီ .. သိလား"

မေဒေး ဘာမှပြန်မပြောနိုင်။

အငယ်မောင်နှမတွေရဲ့ မျက်နှာလေးတွေကိုသာ ငေးစိုက်ရီဝေ ကြည့်နေလိုက်မိတော့၏။

ကျောင်းဝင်းထဲကိုရောက်သည်နှင့် သိမ်ငယ်စိတ်က ကြီးစိုးလာ၏။ ဘေးနားမှာ မေဇော် ပါလာ၏။ နှစ်တစ်ဝက်မကျိုးခင်မှာ ကျောင်းပြန်အပ်ပေး၏။ ကျောင်းတက်ဖို့ စာသင်ခန်းထဲကို မဝံ့မရဲခြေလှမ်းတွေနှင့် လှမ်းဝင်လိုက်၏။

အခန်းမှာ ပြန်နေရသော မေဒေး။ ပြိုင်ဘက်တွေက ကိုးတန်းရောက်သွားပြီ။ ခုနစ်တန်းက တက်လာသောသူတွေက ဝိုင်းပြီး စိုက်ကြည့်နေကြ၏။

ရှေ့ဆုံးခုံရဲ့နောက်နားမှာ နေရာရ၏။ ရှေ့ကတော့ ကြေးရည်တက်သားသမီးတွေရဲ့ ဗိုအိုင်ပီနေရာပေါ့။

ကျောင်းကို တစ်ပတ်လောက်တက်လိုက်သည်နှင့် ဘယ်ကျောင်းသူက ဘယ်လို၊ ဘယ်ကျောင်းသားက ဘာဆိုတာ မေဒေး ကွဲကွဲပြားပြား သိလာရတော့၏။

ကျော်နန္ဒ က မေဒေး ကို မျက်လုံးကစားနေ၏။





မေသရဖူ က ဘာမဆို နံပါတ်တစ် ချိတ်ချင်သူ။ စာလည်းတော်၏။

လပတ်စာမေးပွဲမှာ မေဒေး က အဆင့်(၂)။ မေသရဖူခင်က အဆင့်(၁)။ အရင်က အဆင့်(၂) ရခဲ့သူ သန္တာကျော်ဇင်မောင် က သူ့နေရာလုသွားသည့် မေဒေး ကို မကျေနပ်။

"နောက်မှရောက်လာတဲ့ ရွှေကြာပင်ကများ၊ လာမယ့်လပတ်ကျရင် တွေ့မယ် .. ဟွန့် .."

ဒုတိယလပတ်မှာ မေဒေး က နံပါတ်တစ် ပြစ်သွား၏။ မေသရဖူ က နံပါတ်နှစ် ချိတ်၏။ သန္တာက နံပါတ်သုံး ဖြစ်သွား၏။ မေသရဖူ ကပါ မေဒေး ကို မကျေနပ်တော့။ မေသရဖူနှင့် သန္တာ တို့ ပူးပေါင်းပြီး မေဒေး ကို ရွဲ့စောင်းတော့၏။

"ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံပဲရှိတော့မပေါ့"

"အေးလေ .. ပျော့ပျော့လေးနဲ့နံတဲ့ ကြောင်ချီးမကများတို့ကို လာကျောချင်သေးတယ်၊ ရှေ့လပတ်ကျရင် တွေ့မယ်"

မေဒေး က သူတို့လို ကျူရှင်ဝိုင်းကောင်းကောင်းတွေလည်း မတက်နိုင်ပါ။ ဦးလေးဖြစ်သူ မေဇော် ရဲ့ အလှပြင်ဆိုင်မှာ အားတဲ့အချိန် ဝင်ကူရသေး၏။ တစ်နေ့စာကို တစ်နေ့မှန်မှန်လုပ်ရာ၌ အချိန်လုပြီး လုပ်ရ၏။

တစ်ခါတလေ ဦးလေးက သူ့ရဲ့လက်ခွဲအလုပ်ဖြစ်သော

နတ်ပွဲတွေ လိုက်ကနေလျှင် ကျောင်းတက်ရက်ကို ဖျက်ရသေး၏။ ကျောင်းပျက်ရက်က စာတွေကိုလိုက်ကူးပြီး ဆရာ၊ ဆရာမတွေထံမှာ မသိနားမလည်တာ သွားမေးရသေး၏။

အသပြာဆရာတွေရှိသလို စေတနာဆရာတွေလည်း ရှိကြပါသေး၏။

ကျော်နန္ဒက မေဒေး ကို အပေါ်စီးကနေ စိတ်ဝင်စားခြင်းမျိုး ဖြစ်၏။

“မေဒေး .. ဂိုက်စာအုပ်အပိုတွေ ငါ့မှာရှိတယ်၊ နင် ယူမလား၊ ယူမယ်ဆိုရင် ငါ့ကို အာဘွားပေးရမယ်”

“ဘာလို့ပေးရမှာလဲ၊ နင်နော် .. ဒီအသက်အရွယ်နဲ့ အတတ်ကောင်းတွေ တတ်နေတယ်၊ ငါ့ကို အပေါ်စီးများ မှတ်နေလား”

“နင်ကလဲ ကြီးကျယ်လိုက်တာ၊ အဆံမရှိ၊ အသားကြီးနေလိုက်တာ၊ ငါ့လိုသူဌေးသားရဲ့ပါးကို အာဘွားလုပ်ပေးရတာ နင့်အတွက် ဂုဏ်တက်ပါတယ်ဟ”

“ထွီ .. သွားစမ်းပါ၊ ရွံရှာလွန်းလို့ ..”

“အောင်မာ ... နင်လို ဆင်းရဲသမကများ၊ အခြောက်မ ဦးလေးဆီမှာ ကပ်နေရတဲ့ကောင်မက ပြောင်းပြန်လုပ်နေသေးတယ်၊ ကောက်ညှင်းကမစီးရဘဲ ဆန်ကြမ်းက လာစီးနေသေး





တယ်၊ ထွီ .. ငါကလည်း နင့်ကိုသနတယ်”

“သေချင်းဆိုး .. နင့်လိုကောင်မျိုးကို မစင်တုံးလို့ပဲ ငါထင်တယ်၊ ကိုယ့်ထမင်း ကိုယ်စားနေတာ လာမစော်ကားနဲ့၊ နောက်တစ်ခါဆို ပါးကွဲအောင် ရိုက်ပစ်မယ်၊ လူ့တိရစ္ဆာန်ကောင် ..”

မေဒေး ပြန်ရန်စွာလိုက်၍ ကျော်နန္ဒ ပြန်ခွာသွား၏။ သန္တာ နှင့် သရဖူ တို့ကိုလည်း မေဒေး ငုံ့ခံသည့်အတိုင်းအတာ လွန်လာလျှင် ပြန်ပက်ပစ်လိုက်၏။

“ကိုယ်ညံ့တာ ဝန်မခံဘဲ သူများကို မနာလိုလိုက်ဖြစ်နေတယ်၊ တော်တော်အကုသိုလ်များတဲ့ မိန်းမတွေပဲ”

ဒီတစ်ခါ လပတ်လည်း မေဒေး သာ အဆင့်တစ် ရပြန်၏။ သရဖူ နှင့် သန္တာ တို့ရဲ့အမုန်းတွေ တဟုန်းဟုန်း တောက်လောင်ကုန်၏။

ရှစ်တန်းဖြေပြီး၍ အောင်စာရင်းထွက်လာသောအခါမှာ မေဒေး က ပထမ ရသွား၏။ နောက်နှစ်ကိုးတန်းမှာလည်း အခန်းမှာ အတူနေရပြန်၏။

အဆင့်တစ် နေရာကို သရဖူ နှင့် တစ်လှည့်စီ လုယူခဲ့ရ၏။ ကိုးတန်းဆရာမက ငွေပေးနိုင်သော သရဖူ့ကို ဦးစားပေး၏။ အမှတ်တူနေရင်တောင် သရဖူ့ကို ရာကြံ အမှတ်ပေးပြီး အဆင့်တစ် ကြေညာ၏။

သရဖူ တို့ အနိုင်ရလျှင် မာန်ထောင်ဝင့်ကြွား ဟားတိုက်လှောင်ပြောင်၏။ မေဒေး အနိုင်ရလျှင် ငြိမ်ငြိမ်သက်သက် ဘာသိဘာသာပင် နေပြလိုက်၏။

သူငယ်ချင်းဆိုတာကလည်း မျက်နှာကြီးရာ ဟင်းဖတ်ပါပြီး ပေါင်းကြသည်လေ။

ပြိုင်ဆိုင်မှုတွေက တစ်ဖက်၊ ကျော်နန္ဒ ရဲ့ ယောကျ်ားတန်မဲ့ စောင်းချိတ်မှုတွေကတစ်ဖက်နှင့် မေဒေး စိတ်ညစ်ခဲ့ရသော်လည်း အားတင်းပြီး နှစ်ကုန်အောင် နေခဲ့၏။ ကိုးတန်း အောင်စာရင်း ထွက်သောအခါ မေဒေး သာ ပထမစွဲပြန်၏။

သည်းခံစိတ်နှင့် ကျိုက်ကြိုးစားခြင်းရဲ့ ရလဒ်ကောင်း ဖြစ်သည်။

♡♡♡





ပထမဆုတွေနှင့်ချည်း အောင်ခဲ့သော မေဒေး ကို ဦးလေး မေဇော် က အရမ်းကို ဂုဏ်ယူဝမ်းမြောက်နေခဲ့၏။

မေဒေး အနေနှင့် အလှပြင်သည့်ပညာကလည်း အတော်အတန် တတ်မြောက်နေလေပြီ။ ကျောင်းပိတ်ရက်မှာ ဦးဇော် ခေါ်သွား၍ နတ်ကန္တားပွဲမှာ ပြင်ဆင် ထောက်ကူပေးရတာတွေလည်း တတ်နေလေပြီ။

ဦးလေး မေဇော် က နတ်ကတော်ဇာတ်သွင်းသော်လည်း မေဒေး က မဝင်။ အတန်တန်ငြင်းပယ်၍ ဦးလေးလည်း လက်လျှော့ထားလိုက်တော့၏။

ဆယ်တန်းကျောင်းသူအဖြစ် ကျောင်းတက်ပြီး တစ်ပတ်ပြည့်မြောက်သည့်နေ့မှာ အသင်းတာဝန်ကျ၍ ကျောင်းကို မေဒေး စောစီးစွာရောက်လာ၏။

ကျောင်းစာသင်ခန်းထဲမှာ ကျောင်းသားတစ်ယောက် ရောက်နေ၏။ ပြတင်းပေါက်ကနေ စိန်ပန်းပင်ကြီးကို ငေးစိုက်ကြည့်နေသည်။ ကျောင်းသားသစ် ဖြစ်ဟန်တူ၏။

လူပုံက ချောချော။ အနန်းနှစ်ပင်ပုဆိုး၊ ရှပ်အင်္ကျီလက်တိုနှင့် သူ့ပုံစံက လူရည်သန့်ပုံစံ။

မေဒေး ဝင်လာ၍ တစ်ချက်သာ လှည့်ကြည့်၏။ မေဒေး လည်း စာသင်ခုံမှာ ကျောပိုးအိတ်ထားပြီး အသင်းဖော်တွေကို စောင့်ကြည့်၏။ ရောက်မလာကြသေး။

"ဒီမှာ .. ဟေ့ .. ဟိတ် ..."

မေဒေး က ကျောင်းသားသစ်ကို စတင်ခေါ်လိုက်၏။ ကျောင်းသားသစ်က လှည့်၍ပင် မကြည့်။

"ဟဲ့ .. ခေါ်နေတာ မကြားဘူးလား"

ဘေးနားကပ်သွားပြီး ဘေးတိုက်ကြည့်ကာ ပိတ်ပြော လိုက်၏။ ကျောင်းသားသစ်က ငဲ့စောင်းကြည့်ပြီး ...

"ဘာလဲ .."

အပေါက်ဆိုးသူပါလား ..။ မေဒေး က ...

"ဘုရားစင်ပေါ်က ဘုရားပန်းအိုး ချပေးပါလား၊ ငါနဲ့ မမီလို့"

ကျောင်းသားသစ်က ဘုရားစင်ကို မော့ကြည့်ပြီး ...





"ဘုရားအတွက်မို့ လုပ်ပေးတာ၊ နင်ခိုင်းတာဆို လုပ်မပေး ချင်ဘူး"

ကျောင်းသားသစ်က စတိတ်ပေါ်တက်ပြီး ဘုရားပန်းအိုး ချပေး၏။

မေဒေး က နှာခေါင်းရှုံ့ရင်း ...

"နင်က ဘယ်အခန်းကလဲ"

"ဘာလုပ်မလို့လဲ .. မစပ်စုနဲ့"

"အောင်မာ .. ကြီးကျယ်လို့၊ မသိလို့မေးတာပေါ့ဟဲ့"

"ဟုတ်တယ် .. ငါ ဒီအခန်းကပဲ"

"တစ်ခါမှလည်း မမြင်ဖူးဘူး"

"ဒီနေ့မှ စတက်တာ၊ နင့်နာမည်က ဘယ်လိုခေါ်လဲ"

"မေဒေး .."

"အလုပ်သမားနေ့ပေါ့"

"ဟုတ်တယ် .. ဘာဖြစ်လဲ"

ကျောင်းသားသစ်က လှစ်ခနဲ ပြုံး၏။ မေဒေး က မျက် စောင်းထိုးပြီး လှည့်ထွက်လိုက်စဉ် ...

"ငါ့ကိုလည်း နောက်ဆို ဟေ့ ဟိတ်တွေ မခေါ်နဲ့၊ လူလို သူလို နာမည်တပ်ခေါ် .. ငါ့နာမည် ရဲရင့်သူရ"

ထိုစဉ်မှာပင် ပြတင်းပေါက်က အကောင်ကြီးတစ်ကောင်

တောင်ပံတဖျပ်ဖျပ်ခတ်ပြီး ပျံဝဲဝင်လာ၏။

"ဘုရား .. ဘုရား .."

"ဟာ .. ဒီး .. ဒီးကွက် .."

အခန်းထဲမှာ တောင်ပံ ပျံအောင်မခတ်နိုင်ဘဲ လျှောက်ပြေးနေသည့် ဒီးကွက်တစ်ကောင်။

"ဘာကောင်ကြီးလဲ .. လန့်သွားတာပဲ"

"နင်မေးတိုင်း ငါ ဖြေရမှာလား"

"အမလေး .. ကြီးကျယ်ပါ့"

"ငအမလေး .. မှတ်ထား၊ အဲဒါ ဒီးကွက်လို့ခေါ်တယ်"

"ဟုတ်လား၊ အထီးလား အမလား ကိုလေကျယ်ကြီးရဲ့"

"ငတုံးမလေးရဲ့၊ အထီးကောင်ပေါက်လေးဟဲ့ .. ရှင်းပြီလား"

"ရှင်းပါပြီ .. ကိုညဏ်ကျယ် အခေါင်းပွင့်ကြီးရယ်"

မေဒေး တို့ ပြောဆိုနေကြဆဲမှာ အခန်းထဲကို ကျော်နန္ဒ တို့အဖွဲ့ ရောက်လာကြကုန်၏။ ကျော်နန္ဒ က ကျောင်းသားသစ်ကိုမြင်၍ ဟန့်သွား၏။

ကျန်ထဲ့ကောင်တွေက ...

"ဟာ!... ဟိုမှာ ဒီးကွက် .. ဒီးကွက် .."

"အေး .. ဟုတ်တယ်၊ ဖမ်းလေကွာ .. မိရင် ကြော်စားလို့





ရတယ်၊ လိုက်ဖမ်းကြ"

ကျော်နန္ဒ က ဒီးကွက်ကိုကြည့်ပြီး မျက်နှာ ဝင်းလက်သွား၏။

"ဟေ့ကောင်တွေ .. ဟိုဘက်ကပိတ်ထား၊ ဒီဘက်က ငါလိုက်ဖမ်းမယ် .. မလွတ်စေနဲ့"

ကျော်နန္ဒ တို့ လေးယောက်အဖွဲ့လက်မှာ ဒီးကွက်လေး ဖမ်းမိသွား၏။ ကြောက်လန့်တကြားဖြစ်နေရှာသော ဒီးကွက်ကို ကြည့်ကာ ရဲရင့်သူရ က ...

"ပြန်လွှတ်ပေးလိုက်ပါ .. သနားစရာလေးပါ၊ အပျံသင်စပဲရှိသေးတယ်"

ကျော်နန္ဒက ပိုက်ဆံရှိသားသမီး ဂုဏ်မာန်တက်နေသူပီပီ...

"မင်းနဲ့ ဘာဆိုင်လို့လဲ .. မင်းဘယ်ကလဲ၊ ငါတို့အခန်းထဲ ဘာလာလုပ်တာလဲ"

"ငါ့နာမည် ရဲရင့်သူရ၊ ဒီအခန်းကို ဒီနေ့ပဲရောက်လာတဲ့ ကျောင်းသားသစ်၊ ငါနဲ့မဆိုင်ပေမယ့် မတရားလုပ်တာကို ငါက လက်ပိုက်ကြည့်မနေတတ်ဘူး"

ကျော်နန္ဒ က သူနဲ့တွဲဖက် အောင်ဝင်းနိုင်၊ ဇော်သူရိန်၊ မင်းမင်းထွန်း တို့ဘက် လှည့်ပြီး ...

"လူစွမ်းကောင်းကြီးနဲ့တွေ့နေပြီ၊ ဟော့ကောင်တွေ .. ဒီကောင်ပြောတဲ့အတိုင်း လွှတ်ပေးလိုက်ရမလား"

"ဘာလို့လွှတ်ပေးရမှာလဲ၊ ငါတို့ဘာသာ အမိဖမ်းထားတာကို .."

"ကြော်စားမှာကွ .. မလွှတ်နိုင်ဘူး"

"ခုမှရောက်လာတဲ့ကောင်က ဆရာကြီး လာလုပ်နေသေးတယ်၊ ဒီကောင် ငါတို့အကြောင်းကို မသိသေးဘူးနဲ့တူတယ်၊ မလွှတ်တော့ မင်းက ဘာလုပ်ချင်သေးလဲ"

အောင်ဝင်းနိုင် က အရပ်အမောင်းအားကိုးပြီး ရှေ့တိုးလာ၏။ ကျော်နန္ဒ က အောင်ဝင်းနိုင် ရင်ဘတ်ကို လက်နှင့်ဖမ်းတားလိုက်ပြီး ...

"ဆရာ့ကို ကျော်မလုပ်နဲ့လေ၊ ဒါ ငါ့ပွဲ၊ ဒီအငံ့လေးကို ကြောင်က ကြွက်ကို ကစားသလို ကစားလိုက်ဦးမယ်၊ ဟော့ကောင် .. နာမည်နဲ့လူနဲ့ မတန်တဲ့ကောင်၊ လူကြည့်တော့ ဖြူနွဲ့နွဲ့နဲ့ အခြောက်ကြီးထင်တယ်၊ ဟား .. ဟား .. ဟား ... မလွှတ်ဘူးကွာ၊ ဒီမှာ ဓါးကွက် .. မင်းရှေ့မှာတင် သတ်ပြမယ် ကြည့်နေ .."

ကျော်နန္ဒ က ဓါးကွက်ကို လည်လိမ်ချိုးသတ်ဖို့ ပြင်လိုက်စဉ် ရဲရင့်သူရ က လျှပ်တပြက် လှုပ်ရှားလိုက်၏။





"ဖတ် ... ဖောင်း .. ဖြောင်း ..."

"အား!..."

ကျော်နန္ဒ က လက်ထဲကဓါးကွက် လွတ်ကျသွား၏။ ကျော်နန္ဒ နှာခေါင်းက သွေးတွေလျှံကျလာ၏။ သွက်လက်မြန်ဆန်လွန်းသော တိုက်ကွက်။

"ခွေးမသား .. ငါ့ကိုသွေးစွန်းအောင် လုပ်တယ်၊ ဟော့ကောင်တွေ .. ဝိုင်းချ .. သေအောင်ချ၊ ဖြစ်လာသမျှ ငါရှင်းမယ်"

အောင်ဝင်းနိုင် က လှမ်းထိုး၊ ဇော်သူရိန် က လှမ်းကန်၊ မင်းမင်းထွန်း က ဒူးနဲ့ပစ်တိုက်သမျှကို ရဲရင့် က ကျင်လည်စွာ တိမ်းရှောင်လိုက်ပြီး တံတောင်၊ လက်သီး၊ လက်ဝါးစောင်းတွေနှင့် တန်ပြန် တိုက်ခိုက်သွား၏။

"အား .. အု .. အား ..."

သုံးကောင်စလုံး နာကျင် ညည်းတွားကုန်၏။ ကျော်နန္ဒ က အငိုက်မှာ ခုန်အုပ်ဝင်လုံး၏။ ကျော်နန္ဒ နှင့် ရဲရင့် တို့ လုံးထွေးနေစဉ် ကျန်တဲ့ကောင်တွေပါ အပေါင်းခုန်အုပ် သတ်ပုတ်ကုန်၏။

ရန်ပွဲကို သေချာမကြုံဖူးသော မေဒေး ခမျာ ရုတ်တရက် လန့်ပြီး အသံမထွက်။ နောက်မှ အခန်းထဲကပြေးထွက်ပြီး အော်ဟစ်မိ၏။

"လာကြပါဦး .. ကယ်ကြပါဦး၊ ဒီမှာ ရန်ဖြစ်နေလို့ .. လာကြပါ .. ကယ်ကြပါ"

တာဝန်ကျဆရာနှင့် ဘေးအခန်းကကျောင်းသားတွေ ပြေးလာကြပြီး လုံးထွေးသတ်ပုတ်နေကြသူတွေကို အတင်းဆွဲလွဲပြီး ဖျန်ဖြေလိုက်ကြ၏။

မေဒေး နှင့် ကျောင်းသူတွေက အခန်းအပေါက်ဝက ကြည့်ပြီး အံ့သြတုန်လှုပ်နေကြ၏။ ရဲရင့်သူရ ရဲ့ မျက်နှာနှင့် လည်ပင်းမှာ အညိုအမည်းတွေ စွဲနေ၏။ ပါးစပ်က သွေးတွေ စီးကျနေသော်လည်း အံတင်းတင်းစေ့ကြိတ်ထား၏။

ဓိးကွက်ကလေးက လန့်ပျံပြေးရင်း မေဒေး အနားကို ရောက်လာ၏။ မေဒေး လည်း အရဲစွန့် ဖမ်းပြီး ပြတင်းပေါက်ကနေ ပြန်လွှတ်ပေးလိုက်၏။

ဓိးကွက်ကလေး အဝေးက မန်ကျည်းပင်ကြီးဆီ ပျံဝဲလွှတ်မြောက်သွား၏။

"ဒီကောင် အရင်စထိုးတာ ဆရာ"

"ဟုတ်တယ်၊ ဒီကောင်လုပ်လို့ ချကုန်ကြတာ .."

အညိုအမည်း အဖုအပိန့်တွေနှင့် ကျော်နန္ဒ တို့က အုပ်စုလိုက် စွပ်စွဲနေကြ၏။ ရဲရင့် ကဘာမှမပြော။ တာဝန်ကျဆရာက ကြိမ်လုံးနှင့်ရိုက်မည်ပြင်သောအခါ မေဒေး က ...





"သူတို့ မဟုတ်တာလုပ်လို့ သူက ထိုးရတာပါ ဆရာ၊ ကျွန်မ မျက်မြင်သက်သေပါ၊ သူတို့ရန်ဖြစ်တာ ကျွန်မရှေ့တင်ပါ၊ အမှန်တော့ တရားလွန်တဲ့ တရားခံတွေက ကျော်နန္ဒ တို့ လေးယောက်ပါ"

"ဟော!..."

"မေဒေး .. နင်နဲ့ ငါနဲ့ မတည့်တာနဲ့ နင် ငါတို့ကို တမင်သက်သက် ချောက်မတွန်းနဲ့၊ ချွန်တွန်း မလုပ်နဲ့၊ စိတ်ပုပ်မ.."

"ဘာမှစိတ်မပုပ်ဘူး၊ မှန်တာပြောတာ .."

"ကဲ .. ကဲ ... ရုံးခန်းကိုသာ လိုက်ခဲ့ကြတော့၊ ကျောင်းအုပ်ဆရာကြီးရှေ့ကျမှ ဆက်ရှင်းမယ်"

အားလုံး ရုံးခန်းရောက်ကုန်ကြ၏။ ကျောင်းအုပ်ဆရာကြီး မရောက်မချင်း ထိုင်စောင့်နေကြရ၏။ ရဲရင့် ကတော့ စိတ်ခံစားမှု ကင်းမဲ့သည့်မျက်နှာနှင့်။

ကျော်နန္ဒ တို့က ရဲရင့် ကိုတစ်လှည့်၊ မေဒေး ကိုတစ်လှည့် အခဲမကျေသလို ရန်စောင်ကြည့်နေ၏။

ကျောင်းအုပ်ကြီး ကျောင်းတက်ချိန်မှာ ရောက်လာ၏။ ဆရာက ပြဿနာကို တင်ပြလိုက်၏။ ဆရာကြီးက ကြားနာစစ်ဆေး၏။

"ဓိးကွက်ကို ကျော်နန္ဒ သတ်တော့မှာကို ရဲရင့် က လှမ်း

တားလိုက်တာပါ၊ အဲဒီမှာတင် ကျော်နန္ဒ က ခေါင်းနဲ့ပိတ်တိုက်တယ်၊ ရဲရင့် က ရှောင်ပြီး ပြန်ထိုးတာ ဆရာကြီး"

ကျော်နန္ဒ တို့ဘက်ကလည်း မုသားမျိုးစုံဖြင့် ပြန်လည်ချေပ လျှောက်လဲကြ၏။ နောက်ဆုံးမှာ ဆရာကြီးက ..

"ကျောင်းသားချင်း ရန်မဖြစ်ရဘူး၊ နောက်တစ်ခါ ရန်ဖြစ်ရင် ကျောင်းထုတ်ပစ်မယ်၊ မောင်ရဲရင့်သူရ .. မင်း ရောက်လာကတည်းက ပြဿနာက စ,နေပါလား၊ မင်းပြောတော့ ဆင်ခြင်မယ်ဆို .. ဘယ်လိုလဲကွ"

ရဲရင့်သူရ ငြိမ်ပြီး အကြည့်ကို စိုက်ချထား၏။ ဆရာကြီးက ...

"မင်းလုပ်ရပ်မှန်နေလို့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ ကျောင်းသားချင်း အနာတရဖြစ်အောင် ထိုးကြိတ်ကြတဲ့အတွက် ကြိမ်ဒဏ်ငါးချက်တော့ ပေးရမယ်"

ဆရာကြီးကိုယ်တိုင် ထားဝယ်ကြိမ်ဖြင့် ရဲရင့်သူရ ကို အားကုန်လွှဲရိုက်၏။

အံကြိတ်ပြီး ခံ၏။ တစ်ချက်ကလေး တွန့်မသွား။

ကျော်နန္ဒ တို့ကိုလည်း ငါးချက်ရိုက်၏။

အခြောက်တွေပမာ ကော့ကန်ကားပြီး တွန့်လိမ် ရှုံ့မဲ့ကုန်၏။





မေဒေး ကတော့ အရိုက်မခံရ။

အဲဒီနေ့ကစပြီး ရဲရင့် နဲ့ နားလည်မှုရပြီး သူငယ်ချင်းတွေ ဖြစ်ခဲ့ကြ၏။

ကျော်နန္ဒ တို့အဖွဲ့နှင့် အတင်းပြောချန်ပီယံ၊ စာပြိုင်ဘက် သရဖူ နှင့် သဇ္ဇာ တို့ရဲ့အမုန်းတွေ တဝုန်းဝုန်း ရိုက်ခတ်တာ ခံရတော့၏။

ရိုက်ခတ်ပါစေ .. မေဒေး က ကျောက်ဆောင်လေ။

မဟာပထဝီမြေထုကို ကျောပြုထားတဲ့ ကျောက်ဆောင်မျိုးပေါ့။

"မေဒေး .. နင် ဘာအချိုးချိုးတာလဲ၊ နောက်မှရောက်လာတဲ့ကောင်ကို မိန်းကလေးတန်မဲ့ စွတ်ကြွေပြီး ငါတို့ကို ညစ်ပေအောင် လုပ်သွားတာ လုံးဝ မကျေနပ်ဘူး"

ကျောင်းလာရာလမ်းမှာ ကျော်နန္ဒ တို့အဖွဲ့ ကားနှင့်ရောက်လာ၏။ မေဒေး ရဲ့ရှေ့ကပိတ်ရပ်ကာ ကားပေါ်က ခုန်ဆင်းကာ ဒေါသနှင့် တရစပ်ပြောလာခြင်း ဖြစ်၏။

အောင်ဝင်းနိုင်၊ မင်းမင်းထွန်း နှင့် ဇော်သူရိန် တို့ကလည်း အခဲမကျေသည့်မျက်နှာတွေနှင့် ...

"နင် မတရားလုပ်တာပဲ၊ မကျေနပ်တော့ နင်က ငါ့ကို ဘာလုပ်ချင်လို့လဲ"

မေဒေး လည်း မထူးတော့ပြီမို့ သတ္တိမွေးပြီး အရဲစွန့်မိုက်ကာ မေးပစ်လိုက်၏။

ကျော်နန္ဒ က ...





"ဩော် .. ဟော် ... နင့်ကိုငါလုပ်ချင်တာက ပါးမရိုက်ဘူး၊ ဖက်နမ်းပစ်မယ်"

ကျော်နန္ဒ က ပြောလည်း ပြော၊ လုပ်လည်း လုပ်လာ၏။ မေဒေး က လက်နှင့် အတင်း ကာကွယ်ထားရ၏။ ကျော်နန္ဒ ကလည်း အတင်းလိုက်ဖက်ပြီး ပွဲကြမ်း၏။

ခဏအတွင်းမှာ ...

"အား!..."

ကျော်နန္ဒ ကျောကော့တွန့်လိမ်ပြီး ညည်းတွားနေ၏။ အောင်ဝင်းနိုင် တို့ ပြူးပြာကုန်၏။ မေဒေး လည်း အံ့သြသွား၏။

ကျော်နန္ဒ ဘာဖြစ်သွားတာလဲ ..။

မင်းမင်းထွန်း ရဲ့ အလန့်တကြားအော်လိုက်သံကို ကြားရ၏။

"ဟိုမှာ .. ဟိုကောင် .."

"ဟင် .. ဒီကောင့်လက်ချက်ကိုး၊ လက်ထဲမှာ သီပွဲလေးခွနဲ့ကွ၊ အဲဒါနဲ့ပစ်လိုက်လို့ ကျော်နန္ဒ ထွန့်ထွန့်လူးပြီး နာသွားတာ"

အောင်ဝင်းနိုင် ပြောလို့မှမဆုံးခင် ဇော်သူရိန် က ...

"မင်းတို့ သွားချကြလေကွာ၊ ကိုယ့်လူ ထိနေပြီ၊ တို့အာစရိ ထိသွားပြီ၊ ချကြ .."

ဆိုင်ကယ်ပေါ်ထိုင်ပြီး သိပ္ပံလေးခွကို လက်ထဲ ထည့်ဆော့နေသူ ရဲရင့်သူရ။ ဆိုင်ကယ်ပေါ်က အေးအေးဆေးဆေး ဆင်းလာ၏။

အောင်ဝင်းနိုင် တို့ ပြေးဝင်လာတော့ ရဲရင့်သူရ လက်က လျှပ်လက်သလို လှုပ်ရှားသွား၏။

"အောင်မင်း ... သေပါပြီဟ"

အောင်ဝင်းနိုင် ရဲ့ ခြေသလုံးပုလွေရိုးကို သိပ္ပံလေးခွရဲ့ ဖန်ဂေါ်လီလုံးထိမှန်ပြီး မြေပေါ်ပစ်လဲကာ ခုတ်လိုက်ခံရသလို ထွန့်ထွန့်တုန်နေတော့၏။

ကျန်နှစ်ကောင် မကပ်ရဲတော့။ နောက်ကို ရှို့ပြီး ဆုတ်ကုန်ကြ၏။

"ဟေ့ကောင်တွေ .. မကျေနပ်ရင် ကျောင်းအုပ်ကြီးဆီ တိုင်လို့ရတယ်၊ အတူတူကျောင်းထွက်ကြတာပေါ့ကွာ၊ မေဒေး .. လာ .. ဒီနေရာက မသန့်ဘူး၊ ကျောင်းရောက်အောင် ကိုယ့်ဆိုင်ကယ်နဲ့ သွားကြမယ်"

ရဲရင့်သူရ က ကြောင်တွေအင်းအမ်းလေး ရပ်ကြည့်နေသော မေဒေး ရဲ့လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ပြီး ဆိုင်ကယ်ဆီ ဆွဲခေါ်လာ၏။ ကျော်နန္ဒ နှင့် အောင်ဝင်းနိုင် တို့ နာလွန်းလို့ ထိမှန်တဲ့နေရာကို ပွတ်သပ်နေဆဲ။





ကျန်နှစ်ကောင်လည်း နားရွက်ငင် မလှုပ်ရဲ။

မေဒေး ကို ဆိုင်ကယ်ပေါ် ဘေးတိုက်တက်ခိုင်းပြီး တစ်ရှိန်ထိုး မောင်းထွက်လာလိုက်၏။ ဘယ်သူကမှ အော်ဟစ်မတားရဲ။ ရဲရင့်သူရ က ဆိုင်ကယ်စီးလည်း ကျွမ်း၏။ တိုက်ခိုက်တဲ့ ပညာလည်း ကျွမ်း၏။

မိန်းကလေးတစ်ယောက်ကို သူ့ဘက်ပါအောင် ဆွဲဆောင်သည့်နေရာမှာလည်း ကျွမ်းကျင်ပုံ ရ၏။

မနေ့ကမှ သိကြတယ် .. ပြဿနာတွေနဲ့။ ဒီနေ့ ရဲရင့် ဆိုင်ကယ်ပေါ် မေဒေး ရောက်နေပြီလေ။

ကျောင်းဝင်းထဲထိ မောင်းဝင်ပြီး ဆင်ဝင်မှာ ဆိုင်ကယ်ထိုးရပ်လိုက်သည်နှင့် ကျောင်းတက်လာကြသည့် ကျောင်းသူ ကျောင်းသား၊ ဆရာ၊ ဆရာမများရဲ့မျက်လုံးတွေက ရဲရင့် နှင့် မေဒေး တို့ခန္ဓာကိုယ်ပေါ်မှာ အကြားမလပ် စူးနစ် စိုက်ဝင်ကုန်ကြလေသည်။

"ဘာအထာတွေလဲဟ .. အာရုံမှာ ခရော့စ်ဖြစ်ကုန်ပြီ၊ ရွှေပြည့်ငွေလျှံတဲ့လူမှန်ရင် အပိုင်ချည်တဲ့ အပိုင်ကြံမနဲ့ တူပါတယ်"

"ဟုတ်ပါ့ဟယ် .. စပိုင်မ လို့တောင် နာမည်ပေးသင့်တယ်၊ အဟင်း .. ဟင်း .. ဟင်း ..."

သရဖူ နှင့် သန္တာ တို့ စောင်းချိတ်ပြောနေကြတာကို မကြားချင်ယောင် ဆောင်နေလိုက်၏။ ရဲရင့် ကလည်း သူ့နေရာမှာ ခပ်တည်တည်ပင် ထိုင်နေ၏။

ကျော်နန္ဒ တို့ ကျောင်းလာတက်သော်လည်း ရဲရင့် ကို အခဲမကျေကြ၊ တိုင်လည်း မတိုင်ရဲကြ။

သင်္ချာချိန်မှာ ဆရာမက ပုစ္ဆာ တွက်ခိုင်း၏။ ပြီးလို့အဖြေ တွက်သော မေသရဖူ နှင့် သန္တာ တို့ ပြီး၍ သွားပြကြ၏။

ရဲရင့် နှင့် မေဒေး တို့ နောက်မှသွားပြကြ၏။ ဆရာမက စစ်ဆေးပေးရင်း ...





"သရဖူ နဲ့ သန္တာ တို့ သိပ်လျှမ်းတာပဲ၊ ဒီမှာ လိုသွားတယ်လေ .. ဒါလေးတောင် မှားရသလား"

မေဒေး နှင့် ရဲရင့် တို့ ပုစ္ဆာတွက်ချက်မှုက မှန်ကန်နေ၏။ ကျောင်းအားချိန်မှာ သရဖူ နှင့် သန္တာ တို့ ပိုမိုစောင်းချိတ်လာကြ၏။ မေဒေး ရဲ့ဘေးနားက အတန်းဖော်မလေးတွေပင် မခံချင်။

"ပြန်ပြောပါလား မေဒေး ရဲ့ .."

"ပြဿနာမဖြစ်ချင်ပါဘူး၊ ဟိုစကားပုံကို လက်ကိုင်ထားလိုက်တယ်၊ ရိုင်းတော့ ရိုင်းတယ် .. ခွေးဟောင်လို့ တောင်မရွေ့ဘူးဆိုတာလေ"

အဲဒီစကားကို ဘေးတစ်ယောက်ကျော်က အတို့အထောင်ခင်မာလာနွယ် ကြားသွားပြီး သရဖူ တို့ကို သွားတို့၏။

"ဟဲ့ .. နင်တို့ကို ခွေးနဲ့နှိုင်းနေတယ်"

"မိုက်ရိုင်းလိုက်တာ၊ ဟဲ့ .. မေဒေး၊ နင်က ငါတို့ကို ခွေးနဲ့နှိုင်းတယ် ဟုတ်လား၊ နင့်အဆင့် ဘာလဲဆိုတာရော သတိထားမိရဲ့လား"

သရဖူ က လှမ်းရန်တွေ့၏။ သန္တာ က ...

"အစုတ်အပြတ်မ,ကများ .. ငါတို့ကို ခွေးနဲ့နှိုင်းရသေးတယ်၊ နင်သာ ခွေးလေခွေးလွင့်"

မေဒေး ဝုန်းခနဲ ထရပ်ပြီး ...

"နင်တို့ စော်ကားလှချည်လား၊ အဖယုတ်တော့ ရုပ်ကြမ်းတယ်၊ အမိယုတ်တော့ နှုတ်ကြမ်းတယ်တဲ့၊ နင်တို့မိဘတွေက ဆုံးမပဲ့ပြင်မှု မရှိဘူးလား၊ ခင်မာလာနွယ် .. နင် အချုန်နဲ့ လိုက်ဖွလိုက်တာပဲ၊ ငါက အေးသက်မာ ကို ပြောနေတာ၊ ခွေးဟောင်လို့ တောင်မရွှေ့ဘူးဆိုတာပဲ ပြောတာ၊ နင်တို့နာမည် တပ်လို့လား"

"ငါကြားတဲ့အတိုင်း ပြောတာ. ဘာဖြစ်လဲ၊ ဟွန့် .."

"နင်က ငါတို့မိဘတွေကိုပါ စော်ကားတယ်"

"လုပ်ပစ်ဟယ် .."

သရဖူ နှင့် သန္တာ တို့က နှစ်ယောက်နဲ့ တစ်ယောက်ဆိုပြီး အပြင်ထွက်လာကာ မေဒေး ကို ဆံပင်လှမ်းဆွဲကြ၏။ မေဒေးက လက်တွေကို ပုတ်ထုတ်ပစ်ပြီး သရဖူ ရဲ့လက်ကို ဖမ်းချုပ်ကာ ကုန်းကိုက်ပစ်လိုက်၏။

"အား!..."

ပြဿနာတွေ ရှင်းမရအောင် ရှုပ်ထွေးကုန်တော့၏။





"ဘာလို့ ပြဿနာအတက်ခံချင်ရတာလဲ ဒေး ရယ် .. ခုတော့ ကျော်မကောင်း ကြားမကောင်းတွေဖြစ်ကုန်ပြီ၊ ဆရာကြီးက အုပ်ထိန်းသူ ခေါ်ခဲ့ပါဆိုလို့ ကိုယ်တိုင် လိုက်တွေ့ရပြီ၊ အလုပ်တွေ ရှုပ်လိုက်တာ၊ ကိုယ့်ကို မခံနိုင်အောင်ပြောရင် ဆရာ၊ ဆရာမနဲ့ တိုင်ပေါ့"

ကျောင်းအုပ်ကြီးရုံးခန်းမှာ ပြဿနာဖြေရှင်း၊ အရိုက်ခံပြီး ပြန်အလာမှာ ဦးလေး မေဇော် က တတွတ်တွတ် ပြောဆိုဆူပူလာ၏။

"ဒေး ကျောင်းမတက်ချင်တော့ဘူး"

"အမလေး .. ငါ့ရင်ဝကို ခြေထောက်နဲ့ ဆီးကန်တာလား၊ ဒီခေတ်ကြီးမှာ ပညာမတတ်ရင် ဘယ်လောက်ဒုက္ခရောက်သွားမယ်ဆိုတာ မသိဘူးလား၊ မိုက်လိုက်တဲ့ ကလေးမ"

"ပညာတတ် ဘွဲ့ရပြီး အလုပ်မရှိတဲ့လူတွေလည်း ရှိတာပဲ၊ အလုပြင်တဲ့ပညာတတ်ရင် ဖြစ်ပါတယ် ဦးဇော် ရယ် .."

"အဲဒီစကားကို နောက် ဘယ်တော့မှ မပြောနဲ့ .. ဦးဇော် သိပ်စိတ်ဆိုးတယ်၊ နောက်တစ်ခါ ရန်ဖြစ်တာမျိုး လုံးဝ မကြားချင်ဘူး၊ ကိုယ့်ကို မတရားပြောရင် ဆရာမတွေကို သွားတိုင်၊ မရရင် ဦးဇော် ကိုပြော၊ ဦးဇော် ကိုယ်တိုင် ဆုံးမပြမယ်"

ဦးဇော် နှင့် တွဲဖက်သူငယ်ချင်းတွေဖြစ်ကြသော မာမီစော နှင့် မာမီသက် တို့က နူတ်ခမ်းတစ်လန်၊ ပန်းတစ်လန်နှင့် လုပ်ပြနေကြ၏။

မာမီသက် က ...

"မေဇော် တို့ စွာချက်ကတော့ လန့်ထွက်နေတယ်၊ သူ့သူငယ်ကိုလုသွားတဲ့ ကာရာအိုကေက ကောင်မတွေကို ကိုင်ဆောင့်ပစ်တာအေ့ .."

"ဒါတင်ဘယ်ကမလဲ .. နိုက်ကလပ်က စားပွဲထိုးမကိုလည်း ဆံပင်ဆောင့်ဆွဲပြီး ပါးချပစ်တာလေ၊ စွာကျယ်မကြီး၊ မိန်းမလျာပေမယ့် သတ္တိကတော့ ဇတ်ဇတ်ကျဲပဲ"

မာမီစော ကပါ ဝင်ပြောလာခြင်း ဖြစ်၏။

ဦးဇော် က ...

"ရည်းစားလူလု အနူကျွဲခတ်တဲ့၊ ရှင်တို့သူငယ်ကို လုရင်





လည်း ရှင်တို့ အဖြစ်သည်းနေကြတာပဲ မဟုတ်လား၊ လက်သာ မပါတယ်၊ ပါးစပ်နဲ့ဆဲလိုက်တာ မွှန်ထူသွားတာပဲ ..ဟွန့်.."

ဦးဇော် တို့ ကြားထဲမှာနေရတာ ပျော်ဖို့လည်း ကောင်း၏။ အလှအပပစ္စည်းတွေကိုတော့ ရှယ်သုံးစွဲရ၏။ ဦးဇော် တို့ သူငယ်ချင်းတွေက တက်ညီလက်ညီ မိန်းမလျာတွေ။

သူတို့သူငယ်(ကောင်လေး)တွေ ဆိုင်ကိုရောက်လာလျှင် တူမဖြစ်သူ ဒေး ကို အတင်းပင် နောက်ခန်းသွင်းကာ ဖွက်ကြ၏။

"အစစ်ကိုမြင်ရင် အတုကို မခင်မှာစိုးလို့ဆိုတာထက် ကိုယ့်တူမလေးကို ယောကျ်ားပိုင်းလုံးတွေနဲ့ မငြိသွားစေချင်လို့ပဲ"

"ဟုတ်တယ် .. သူငယ်(ကောင်လေး)တွေက ပေါင်းသာပေါင်းနေရတယ်၊ ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး၊ လက်ကြောမတင်း၊ အပျင်းထူ၊ အကောင်းကြိုက်လေးတွေ၊ အဲဒါမို့ ဝင်ငွေကောင်းတဲ့ တို့လိုအခြောက်တွေကို ကပ်နေတာပေါ့"

ဦးဇော် တို့နှင့် နေရတာ သူဌေးသမီးပမာ နေထိုင်ရ၏။ အိမ်ကို သုံးလမှ တစ်ခါလောက်သာ သွားတွေ့ရ၏။

မေဒေး ရရှိသည့် မုန့်ဖိုးတွေစုပြီး မောင်၊ ညီမငယ်တွေကို မုန့်မျိုးစုံ လိုက်ကျွေးဖြစ်ခဲ့ ၏။ သူတို့လေးတွေကလည်း မေဒေး ရောက်လျှင် အရမ်းပျော်ရွှင်နေကြ၏။

အဖေနှင့်အမေကတော့ အရင်အတိုင်းပင်။

"ငါ့သမီးလေး လှတာ အမေ ဝမ်းသာတယ်"

အမေ့အပြောကို အဖေက ရှုံ့မဲ့ရင်း ...

"ကြည့်လုပ် .. အခြောက်တွေနဲ့ပေါင်းပြီး မိတ်ကပ်မာမီ လုပ်လိုက်၊ နတ်ကတော်လုပ်လိုက်နဲ့ ဟင်း .. ငါတော့ ရှေ့တောင် ကြိုမတွေးရဲဘူး"

"သမီးကိုယ်သမီး ထိန်းနိုင်ပါတယ်"

အဖေနှင့်အမေကို နှစ်သိမ့်လိုက်ရ၏။

ကျောင်းမှာ ပြဿနာတက်တာကို ဦးဇော် က မပြောပြသလို မေဒေး ကလည်း နှုတ်လုံထားမိ၏။ ကျောင်းပြန်တက်သည့်နေ့မှာ သရဖူ နှင့် သန္တာ တို့ မစောင်းချိတ်ရဲတော့။

ရေမြွေထင်နေကြတာ အဆိပ်ရှိကြောင်း ထုတ်ပြလိုက်၍ လန့်ရှိန်ကုန်ကြ၏။ နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်၍ ဖြုံသွားကြပြီ။

ရဲရင့်သူရ က ...

"လူပေမယ့် လူမဆန်တဲ့လူတွေက အုပ်စုဖွဲ့မိပြီဆိုရင် အားနည်းတဲ့လူကို ဖိတိုက် နှိမ့်ချချင်ကြတယ်၊ ကိုယ်ကတော့ တစ်ကောင်တည်းပဲ၊ ဒါပေမယ့် ခြင်္သေ့ဆိုတာမျိုးမို့ လာမဖိနိုင်ရဲတော့ဘူး၊ မေဒေး ကိုလည်း သူတို့ လန့်သွားကြပါပြီ"





"သည်းခံနိုင်တဲ့အတိုင်းအတာ ကျော်လွန်လာလို့ပါ၊ ရဲရင့်နဲ့ ဆိုင်ကယ်လိုက်စီးတာ သူတို့နဲ့ ဘာဆိုင်လို့လဲ၊ သူတို့က ရဲရင့် ဂို ကျိတ်ကြိုက်နေလို့ မနာလိုဖြစ်နေပုံနဲ့ တူတယ်"

"ဟော့ .. ဟော့ .. ကိုယ့်ဘက်ကို သတ္တုမချနဲ့လေ၊ ကိုယ်က ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် မဟုတ်ပေမယ့် သူတို့ကျိတ်ကြိုက်တာကိုတော့ .. ဟဲ .. ဟဲ .. ဟဲ ..."

မေဒေး က မျက်စောင်းပိတ်ထိုးပစ်၏။ ကျောင်းဆင်းချိန်တွေမှာ မေဒေး နှင့် ရဲရင့် တို့ အတူတွဲပြီး ကျောင်းပေါ်က ဆင်းဖြစ်ကြ၏။

ကျောင်းအောက်ရောက်မှ လမ်းခွဲဖြစ်ကြ၏။

ရဲရင့်က ဆိုင်ကယ်နှင့်၊ မေဒေး က ခြေလျင်၊ ကားဂိတ်ကို လျှောက်ရ၏။ ကားတစ်မှတ်တိုင်စီးပြီး ဦးဇော် ရဲ့ လူနေဆိုင်ခန်းကို ပြန်ရသည်။

ကျော်နန္ဒ တို့အဖွဲ့က ,အခဲမကျေ။' ရန်စောင်ပြီး လိုက်ကြည့်နေသော်လည်း အရင်ကလို မရဲတင်းကြတော့။ ရဲတင်းရင် ဆွဲဖျင်းခံရမယ်ဆိုတာ သိနေပြီလေ။

ကျောင်းလပတ်စာမေးပွဲတွေမှာ မေဒေး အဆင့်တစ် ပြန်ရ၏။ ရဲရင့် က ကျောင်းရဲ့ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတွေမှာ ပထမချည်း ရ၏။

စကားနည်းပြီး တစ်ယောက်တည ်း အတွေးများနေတတ် သော ရဲရင့် မှာ အပေါင်းအသင်း များများစားစား မရှိ။

ရဲရင့် ဘေးနားက မှန်ကြောင်တစ်ကောင်လောက်နှင့်သာ ရဲရင့် စကားပြော၏။ ကျန်တဲ့ကျောင်းသားတွေနှင့် ကျောင်းသူတွေထဲဆိုလျှင် မေဒေး တစ်ယောက်တည်းကိုသာ စကားပြော၏။

ရဲရင့် က လူချော်လူလှမို့ အတန်းထဲက ကျောင်းသူ တော်တော်များများက စိတ်ဝင်စားကြ၏။ ရဲရင့် နှင့် ခင်မင်ရင်းနှီးလိုကြ၏။

ရဲရင့် က စိမ်းစက်စက်ကြီးဖြင့် မတုံ့ပြန်သောအခါ ရေလာမြောင်းပေး ဆက်ဆံရေးတွေ အငွေ့ပျံ ခန်းခြောက်ကုန်တော့၏။





ရွက်ဆုတ်ပြက္ခဒိန်ကရက်တွေ သစ်ရွက်ခြောက်တွေလို အတော်များများ ကြွေလွင့်ကုန်၏။ မေဒေး တို့ကျောင်းက အခြေအနေတွေကတော့ ပိုနေမြဲ၊ ကျားနေမြဲသာ။

ဆယ်တန်းစာမေးပွဲမို့ စာများ၏။ စာထဲ ခေါင်းနှစ်ပြီး ကျောင်းချိန်၊ အပိုချိန် လူးလာခေါက်တုံ့ တက်နေရ၍ ယားလို့ပင် မကုတ်အားကြတော့။

မေ့ဒေး က ဝိုင်းကောင်း၊ ဆရာကောင်းနှင့် ကုန်ချင်သလောက်ကုန် ဆိုတာမျိုး မတက်နိုင်ပါ။ ရဲရင့် က မေဒေးကို သူတက်သောဝိုင်းဆီ ခေါ်ဆောင်၏။

"ငါတို့ဆရာက ရှားပါးဆရာဟ၊ သိပ်တော်တာ၊ စေတနာဆရာစစ်စစ်၊ ဒီခေတ်ကြီးထဲမှာ သိပ်ရှားတယ်၊ ဒီခေတ်ထဲမှာဝမ်းရေးအခြေအနေ၊ ဝင်ငွေထွက်ငွေအရ အသပြာဆရာတွေဒုနဲ့ဒေးပဲ၊ နင် သချ်ာအားနည်းတယ်၊ တို့ဆရာဆီမှာ လိုက်

တက်၊ ဆရာက သင်္ချာသိပ်တော်တာ၊ သူများရဲ့ လခတစ်ဝက် ဈေးနဲ့ ရအောင် ငါ ပြောပေးမယ်"

"အဲဒါဆို တက်မယ်၊ သရဖူ တို့ သန္တာ တို့ရဲ့ဆရာမက သင်္ချာ သိပ်တော်တာ၊ ကျောင်းက သင်္ချာဆရာမကလည်း ဝတ်ကျေတန်းကျေပဲ သင်တယ်၊ နားမလည်ရင် ထမေးဆိုလို့ ထမေးမိပါတယ်၊ ရှင်းမပြဘဲနဲ့ အဲဒီဆရာမက ဘာပြန်ပြောတယ် မှတ်လဲ"

"သင်္ချာဆရာမ ဒေါ်စမ်းတင်က ဘာပြန်ပြောလဲ"

"ငါရှင်းပြလို့မှ နားမလည်ရင် သိကြားမင်းကိုသာ ဆင်းပြီး ရှင်းပြခိုင်းလိုက်တော့တဲ့၊ အဲလိုပြောပြီး ထွက်သွားတယ်"

"ခေတ်ကိုက ဖြစ်နေတာ .. ထားလိုက်ပါတော့ဟာ"

"ခေတ်ကိုလွှဲချပြီး လူတွေကိုကလည်း လုပ်ချင်တိုင်း လုပ်နေတာပါနော်၊ သူ့ကျူရှင်တက်ဆိုလို့ တက်တယ်၊ ရိုးရိုးအတန်းနဲ့ ရှယ်အတန်းဆိုပြီး နှစ်မျိုးခွဲသင်တယ်၊ ငွေ နှစ်ခါရိတ်တယ်၊ အစိုးရလစာယူပြီး ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိကဆေးရုံလို တောင်းချင်သလို တောင်းနေတာတော့ လွန်လွန်းပါတယ်"

နောက်ဆုံးမှာတော့ ရဲရင့် တို့ဝိုင်းမှာ မေဒေး လိုက်တက်ဖြစ်၏။ ရဲရင့် တို့ဝိုင်းမှာ တခြားကျောင်းကြီးကောင်းကောင်းမှာ တက်နေသော ကျောင်းသူနှစ်ယောက်နှင့် ကျောင်းသားတစ်





ယောက် ရှိ၏။

ဥစ္စာပေါ၊ ရုပ်ချော၊ လူကြီးလူကောင်းသားသမီးတွေဖြစ်သော်လည်း မာန်မတက်ကြ။ စိတ်သဘောထား ပြည့်ဝဖော်ရွေကြ၏။ ပြည့်သည့်အိုးတွေက ဘောင်ဘင်မခတ်။ မပြည့်သည့်အိုးတွေက ဘောင်ဘင်ခတ်လွန်းအားကြီး၏။ ကားစီး၊ တိုက်ဆောက်၊ အလုပ်ကောင်းလုပ်နိုင်တာနှင့် လူကို လူလို့ မထင်တော့။ ကျော်နန္ဒ၊ သရဖူ၊ သန္တာ တို့လို လူစားမျိုးတွေပေါ့။

ဆယ်တန်းစာမေးပွဲကြီးကို ဖြေဆိုချိန်မှာတော့ ခေါင်းပေါ်ကို ရောမဝန်ထုပ်ဝန်ပိုးကြီး ရွက်ထားရသလိုပင်။ စားလည်း စာ၊ သွားလည်း စာ၊ အိပ်လည်း စာ၊ နေလည်း စာ၊ စာတွေသာ ခေါင်းထဲ ရိုက်သွင်းနေရ၍ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ပျက်နေမှန်းတောင် မသိတော့။

စာမေးပွဲကြီး ဖြေဆိုပြီးသွားတော့မှသာ ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီး ပြုတ်ကျသွားပြီး လွတ်လပ် ပေါ့ပါးသွားရတော့၏။ ဒါတောင် နောက်ဆုံးဘာသာ ဖြေဆိုပြီးချိန်အထိ ကိုယ်ဖြေဆိုထားတာ ဘယ်လောက်မှန်တယ်၊ ဘယ်ရွေ့မှားတယ်ဆိုတာ ပြန်တိုက် ညှိနေရသေး၏။

နောက်တစ်နေ့မှာ မေဒေး ပေးထားသည့်လိပ်စာအတိုင်း ရဲရင့် ဆိုင်ကယ်နှင့် ရောက်လာ၏။ ယမဟာဆိုင်ကယ်နှင့်

သားရေဂျာကင် စကိုင်းဘလူးဂျင်းပဲန် နေကာမျက်မှန်နှင့် ဆိုင်ထဲကို လှမ်းဝင်လာသော ရဲရင့် ကိုကြည့်ကာ ဦးဇော် တို့ မလျှာသုံးယောက် ခုန်ပေါက် အူမြူးပြီး ...

"ဟယ် .. ရွှေမင်းသားလေး၊ အဆင်လေးဟယ် .. ငါ့ဆီကို လာတာနေမှာ၊ ငါက အပြုအစု၊ အယုအယကောင်းတယ်လို့ သတင်းထွက်တယ်လေ"

မာမီဇော က ...

"အင်္ဂလန်မနော် .. အဲဒါ ငါ့သူငယ်၊ ငါနဲ့ မြို့ထဲမှာချိတ်မိလို့ ဒိတ်ထားတာ၊ မထိနဲ့ .. မီးပွင့်သွားမယ်၊ မုန့်ကိုသာ ဝေမျှကျွေးနိုင်မယ်၊ တုတ်ကိုတော့ ဝေမျှမကျွေးနိုင်ဘူး"

"ဟဲ့ .. အခြောက်မ၊ နင့်စကား မှားနေတယ်၊ အချစ်ကို ဝေမျှ မကျွေးနိုင်ဘူးဆိုတာမျိုး ဖြစ်ရမှာအေ့ .."

"ငါသိပါတယ် .. လျှာမရှည်ပါနဲ့ မိသက် ရယ် .."

"ရှည်ရမယ် .. ညည်း ဘာမှ ဖိန့်လုံးလိုမ့်လုံးတွေ လာမထည့်နဲ့၊ ဒီတစ်လလုံးလုံး ညည်း ဘယ်သွားလို့လဲ၊ ဘယ်က သူငယ်နဲ့ ချိတ်မိရမှာလဲ၊ လာပြီး အာရွှီး ညာဖြီးမနေနဲ့၊ အဲဒါ ကျုပ်ရဲ့အချစ်တော်၊ ညှော့ခံပွဲတစ်ခုမှာ ကျုပ်နဲ့ မိတ်ဆက်ထားပြီးသား၊ ကျုပ် လိပ်စာပေးထားလို့ လိုက်လာတာ၊ ကျုပ်ကိုတောင် အချစ်တော်လေးက နာမည်ပြောင် ပေးထားသေးတယ်၊ ဟင်း..





ဟင်း .. ဟင်း ..."

ဦးဇော် က မာမီနှစ်ယောက်ကို စူပုပ် မျက်စောင်းထိုးကြည့်လိုက်ပြီး ရင်ကော့ တင်ကော့ကြီးနှင့် မှန်တံခါးနားကပ်သွားကာ ...

"ညည်းတို့ ရုပ်ကြမ်းကြီးတွေကို ဒီသူငယ်က ကြွေမတဲ့လား .. ညည်းတို့က သူငယ်မြင်ရင် ငမ်းငမ်းတက်ပြီး ငါ့လင်၊ ငါ့လူနဲ့ အတင်းလုနေတဲ့ ငါတကောမတွေ၊ ညည်းတို့နဲ့ တွေ့ပြီးပြီဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ မုတ်ဆိတ်မွေး၊ ချိုင်းမွေး၊ ခြေသလုံးမွေး မပြောင်နဲ့ စလုတ်ထွက်မတွေကများ၊ ကျုပ်အလှနဲ့ ယှဉ်ရင် ညည်းတို့ ခွေသွားခဲ့ရတာချည်းပါပဲ၊ ကြည့်နေ .. သူငယ်ကို ကျုပ် မြူပြမယ်"

ဦးမေဇော် က မှန်တံခါးကိုဆွဲဖွင့်ပြီး ကော့ကော်ကန်ကား ဘော်ဒီ၊ မချိုမချဉ် စပရိန်မျက်နှာ၊ မျက်တောင်တုကြီးတွေ တဖျပ်ဖျပ် ပုတ်ခတ်လျက် ...

"မင်္ဂလာပါကွယ် .. များတို့အဖွဲ့က ကြိုဆိုပါတယ် ချစ်သူငယ်လေးရယ် .. ဝင်ပါကွယ်၊ လာပါ .. ဝဲလ်ကမ်းနော်"

ရဲရင့် က ဦးဇော် ကို တွေ့သွားပြီး တွန့်ခနဲ ဖြစ်သွား၏။ မျက်မှန်ဆွဲချွတ်ပြီး အထဲကို လှမ်းကြည့်လိုက်၏။ ထောင့်ခုံလေးမှာ အေးအေးလူလူလေး ထိုင်နေသော မေဒေး ကို တွေ့

သွားမှ သွားတက်ကလေးပေါ်အောင် ပြုံးသွားပြီး ...

"ကျွန်တော် မေဒေး နဲ့ တွေ့ချင်လို့ပါ"

"ဟင်!..."

"ဟယ်!..."

"ဟောတော် .."

ဦးမေဇော် တို့ ပက်လက်တွေ လန်ကုန်ကြ၏။

မေဒေး က ...

"ဝင်ခဲ့လေ ရဲရင့် .."

ရဲရင့် က မေဇော် တို့ကို ကျော်ပြီး မေဒေး အနားကို လျှောက်လာ၏။

"လာလည်တာ .. စာတွေ ပင်ပင်ပန်းပန်း ကျက်ခဲ့ရလို့ အပန်းဖြေတဲ့အနေနဲ့ လျှောက်လည်ရအောင် လာခေါ်တာ"

"အာ .. မေဒေး ဆိုင်ကယ်စီးရမှာ ကြောက်တယ်၊ ပြီးတော့ ဟောဒါ မေဒေး ရဲ့ဦးလေး ဦးမေဇော် တဲ့"

"သြော် .. ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် ရဲရင့်သူရ ပါ၊ မေဒေး နဲ့ ဆယ်တန်း တက်ဖော်တက်ဖက် တွေပါ"

"အို .. ဟုတ်လား၊ အဟင်း ဟင်း ... မေဇော် ကလည်း မောင်လေးကိုတွေ့ရတာ အရည်ပျော်ကျမတတ်ကို ဝမ်းသာပါ





တယ်ကွယ် .. မောင်လေးက ချောလိုက်တာနော်၊ မောင်လေး သာ မင်းသားလုပ်စားရင် မြန်မာပြည်ကမင်းသားတွေ ထိုင် အော် ငိုသွားရလိမ့်မယ်၊ စတိုင်လ်က မိုက်တယ်၊ ခိုက်တယ်၊ ကြိုက်တယ်"

ရဲရင့် မျက်လုံးပြူးပြီး မေဒေး ကို ကြည့်၏။ မေဒေး က အလိုက်သင့်ပြုံးပြီး ပခုံးနှစ်ဖက် တွန့်ပြလိုက်၏။

"ဟပ်ချိုး .. နှာဗူး .. နှာဗူး ဘယ်မှာလဲ"

"ဘယ်သိမလဲ မိစော ရဲ့ .. ညည်းနှာခေါင်းကလည်း တေဇောမီး တောက်ပဲတောက်နိုင်လွန်းတယ်၊ နှာဗူးနဲ့ရော တိုး ပါ့မလား"

မာမီစော နှင့် မာမီသက် တို့ ဦးမေဇော် ကို စောင်းချိတ် ပြောနေကြ၏။ ဦးမေဇော် က ဂရုမစိုက်ဟန်ဖြင့် ...

"တို့က ပေါ်တင်ဗူးတာ၊ ဂျီပုန်းကြိတ်ဗူးမျိုး မဟုတ်ဘူး ဟေ့"

မေဒေး က ...

"ဦးဇော် .. ရဲရင့် နဲ့ သမီး လိုက်သွားရမလား"

"ဦးဇော် ပါ လိုက်ခဲ့ရမလား"

"ဆိုင်ကယ်က သုံးယောက်စီးလို့ မရဘူး၊ အိုဗာဝိတ်ဆိုရင် ရဲဖမ်းလိမ့်မယ်"

"အေး .. ဟုတ်သား၊ ဒီတစ်ခါ မေဒေး လိုက်သွား၊ နောက်တစ်ခါဆို ဦးဇော် နဲ့ ရဲရင့် နဲ့ အတူသွားကြမယ်နော် .. နော်လို့"

မေဒေး က မျက်လုံးတစ်ဖက်မှိတ်ပြပြီး အထာပြလိုက်၏။ ရဲရင့် လည်း ခေါင်းညိတ်လိုက်ရ၏။ ဦးဇော် တစ်ယောက်လက်ခုပ်ကို မနာကျင်အောင် တီးလိုက်ပြီး ...

"ဟေး ဟေး .. သဘောတူသွားပြီ၊ ဝမ်းသာလိုက်တာနော်"

မာမီစော နှင့် မာမီသက် တို့ စုပုပ်ပြီး မေးထိုး၊ မေးငေါ့တွေ ဖြစ်ကုန်ကြ၏။ ဦးဇော် က ...

"ရဲရင့် .. သူတို့နှစ်ယောက်ကို သိလား၊ သူတို့က ရဲရင့်နဲ့ အရင်ကသိတယ် ပြောနေကြလို့၊ ဒီဆိုင်ကို ရဲရင့် လာတာ၊ သူတို့ဆီကို လာတာတဲ့"

"ဗျာ .. အဲ .. မသိဘူး၊ မေဒေး ဆီကိုပဲ ကျွန်တော် လာတာပါ၊ အန်တီ .. အဲ .. အန်ကယ်လ် .. အဲ .. ဘယ်လိုခေါ်ရင်ကြိုက်လဲ မသိဘူး"

"မေဇော် လို့ပဲ ခေါ်ပါကွယ်၊ ကဲ .. ကြားတယ်မဟုတ်လား၊ နန့်စိန်မတွေ၊ ရှင်တို့ သွေးရူးသွေးတန်း ကယောင်ချောက်ချားနဲ့ လင်တရူးပြီး လျှောက်ပြောမနေကြနဲ့၊ သူငယ် သိက္ခာကျတယ်၊ နောက်တစ်ခါ ဆိုင်ထဲကို သူငယ်လာရင် ဝေးဝေးမှာသာ နေ၊





ကြားလား"

"သိပါပြီ .. ဟုတ်ပါပြီ၊ ကျုပ်တို့မရသလို ရှင်လည်း မရပါဘူး၊ သူငယ်က ရှင့်လို မိတ်ကပ်တစ်ပိသာဖို့ပြီး အတုတွေခံထားတာကြီးကိုလည်း ကြိုက်ပုံမရပါဘူး၊ ကျုပ်တို့က အော်ရီဂျင်နယ်တွေ ခွဲစိတ်ပြုပြင်ထားတာ၊ ကြိုက်မယ်ဆို တို့လိုမျိုးကို ကြိုက်မှာပေါ့၊ ဟုတ်တယ်နော် သူငယ် ရဲရင့် .."

"ဗျာ!... ဟာ ..."

ရဲရင့် ခေါင်းတဗျင်းဗျင်းကုတ်သွား၏။ မေဒေး က အဝတ်အစားပင် လဲမနေတော့။ ရဲရင့် လက်ကို ပိုင်စိုးပိုင်နင်း ဆွဲထွက်လာလိုက်၏။ အဲဒါကိုပဲ ...

"အမလေး .. ကုန်ပါပြီ၊ ငါ့သူငယ်ကိုများ သူက အရင်နိုက်မြည်းသွားလိုက်တာ .."

"ဟယ် .. ဟုတ်ပါ့ဟယ်၊ မေဇော့် တူမလို့ မပြောရဘူး၊ မေဇော့် လိုပဲ လက်သွက်လိုက်တာ၊ ဂယ်ပဲဟယ် .."

"ဟယ် .. အဲဒါပြောစရာလား .. ပြောစရာလားလို့ ဂျီပုန်းမတွေရဲ့ .. ငါ့တူမက အစစ်လေ၊ နင်တို့က အတုတွေ၊ အင်တွေ၊ မတူရင်မတုနဲ့၊ ဟွန့် .. အဲဒါမျိုးကို မေတ္တာကို မရှိဘူး"

အခြောက်သုံးယောက် အပြန်အလှန် ခွန်းတုံ့ပြန်ရင်းစကားတွေများ ကျန်ရစ်၏။

မဒေး က ရဲရင့် နောက်က ဆိုင်ကယ်ပေါ် ဘေးစောင်း တက်ထိုင်လိုက်ရင်း ...

"အူတူတူ၊ ကြောင်တောင်တောင်၊ ကျားတားတားတွေနဲ့ နေရတာကိုကြည့်ပြီး စိတ်ညစ် စိတ်ပျက်သွားပြီလားဟင်"

မဒေး စကားကြောင့် ရဲရင့် ခေါင်းခါပြလိုက်၏။ ပြီးမှ...

"ပိုပြီးတော့တောင် စိတ်ဝင်စားသွားသေးတယ်၊ အဟုတ် တကယ် .. ကိုယ်က အခြောက်တွေဆိုရင် ထိုင်ကြည့်ပြီးတော့ ကို ရယ်ချင်နေတဲ့ကောင်လေ"

အခြောက်တွေ နားစွန်နားဖျားကြားသွားပြီး ပိုမို ဒေါသ ထွက် အော်ဟစ် ရန်ဖြစ်ကျန်ခဲ့ကြလေသည်။

မဒေး တို့က ရပ်နေရာကနေ ဝေါခနဲ မောင်းထွက်လာ လိုက်၏။





မိုးသားတိမ်လိပ်တွေ ကင်းစင်နေသော ကောင်းကင်ကြီး က ပြာလဲ့လွင်လွင်။

လေပြည်သုတ်ဖြူးသော ညနေဦးမှာ ယိမ်း နွဲ့မြူးနေသော ပန်းကလေးတွေကို ကြည့်နေရာမှ မဒေး နှင့် ရဲရင့် တို့ တစ်ဦး ကိုတစ်ဦး ကြည်နူးစွာ ပြုံးကြည့်လိုက်မိကြ၏။

"ဒေး .."

"အင်းဟင် .."

"ဆယ်တန်းအောင်ပြီးရင် ဘာဆက်လုပ်မလဲ"

"အခြေအနေပေးရင် ကျောင်းဆက်တက်မယ်"

"ဆေးလိုင်းတော့ ကျိန်းသေနေပြီ မဟုတ်လား"

ဒေး တွေခနဲ ဖြစ်သွား၏။ ပြီးမှ ပင့်သက်မောကြီး ရှိုက်ချ လိုက်ပြီး ...

"ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တွေမှာ မပါရ အောင်ကို ဒေး တမင်လျှော့ဖြေခဲ့တယ်"

"ဘာ!…"

ရဲရင့် တုန်လှုပ်အံ့ဩစွာဖြင့် ဒေး ကို ကြည့်လိုက်မိ၏။ ဒေး က …

"ဒေး ဘဝကို ဒေး နားလည်ရမယ်လေ၊ ဆေးတက္ကသိုလ် တက်ဖို့၊ နည်းပညာတက္ကသိုလ်တက်ဖို့ဆိုတာ နှစ်တွေနဲ့ချီပြီး ငွေကုန်ကြေးကျများမှာ၊ ဒေး က ကိုယ့်အားကိုယ်ကိုးနေရတာ၊ ဦး မေဖော် ကလည်း အတိုင်းအတာနဲ့ ထောက်ပံ့ရတာ၊ အမြင့် ကို ခုန်မတက်ချင်ဘူး၊ ကျောင်းစရိတ်စကတွေ မတတ်နိုင်တာနဲ့ လျှော့ဖြေလိုက်တာပါ"

"မိုက်လိုက်တာ ဒေး ရယ် … မင်းတို့ထက်တောင် ချွတ်ခြုံ ကျပြီး ဆင်းရဲနေတဲ့လူတွေ ဆေးတက္ကသိုလ်မှာရှိတယ်၊ မဂ္ဂဇင်း တွေ၊ ဂျာနယ်တွေကနေ လူမှုရေးအကူအညီတောင်းလိုက်ရင် ဗုဒ္ဓဘာသာဝင်တွေနေတဲ့ ဒီနိုင်ငံမှာ ဝိုင်းကူထောက်ပံ့ကြလို့ လျှံ တောင် ထွက်ကုန်သေးတယ်၊ မင်း အဲလို မလုပ်သင့်ဘူး"

"ရဲရင့်ရယ် … အတပ်ပြောနိုင်တဲ့ကိစ္စမှ မဟုတ်တာ၊ အောင် ပြီးမှ ဆေးလိုင်းဆက်မတက်နိုင်ရင် ရပ်ထားရမှာ၊ ရှီးရှီးဘွဲ့ တောင် မရဘဲဖြစ်နေမှာစိုးလို့၊ ကိုယ်နဲ့တန်ရာတန်ရာကိုပဲ မှန်း





လိုက်တာပါ"

ရဲရင့် ကြေကွဲရီဝေစွာဖြင့် စိုက်ကြည့်ပြီး ရှေ့ကရှုခင်းဆီ မျက်နှာလွှဲဖယ်လိုက်၏။

"ရဲရင့် လိုပဲ ဒေး လည်း ခံစားခဲ့ရတာပဲ၊ ပညာရေးမှာ တော်အောင် ကြိုးစားနိုင်ရဲ့သားနဲ့ လျှော့ပြီးလုပ်ခဲ့ရတာ၊ ရင်ထဲ မှာ အလူးအလဲ ခံစားနေရတယ်၊ အပူရပ်ကို ဟန်လုပ်ပြီး ဖုံး ထားရတာပါ၊ ပြိုင်ဘက်တွေဖြစ်တဲ့ သန္တာ တို့၊ သရဖူ တို့ ကျော်တက်သွားကြတာကို လက်ပိုက်ကြည့်နေလိုက်ရတယ်၊ ကိုယ်နဲ့ထိုက်တန်တဲ့ နေရာကနေ ကိုယ်ကြိုးစားနေတာပဲ ကောင်းပါတယ်၊ အမြင့်ဆုံးကို မရောက်ရင်တောင် အလယ် အလယ်တစ်နေရာတော့ ရပါတယ်၊ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ … နောက်ဆုံးတော့ သေရင် အားလုံးထားခဲ့ရတာချည်းပါပဲ"

နှစ်ယောက်ကြားမှာ တိတ်ဆိတ်မှုက စိုးမိုးသွားပြန်၏။

"ဒေး ရယ် … တို့ဘဝတွေက ဆိုးလိုက်တာ …"

"ဘာရယ် … ရဲရင့် တို့က ငွေကြေးရှိနေတာတောင် ဆိုးနေ ရသေးလား၊ ရယ်စရာကြီးဖြစ်နေပြီ"

"ငွေကြေးရှိပေမယ့် မေတ္တာတရား မရှိဘူး၊ ကိုယ်နေရတာ ပထွေးနဲ့နေရတာ၊ ကိုယ်နဲ့မတည့်တဲ့ ပထွေးမျိုးပေါ့၊ ကိုယ့် အမေက အိပ်ရာထဲမှာ လဲနေတယ်၊ အဲဒီပထွေးနဲ့ ကိုယ်နဲ့

စကားများ ရန်ဖြစ်ကြတာကို အမေက အိမ်ပေါ်ကနေ ပြေးဆင်းတားရင်း လှေကားကနေပြုတ်ကျတာ သတိလစ်သွားတယ်၊ ရောဂါအခံကလည်း အစုံရှိနေတော့ ကိုရီးယားကားတွေထဲကလို အိပ်ရာထဲက မထနိုင်တော့ဘူး၊ အတိတ်မေ့သလိုလိုနဲ့ စကားလည်း မပြောနိုင်တော့ဘူး၊ ကျွေးမှ စား၊ သိပ်မှ အိပ်တယ်၊ အပေါ့အလေးသွားတာကအစ ဘေးက နာ့စ်မက ကူလုပ်ပေးနေရတယ်၊ ပထွေးကြောင့် အမေ အဲဒီဘဝ ရောက်ရတာ .. ပထွေးကိုတွေးမိတိုင်း စိတ်နာတယ်၊ အမေသာမရှိတော့ရင် အမွေခွဲပြီး ပြတ်ပြတ်သားသား ခွဲနေပစ်လိုက်တယ်၊ အမေက မဆုံးသေးဘဲ ဘဝသေကြီးနဲ့ ဆက်ရှိနေတော့ ဒီပထွေးနဲ့ နေ့ရှိသရွေ့ ပတ်သက်နေရပြန်ရော၊ တစ်အိမ်တည်း အတူနေပြီး မတည့်ကြတာ ဘယ်လောက် စိတ်ညစ်ဖို့ကောင်းလဲ"

မေဒေး နားထောင်နေရာက ရဲရင့် အပေါ် အသနားပိုသွားမိ၏။

ရဲရင့် မျက်နှာမှာ နာလိုခံခက်၊ ဝမ်းနည်းရိပ်တွေ ပြည့်လျှမ်းနေ၏။

"ဩော် .. ရဲရင့် ဘဝကလည်း တစ်မျိုးဆိုးတာပါပဲလားနော်၊ ဖြစ်ရလေတယ် ရဲရင့် ရယ် .. တို့ စိတ်မကောင်းပါဘူးနော်၊ တကယ်ပါ"





ရဲရင့် ဟက်ခနဲ ရယ်ပာန်ဆောင်လိုက်၏။

"ကိုယ်ကလည်း ဒေး ကို သနားနေတာ၊ တို့တွေ အပြန်အလှန် သနားနေမိကြပြီနော်၊ နောက်ဆို တစ်ယောက်ကို တစ်ယောက် ပိုနားလည်လာမယ်နဲ့ တူတယ်"

"ရဲရင့် ဘဝက လွတ်မြောက်လမ်း ရှိပါသေးတယ်"

"ဘာလဲ .. အမေ မြန်မြန်သေအောင် ဆုတောင်းရမှာလား၊ လုံးဝ မတွေးသင့်တဲ့ကိစ္စပါ"

"အို .. ဒေး ဆိုလိုတာ အဲဒီသဘော မဟုတ်ပါဘူး၊ ပထွေးက မတော်တဆသေခဲ့ရင် ပြီးပြီလေ"

"ဟုတ်တယ်၊ အဲဒီပထွေးကိုလေ .. ဥပဒေတွေ၊ ထောင်တွေသာမရှိရင် သတ်ပစ်တယ်၊ ခုတော့ ..."

"မေတ္တာများများပို့ပေါ့ .. သူ မဟုတ်တာလုပ်ရင် သူ ခံသွားရမှာပဲလေ"

ရဲရင့် နားထောင်ရင်း ခေါင်းဆတ်ပြ၏။

ဒေး က ...

"ကဲပါ .. စိတ်ညစ်စရာတွေ မေ့ထားရအောင်"

"မေ့ထားချင်တာပေါ့၊ ဘယ်တော့မှ ပြန်သတိမရအောင်ကို မေ့ထားလိုက်ချင်တယ်၊ ဒေး ရဲ့ဘဝအပူက မောင်နှမတွေ များတယ်၊ ဆင်းရဲတယ်၊ မိန်းမလျာဦးလေးဆီမှာ လာနေရတယ်၊

ဒါလေးပဲဟာ၊ ငွေဆိုတာ လူက လုပ်တာ၊ လူကရှာရင် ရလွယ်တဲ့အရာပေါ့"

"အံမယ် .. ရှင်ပဲ အပြောကောင်း၊ ပိုက်ဆံမရှိလို့ လမ်းဘေးမှာ ကွမ်းယာဆိုင်လေးပဲ သွားထွက်ကြည့်စမ်းပါဦး၊ စည်ပင်ကလာငေါက်၊ ရှိနှင့်ပြီးသား ဈေးသည်က ရွဲ့စောင်း အတင်းပြော၊ တချို့ကတော့ ပေါ်တင်ကို လာရန်တွေ့တာ၊ မရှိဆင်းရဲသားချင်း ရိုင်းပင်းကူညီမယ်ဆိုတာမျိုး မစဉ်းစားဘူး၊ ငါရောင်းရဖို့၊ ငါမြတ်ဖို့ပဲ စဉ်းစားကြတယ်၊ နိုင်ငံခြားသားတွေဆိုရင် တစ်ယောက်ကောင်းစားတာ တစ်ယောက်က မနာလို သိပ်မဖြစ်ကြဘူး၊ လူမျိုးချင်း ရိုင်းပင်းကူညီကြတယ်၊ တရုတ်၊ ကုလား၊ ဂျူး၊ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမဏီ ကြိုက်တဲ့လူမျိုးကို ကြည့် .. သူတို့လူမျိုး ဆင်းရဲရင် ကျန်တဲ့လူတွေက အကူအညီပေးဖို့ပဲ စဉ်းစား လုပ်ကိုင်ပေးကြတယ်၊ မြန်မာတွေကတော့ တစ်ယောက်ကောင်းစားရင် တစ်ယောက်က မနာလိုဘူး၊ ထစ်ခနဲရှိ တိုင်မယ်၊ တောမယ်၊ အခွင့်အလမ်းပိတ်ဆို့အောင်လုပ်မယ်၊ ဒါမျိုးတွေပဲ များတယ်၊ ညီအစ်ကိုမောင်နှမ အချင်းချင်းတောင် ဆင်းရဲနေတဲ့လူကို ချမ်းသာနေတဲ့လူက မကူညီတဲ့အပြင် အနှောင့်အယှက် ပေးကြသေးတယ်၊ ဒီကောင်တက်လာရင် တို့ကို ပမာမခန့်လုပ်မှာ၊ မွဲနေတာပဲကောင်းတယ်၊ ဒါမျိုးတွေ





လုပ်တာ၊ မကူညီတဲ့အပြင် အမျိုးမျိုး နှိပ်ကွပ်ဖို့ပဲ လုပ်ကြတယ်၊ သူတို့အိမ်ကို ဆင်းရဲတဲ့လူက လာလည်ရင်တောင် ဘာချေးချင်လို့လဲ၊ ဘာငှားချင်လို့လဲ၊ မရဘူး ပိတ်ပြောလွှတ်တာ၊ ဒီလိုလူမျိုးတွေ ကမ္ဘာနဲ့ယှဉ်ရင် ဘယ်မှာလာပြီး ကြီးပွား တိုးတက်တော့မှာလဲ၊ အားလုံးကို ဆိုလိုတာ မဟုတ်ဘူး၊ အများစုကတော့ စိတ်ဓာတ်မကောင်းကြဘူး၊ အဆင့်အတန်း အမြင့်ဆုံးဗုဒ္ဓဘာသာကို ကိုးကွယ်နေလို့သာပေါ့၊ တခြားဘာသာ တစ်ခုခု ကိုးကွယ်တဲ့လူမျိုးသာဆိုရင် စုတ်ပြတ်သတ်နေတာ ကြာပြီ"

မေဒေး ရဲ့ ရင့်တွင်းပေါက်ကွဲသံစဉ်တွေကို ရဲရင့် နားထောင်ရင်း နှုတ်ခမ်းတစ်ဖက်ကွေး ပြုံးလိုက်၏။

"ကမ္ဘာနဲ့ကို ချီသွားပါလား .. ကိုယ့်လူမျိုး ဆင်းရဲတာ ပျင်းကြောထူလို့၊ အတတ်ပညာနည်းလို့၊ အမြင်မကျယ်လို့၊ ဒါမျိုးတွေကြောင့် မဟုတ်ဘူးလား"

"အဲဒါတွေလည်း ပါတာပေါ့ .. ရှင်က လောကကြီးအကြောင်းကို ဒေး လောက် မသိသေးပါဘူး၊ မဆင်းရဲဖူးတော့ ဘယ်နားလည်နိုင်ပါ့မလဲ .. ထမင်းငတ်တာမှ မခံခဲ့ဖူးတာ"

"ဒေး ရယ် .. မင်းစကားတွေက စိတ်ညစ်စရာတွေချည်းပါပဲလား၊ ပြောတော့ မေ့ထားရအောင်ဆို .."

ဒေး စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်၏။ ခေါင်းထဲ

က ခံစားချက်တွေကို မောင်းထုတ်ပစ်လိုက်၏။

ပြီးမှ ရဲရင့် ကို ကြည်ကြည်လင်လင်လေး ပြန်ကြည့်လိုက်၏။

ရဲရင့် က ...

"ဒေး က ဥစ္စာပစ္စည်း ဆင်းရဲတယ်၊ ကိုယ်က စိတ်ဆင်းရဲတယ်၊ စိတ်ဒဏ်ရာကို ပျောက်အောင် ကုလို့မရတာ ခက်တယ်၊ ကိုယ်ဒဏ်ရာကတော့ ချမ်းသာစေမယ့် ဆေးနည်းလေးအတိုင်း သောက်လိုက်ရင် ပျောက်ရော"

"လွယ်လိုက်တာနော်၊ ဘယ်မှာလဲ .. အဲဒီဆေးနည်း"

"ရှိပါတယ်၊ ပီမိုးနင်းရဲ့ သူဌေးဖြစ်နည်း စာအုပ်တွေလေ"

ဒေး လည်း ကိုယ့်နဖူးကိုယ် လက်ဝါးနှင့် ဖွဖွပိတ်ရိုက်လိုက်ပြီး ...

"သေစမ်း .. နေပါ သားရယ် .. ထပ်ပြီး စိတ်ညစ်သွားရလိမ့်မယ်၊ ကဲပါလေ .. ဒါတွေပြောနေလို့ အပိုပါပဲ၊ ဒီတော့ တို့ဆက် လုပ်သင့်တာက လူရယ်လို့ဖြစ်လာတဲ့ခဏမှာ ပျော်စရာလေးတွေလည်း ရှာဖွေနေကြရအောင်ပါ၊ မကောင်းဘူးလား"

"အိုကေ .. ကိုယ် သဘောပေါက်ပြီ၊ တိုက်ကားမောင်းမယ်၊ ရိုလာကိုစတာ စီးမယ်၊ ပင်လယ်ဓားပြလှေကြီး စီးမယ်၊





သရဲခြောက်တဲ့အိမ်ကြီးထဲ သွားမယ်၊ ပျော်စရာကောင်းမယ်ထင်တာ အကုန်လုပ်ကြမယ်"

အားတက်သရောပြောနေသည့် ရဲရင့် ကို ဒေး က ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။

နှစ်ယောက်သား ဆိုင်ကယ်ပေါ် ရောက်သွားသည်နှင့် နတ်မြင်းပျံပေါ် လွင့်ပျံ့လိုက်ပါသွားသည့်အလား လေဟုန်မှာ ပျံ့ဝဲလိုက်ပါသွားကြလေပြီ။

"အား .. သရဲကြီး .."

"မကြောက်နဲ့ ဒေး .. အရုပ်ကြီးပါ"

ဒေး ကတော့ ရဲရင့် ကို အတင်းဖက်ထား၏။ ရဲရင့် ကလည်း ကျစ်နေအောင် ပြန်ဖက်ထား၏။

အထိအတွေ့မှာ ကြောက်စိတ်ထက် ရင်ခုန်စိတ်တွေ ပြင်းစွာ ဖြစ်ပေါ်လာ၏။

ဒေး ရဲ့ ရင်ငွေ့နွေးနွေးက ရဲရင့် ရဲ့ရင်ငွေ့အေးအေးနှင့် ပေါင်းစပ်မိသည့်ခဏ ရင်ခုန်သံတွေ ပွက်လောညံကာ ချစ်ခြင်းကာရန်တွေ သံစဉ်ဖွဲ့ကာ သီကုံးလာမိကြလေပြီ။

သရဲခြောက်သည့်အိမ်ကြီးထဲက ပြန်ထွက်ပြီး ပင်လယ်ဓားပြလှေကြီး သွားစီးကြ၏။

ဒေး ရင်ဖိုထိတ်လန့်ပြီး ငယ်သံပါအောင် အော်ဟစ်မိ၏။ ရဲရင့် က ...





"မကြောက်နဲ့ .. ကိုယ်တစ်ယောက်လုံး ရှိတယ် .."

လို့သာ ဆိုနေသော်လည်း ရဲရင့် ရဲ့ဆံပင်တွေက မြိုင်ရာဇာတွတ်ပီရဲ့ တပည့်ကျော် ဗိုက်ကလေးရဲ့ဆံပင်တွေလို ထောင်တက်နေ၏။

ပင်လယ်ဓားပြလှေပေါ်က ဆင်းလာတော့ မေဒေး ရဲ့ခြေလှမ်းတွေက ယိုင်ထိုးပြီး သိုင်းကွက်နင်းသလို ဖြစ်ကုန်၏။

"မူးတယ် .. ခေါင်းတွေ မူးတယ်"

"မသောက်ဘဲ မူးတာ ကောင်းတာပေါ့၊ အရက်ဖိုး မကုန်တော့ဘူး .. ဖိမ်ပဲ"

"အော့ .. ဝေါ့ .."

ဘေးနားမှာ ထိုးအန်ချလိုက်၍ ရဲရင့် လည်း နောက်ကနေ အသာကျောသပ်ပေးနေရ၏။

"ဟော့.. ယစ်ထုပ်ကြီး၊ လစ်မစ်ထက်ကျော်အောင် မသောက်နဲ့လေဗျာ၊ ဘာလဲ .. ထပ်သောက်ချင်သေးလို့လား၊ အင်းလျားရေ မခန်းသရွေ့ သောက်မယ် .. ဟုတ်လား"

"ဘာတွေပြောနေတာလဲ၊ ဒီမှာ မူးလို့ .. အော့ .. ဂျင်ဂလယ် ရိုက်နေပြီရှင့် .. ဝေါ့ ..."

ရဲရင့် ပြေးထွက်သွားပြီး သံပရာရည်လေး ပါဆယ်ဝယ်လာ၏။

သံပုရာရည်ဖြင့် ပလုတ်ကျင်းပြီး သံပုရာရည်လေး သောက်ချလိုက်မှ သက်သာသွားတော့၏။

"နန်းမတော်မယ်နလို သိပ်နတာပဲ၊ ရိုလာကိုစတာ စီးလို့ဖြစ်သေးရဲ့လား"

"မစီးတော့ဘူး .. ပြန်ချင်ပြီ"

"ပျော်လို့မဝသေးဘူးလေ"

ရဲရင့် က မေဒေး ကို မှီတွဲပြီး ခုံတန်းလေးမှာ ထိုင်နားစေ၏။

မေဒေး က ရဲရင့် ပေါင်ပေါ် ခေါင်းတင် မှေးမှိ လှဲနေလိုက်၏။

"ဒီအတိုင်းဆို ကားမူးတတ်တယ်နဲ့တူတယ်၊ ကုန်သည်ပွဲစား လုပ်စားလို့ မဖြစ်တော့ဘူး"

"တစ်ခါတလေပါနော်"

"လေသံက ပြန်မာလာပြီ၊ ရိုလာကိုစတာ စီးလို့ ရသေးတယ် .. သွားကြမယ်"

မေဒေး အမူးပြေသွား၍ ရဲရင့် ပေါင်ပေါ်က ဆတ်ခနဲထလျှောက်ထွက်သွား၏။ ရဲရင့် က လက်ဖျားခါပြ၏။

ရိုလာကိုစတာမစီးခင် တိုက်ကားစီးဖြစ်ကြ၏။ တခြားလူတွေရဲ့ကားကို လိုက်တိုက်ပြီး ရယ်လိုက်ရတာ၊ ကိုယ့်ကားကို





နောက်ကဝင်ဆောင့်မှ အမလေး ထအော်မိကြကုန်၏။

"ဟိုးရှေးခေတ်တုန်းက ပူပေါင်းနင်းပြိုင်ပွဲ လုပ်သလိုပဲနော် .. ပူပေါင်းနင်းမယ့်လူတွေ ခြေထောက်မှာ ပူပေါင်းစွပ်ပြီး သူ့ပူပေါင်း ပေါက်အောင် ကိုယ်က လိုက်နင်းရတယ်၊ သူများပူပေါင်း လိုက်နင်းချင်ဇောနဲ့ ကိုယ့်ပူပေါင်း သူများနင်းသွားတာ မသိလိုက်ဘူး"

တိုက်ကားစီးပြီးတော့ ရိုလာကိုစတာစီးဖို့ စင်ပေါ်အရောက် နောက်ကလိုက်တက်လာသောအုပ်စုကြောင့် ရဲရင့် နှင့် မေဒေး တို့ လက်မှတ်တွေ ဆုတ်ဖြဲပြီး တစ်ဖက်မှ ပြန်ဆင်းလာခဲ့ကြ၏။

ကျော်နန္ဒ၊ သရဖူ နှင့် သန္တာ တို့အဖွဲ့တွေ အားလုံးပေါင်း ရှစ်ယောက်ခန့် ရှိမည်။

သူတို့လည်း စာမေးပွဲပြီး၍ လွတ်လွတ်လပ်လပ် ကဲကြပုံပေါ်၏။ ကျော်နန္ဒ က လှမ်းမြင်သွား၏။

ဇော်သူ၊ အောင်ဝင်း နိုင်၊ သရဖူ နှင့် သန္တာ တို့ကို လှမ်းပြ၏။

ပြီးနောက် အုပ်စုလိုက်ကြီး လှမ်းအော်ကြ၏။

"အရှုးလင်မယား ..."

"တောက် .."

ရဲရင့် တို့ပြန်ဖို့အပြင်မှာ ဒေး က လက်ကို ဖမ်းဆွဲထား လိုက်ပြီး ...

"ထားလိုက်စမ်းပါ .. ခွေးလေးခုန်လို့ ဖုန်မထသလို ခွေးဟောင်လို့လည်း တောင်မရွေ့ပါဘူး"

ရဲရင့် က ကျော်နန္ဒ တို့ကို လက်ခလယ်တစ်ချောင်း ထောင်နဲ့ပြလိုက်၏။ ဒီအထာကို ဘိုဆန်ချင်သော သူတို့တစ်တွေက သိပြီးသားပါ။

နောက်ထပ် ဗလုံးဗထွေးတွေ လုမ်းအော်ကြသေး၏။

ရဲရင့် တို့နှစ်ယောက် ဂရုမစိုက်၊ ရှေ့ဆက်လျှောက်လာ လိုက်၏။





အရှေ့တိုင်းနိုက်ကလပ် တင်ဆက်ဖျော်ဖြေပုံက ဆန်းသစ် ဆန်းပြား၏။

ညှော်သည်တော်တွေ ကချင်လျှင်လည်း ဒီဂျေနှင့် ကနိုင်၏။ မကချင်၍ ရှုစားချင်လည်း အက အလှမယ်တွေက ဖျော်ဖြေ တင်ဆက်ကြ၏။

နိုက်ကလပ်မှာ အများပိုင် နိုက်ကလပ် ဖြစ်၏။

မေဇော်၊ မာမီစော၊ မာမီသက် တို့လည်း ရှယ်ယာဝင်ထား ကြ၏။

မေဇော်တို့ သုံးယောက်စလုံး ညမင်းသမီးလေးတွေကို အစွမ်းကုန်လှပအောင် ပြင်ဆင် ခြယ်သပေးရ၏။

မော်ဒယ်လ်စတိုင် .. ရုပ်ရှင်မင်းသမီးစတိုင် ..၊ အဆိုတော် ရှာကီယာ .. မက်ဒေါနား .. ဘရစ်တနေစပီးယားစတိုင် ..၊ ဒေါက်တာမစတိုင် ..၊ လေယာဉ်မယ်စတိုင် ..။

အစရှိသဖြင့် သူ့စတိုင်နှင့်သူ ပြင်ဆင် ခြယ်သပေးရ၏။ တကယ့်ဟိုက်ဘော့စ်ကြီးတွေက လာရောက် ရှုစားပြီး ဆုချကြ၏။

ပန်းကုံးတစ်ကုံး၏တန်ဖိုးကပင် ငါးသိန်း အထက်မှာ ဈေးတင်ထား၏။

သရဖူ က ဆယ်သိန်း၊ မင်းသမီးရဲ့ပါးကို ကစ်ပေးချင်လျှင် ဆယ့်ငါးသိန်းထိ ဈေးတင်ထား၏။

ပိုက်ဆံကို ရေလိုလေလို သုံးဖြုန်းနိုင်သော လူကြီးမင်းတွေ ရောက်လာလျှင် အိုကေသွားပြီ။ လူကြီးမင်းတွေက မမူးခင်သာ အင်တင်တင်၊ မူးလာလို့ကတော့ ရုပ်ပျက်ဆင်းပျက်တွေ ဖြစ်ကုန်၏။

အဲဒီအချိန်မျိုးမှာ မေဇော် တို့အဖွဲ့ထဲက အလံရှူးတစ်ယောက်ကို ဟိုက်ဘော့စ်အထာနှင့် တပည့်တပန်းတွေကြားထဲ ထိုင်ခိုင်းပြီး ငွေကို သောက်သောက်လဲ သုံးပြခိုင်း၏။

အဲဒီမှာတင် ကျန်တဲ့ လူကြီးမင်းတွေက ငွေရှိတဲ့လူချင်း အတူတူ သူတို့ကို ကျောတယ်ထင်ပြီး အသည်းအသန် လိုက်ဆုချကုန်ကြတော့၏။

"အဲဒီငနဲက ဘာလဲကွ .. သူက ဘာသူဌေးလဲ"

"ကျောက်သူဌေး၊ ကမ္ဘာပတ်နေတာ၊ ကျောက်ပွဲစားကြီး





ဦးမောင်မောင်စိန်မင်း ဆိုတာပေါ့၊ သူက လွှတ်သုံးနိုင်တာ၊ အဲဒါကြောင့် ဒီဆိုင်က သူ့ဆို ပ,စားပေးထားတာ၊ ကြိုက်တာလုပ်၊ မှောက်လို မှောက်၊ လှန်လို လှန်ပဲ"

"တောက် .. ဘာကျောက်သူဌေးလဲ၊ ငါတို့လည်း ကုမ္ပဏီပိုင်ရှင်သူဌေးတွေပဲ၊ သူ ဘယ်လောက်သုံးနိုင်လို့လဲ၊ သူ့ထက် သုံးနိုင်ကြောင်း လက်တွေ့ပြမယ်၊ ဟေ့ .. ပန်းကုံး၊ သရဖူ၊ စလွယ် အားလုံးယူလာခဲ့၊ ကျသင့်ငွေ ကဒ်နဲ့ချေပေးမယ်"

အဲဒါမျိုးတွေနှင့် အပြတ်စားသာခဲ့သော နိုက်ကလပ် ဖြစ်၏။ အမှန်တော့ သူဌေးကြီး ဦးမောင်မောင်စိန်မင်း ဆိုတာ တကယ် မရှိ။

ဥပဓိရုပ်ကောင်းသောလူကို တမင်ရှာဖွေပြီး သူဌေး အယောင်ဆောင်ထားခြင်း ဖြစ်၏။

ဘယ်အချိန်ကြည့်ကြည့် မောင်မောင်စိန်မင်း က ရှိနေပြီးသား ..၊ အားပေးပြီးသား။

"ဒီလူ ဒီဆိုင်က ပြန်ရောပြန်ရဲ့လား .. လာတိုင်း တွေ့နေတယ်နော်"

"သူက နေ့တိုင်း ဖြုန်းနိုင်တယ်လေ၊ သူ့အတွက် အကင်းလေးပါ"

"ငါတို့က အလုပ်တွေရှိနေသေးလို့ နေ့တိုင်းမရောက်နိုင်တာ"

"ဦးမောင်မောင်စိန်မင်း ကတော့ အလုပ်လုပ်စရာ မလို လောက်အောင်ကို ချမ်းသာကြွယ်ဝနေတာ .."

"ဒီည တွေ့မယ်၊ သူ့ထက်သာအောင် သုံးပြမယ် .. ဟင်း"

"အားပေးပါ့မယ် လူကြီးမင်း"

နိုက်ကလပ်ပိုင်ရှင်တွေလည်း ထော၊ အကမင်းသမီးတွေ လည်း ငွေတွေ ဖောဖောသီသီရနှင့် အလုပ်ကိုဖြစ်လို့။

နောက်ပိုင်းမှာတော့ လာရောက်အားပေးသူ သူဌေးမင်း များ လျှို့ဝှက်စုံစမ်းရာက လုပ်ဇာတ်ကြီး ပေါ်သွားတော့၏။

တစ်လခွဲလောက် လုပ်ဇာတ်ကြီးမပေါ်ခင်က သောင်းသာ လိုက်သည့် နိုက်ကလပ်မှာ နောက်ပိုင်း လူကြီးမင်းအစစ်အမှန် တွေ လာရောက်အားမပေးတော့၍ ငုတ်တုတ်မေ့သလိုကို ဆိုင် ထဲမှာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်သွားရတော့၏။

"ဘာ မောင်မောင်စိန်မင်း လဲ .. လိမ်ညာတဲ့ဆိုင် အားမပေး တော့ဘူး .. တော်ပြီ .. တာ့တာ .."

နိုက်ကလပ်မှာ ရှယ်ယာရှင်တွေလည်း လိုက်ချော့ရ၏။ လူကြီးမင်းတွေက မကောင်းတတ်၍ တစ်လမှာ (၂)ခါလောက် လာ အားပေးကြ၏။

သိပ်ပြီး ဟက်ဟက်ပက်ပက် မရှိတော့။ ဝင်ငွေ အလွန် တရာ လျော့နည်း ကျဆင်းသွားရ၏။





လူကြီးမင်းတို့ကို ပြန်လည်ဆွဲဆောင်ဖို့ အစီအစဉ်ကောင်း တွေနှင့် ပြန်လည် ဆွဲဆောင်ရပြန်၏။

မျက်လှည့်၊ ဟာဒယရှင်ဆေး၊ ဆပ်ကပ်၊ ဆက်စီဒန့်စ်တွေ နှင့် ဆွဲဆောင်၏။

ခဏတော့ ဟုတ်လိုက်သေး၏။ ရိုးသွားတော့ သိပ် မဟုတ်ပြန်။ နောက်ပိုင်းမှာ အထူးအစီအစဉ်အဖြစ် တက္ကသိုလ် ကျောင်းသူလေးများ အစီအစဉ်ဖြင့် ဆွဲဆောင်ရပြန်၏။

လူကြီးမင်းတွေ ပြန်လည် အားပေးလာကြ၏။

သို့ငြား ...

"ကျောင်းသူတွေကလည်း ရင့်ထော်နေတာပဲ"

"မိတ်ကပ်ဗလပျစ်နဲ့ စိတ်ပျက်စရာကြီး"

"လူဟောင်းတွေထုတ်ပြီး လူသစ်တွေ သုံးထားပေမယ့် ဒီမျက်နှာတွေက ကျောင်းသူနုနုထွတ်ထွတ်ရုပ် တစ်စက်မှ မပေါက်ဘူး"

"ပန်းသီးပုပ်ကို ကာလာပြန်သုတ်ထားတာလားဟေ့"

ဆိုတာမျိုးတွေ ဖြစ်လာပြန်၏။

လူကြီးမင်းတွေထဲမှာ ရုပ်ချော ဥစ္စာပေါ သူဌေးမင်းတစ် ယောက်ပါ လာအားပေးနေ၏။ သူဌေးမင်းနာမည်က ဦးမျိုး ရာဇာ ..။

ဦးမျိုးရာဇာ က တစ်ယောက်တည်း လာရောက် သုံးဆောင်တတ်၏။

သူများတွေလို နှုတ်မဖွာ၊ သူ့အကြောင်းကိုလည်း ဘယ်တော့မှ မပြော၊ အငြိမ်သမား။

သူသဘောကျသည့် မိန်းကလေးကို ဆုကြေးငွေ များများချပေးတတ်၏။ သူ့အတွက် သီးသန့်ခန်း စီစဉ်ပေးရ၏။

လူပါးသောအချိန်များမှာ ဘေးလူတွေ ဝင်မလာစေရန် တစ်ခန်းလုံးကို သူပဲ ငှားပစ်လိုက်၏။

သူတစ်ယောက်တည်း မိန်းမလှလေးတွေရဲ့ အကပုံရိပ်ကို ထိုင်ရှုစားတတ်၏။

ဒီနေ့ညမှာတော့ ဦးမျိုးရာဇာ ညစ်ထွေလာပုံ ရ၏။ အခန်းတစ်ခုလုံးကို ငှားရမ်းပြီး ဘလူးလေဘယ်ကို တစိမ့်စိမ့် ထိုင်သောက်နေ၏။

ဘယ်သူနှင့်မှလည်း စကားသိပ်မပြောချင်သည့်ပုံစံ။ အကအလှပေါင်းစုံ ဖျော်ဖြေသော်လည်း ဦးမျိုးရာဇာ က လက်ကာတား၍ ရပ်ခိုင်းလိုက်၏။

"တက္ကသိုလ်ကျောင်းသူလေးတွေရဲ့ အကအလှကို ရှုစားတော်မူပါရှင်"

ကျောင်းသူစတိုင်နှင့် အကမယ် သုံးလေးယောက် ထွက်





က,ကြ၏။

တစ်အောင့်ကြာ ကြည့်ပြီးသည်နှင့် ...

"တော်ပါတော့ကွာ .. ဆိုင်မန်နေဂျာကို ခေါ်ပေးစမ်း"

ဆိုင်မန်နေဂျာနှင့်အတူ ဦးမေဇော် တို့ပါ အနားရောက်လာကြ၏။

"ဘာလိုအပ်လို့ပါလဲ လူကြီးမင်း"

"တက္ကသိုလ်ကျောင်းသူတွေကလည်း ရင့်ထော်ကြီးတွေဗျာ .. ဒီနေ့ ကျုပ် စိတ်အိုက်ပြီး စိတ်ညစ်လာတယ်၊ မိန်းမနဲ့ပတ်သက်ပြီး ခံစားလာခဲ့ရတယ်၊ ကျုပ်ရင်ထဲက နှလုံးသားကိုသိမ်းပိုက်ထားတဲ့မိန်းမ၊ အဲဒီမိန်းမကို ကျော်နိုင်မယ့်မိန်းမမျိုးကမ္ဘာပေါ်မှာ မရှိတော့ဘူးလား၊ ငွေပုံပေးပြီး ဝယ်ရဝယ်ရကွာ.. အဲဒီမိန်းကလေးမျိုးကို ကြည့်ချင် မြင်ချင်တယ်၊ အသစ်စက်စက် ပတ်ကင်တွေ မရှိတော့ဘူးလား"

မန်နေဂျာ ကိုနိုင်ဝင်း က ခေါင်းခါပြ၏။

ဦးမေဇော် က...

"ရှိပါတယ် .. လူကြီးမင်းရဲ့ရင်ထဲမှာ လွှမ်းမိုးထားတဲ့ မိန်းကလေးကို ကျော်နိုင်မယ့် မိန်းမလှလေး ရှိပါတယ်၊ မကြာခင်မှာ တကယ့်တက္ကသိုလ်ကျောင်းသူလေးအသွင်နဲ့ တင်ဆက်ကပြပါမယ်၊ နာရီဝက်လောက်တော့ အချိန်စောင့်ပေးပါ"

ဦးမျိုးရာဇာ က ဦးမေဇော် ကို သေချာပြူးကြည့်၏။

ပြီးမှ ...

"တကယ်ပြောတာနော် .. ဟုတ်ရင်ဟုတ်ပေါ့၊ မဟုတ်ရင်တော့ ငါ ပွဲကြမ်းမှာနော်"

"ကြိုက်သလိုကြမ်းပြီး ဟောဒီလူကိုပါ ကြိုက်သလို ဝှမ်းသွားနိုင်ပါတယ်၊ မေဇော် တို့က ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်ပါတယ်၊ စောင့်ကြည့်ပါ"

"အေး .. ငါကလည်း ဒါမျိုးမှကြိုက်တာ၊ စောင့်ကြည့်မယ် .. သေချာကိုကြည့်မယ်"

သဘောတူညီမှု ရသွားသည်နှင့် မေဇော် ဖုန်းချိတ်နေ၏။ မန်နေဂျာ ဝင်းနိုင် က ...

"ဘာပြင်ဆင်မှုမှ မရှိဘဲနဲ့ ဘာလို့ အာမသွားခံတာလဲ .. အကုန်ဝှန်းမှာနော်၊ မေဇော် ရယ် .. ကျားနှာခေါင်းမှ သွားနှိုက်ရတယ်လို့၊ ဦးမျိုးရာဇာ က လက်သည်းဖွက်ထားတဲ့ ကျား..၊ ကြောင် မှတ်မနေနဲ့"

ဦးမေဇော် က ...

"ပိုင်ပါတယ် .. အသာနေစမ်းပါ၊ ဇော် စီစဉ်ပါ့မယ်"

"ဘယ်မှာလဲ မိန်းကလေး၊ ဘယ်မိန်းကလေးမှ လူလို မရှိဘူး၊ ဦးမျိုးရာဇာ က တောင့်တနေတာ နတ်သမီးနော်"





"ဟုတ်ပါတယ် .. မိုးပေါ်ကကျလာတဲ့ မိုးနတ်ကလျာလေးကို ခေါ်လိုက်မှာပါ"

ဦးနိုင်ဝင်း ခေါင်းတဗျင်းဗျင်း ကုတ်သွား၏။ မာမီစောနှင့် မာမီသက် တို့လည်း မောတောကျပ်တတ်ကြီးတွေ ဖြစ်နေကြ၏။

ဦးမေဇော် ကတော့ သံသာချိုကြည် လေပြည်အေးလေးဖြင့် ...

"ဟယ် .. လို .. သမီး မေဒေး လား"

ဦးမေဇော် ခေါ်၍ ဆိုင်ဘေးမှာ ညပိုင်းဆွဲသော အသိ တက္ကစီကို ငှားစီးလာရ၏။

နိုက်ကလပ်အဆောက်အဦရဲ့ နောက်ဘက်ဆောင်မှာ ကားထိုးရပ်သည်နှင့် မာမီစော နှင့် မာမီသက် တို့ လာစောင့်ကြိုနေကြ၏။

"သမီးကိုခေါ်တာ ဘာလုပ်မလို့လဲဟင်"

"ညည်းဦးလေး အတတ်မကြီးနဲ့တွေ့မှ မေးသာကြည့်ပေ တော့၊ ငါ့အထင် နတ်ပြည်ပို့ပေးမလို့နဲ့ တူတယ်"

မာမီစော စကားအဆုံးမှာ မာမီသက် က ...

"ဦးဇော် စိတ်ချမ်းသာအောင် လုပ်ပေးလိုက်ပါ၊ ဦးဇော် က သမီးရဲ့ကျေးဇူးရှင်ပဲဟာ"

အပေါ်ထပ်အဆောင် နောက်ပေါက်ဝမှာ ဦးဇော် စောင့်နေ၏။





မေဒေး ကိုမြင်တော့ အခန်းထဲခေါ်ကာ အလုပ်ပြင်ဆင်ပေး တော့၏။ မေဒေး က ...

"ဦးဇော် .. သမီးက ဘာလုပ်ရမှာလဲ"

"ဟိတ် ... ဧပရယ် .. ဧပ္ပရယ် .. လာစမ်း၊ ကျောင်းသူလေး စတိုင်နဲ့ ဒီမှာ အသာကပြနေ၊ နင့်တို့ကား ရှိပ်ရင်တယ်၊ ငါတူမက ရုပ်နေတယ်၊ ရှက်ရွံ့ကြောက်လန့်တဲ့ပုံစံလေး ပေါ်လွင်အောင် လုပ်ပြမယ်၊ ရှိပ်နေတဲ့သူက ပိုအသက်ဝင်တယ်၊ မေဒေး .. ဟော ဒီ ဧပရယ် ဘာရုပ်ပြတဲ့ဟန်ပန်တွေကို ကြည့်ထား၊ ငါ့တူမက နှစ်ခါ မသင်ရဘူး၊ တစ်ခါသင်တာနဲ့ တတ်တယ်"

ဧပရယ် တာ ကျောင်းသူလေး လှမ်းလျှောက်လာဟန်၊ ဘုတ်စ်ကား စောင့်ဟန်၊ ကျောင်းဘုတ်စ်ကားပေါ်တက်ပြီးဟန်၊ ကျောင်းခန်းထဲသို့ အလာ ဆရာကိုတွေ့၍ ခေါင်းလေးရို့ ကျိုး လက်ပိုက်ဟန် ၊ ကျောင်းသားအချင်းချင်း ရှက်မျက်စောင်းနှင့် ပဲမျှားဟန်၊ အတွန်းဖော်တွေကြားထဲ ခြင်ထိုင်ဟန်၊ တိုင်ကို ဖက်တွယ်ပြီး ကျောင်းသူလေးရဲ့ခံစားမှုတွေ ဖော်ကျူး ကာကွက် ဆန်းရာလာတွေ ထွင်ဆက်သွားမှ မေဒေး မမိတ်မသုန် ငေးစိုက် ကြည့်နေရ၏။

"အဲဒီလို လိုက်လုပ်ရမှာ မှတ်ထားနော်၊ ဧပရယ် .. နောက် တစ်ခေါက် ထပ်လုပ်ပြပါဦး"

ဦးမေဇော် က နာရီတကြည့်ကြည့်နှင့် မေဒေး ကို ကျောင်းသူဝတ်စုံလေးဝတ်ဆင်ကာ ပြင်ဆင်ပေးနေ၏။

မေဒေး ကို စိတ်ကြိုက် ပြင်ဆင်ပေးပြီးသောအခါ ...

"သိပ်မိုက်သွားပြီ .. အစော နဲ့ အသက် ရေ .. ဝေဖန်ပေးပါဦး၊ ဘာလိုသေးလဲဆိုတာ .."

"ကျစ်ဆံမြီးလေးနှစ်ဖက်ချထားတာ ကောင်းတယ်၊ မိတ်ကပ်ပါးပါးခြယ်ထားတာ ဟုတ်တယ်၊ ကတ္တီပါခုံမြင့်ဖိနပ်နဲ့၊ အင်္ကျီအောက်က ရှင်မီးအင်္ကျီလို အတွင်းခံလေး ခံလိုက်ရင် ပို မကောင်းဘူးလား"

"သနပ်ခါးပါးပါးလေး ကွက်ပေးလိုက်၊ သစ်ရွက်ပုံလေး ဖော်ပေးလိုက်၊ အထက်တန်းကျောင်းသူ၊ အောင်ပြီးတော့ ကော လိပ်တက်တော့မယ့်စတိုင်လေ .. အဲဒါမှ ကျောင်းသူစစ်စစ်ကလေး ဖြစ်သွားမှာပေါ့"

လိုအပ်တာတွေ ပြင်ဆင် ဆောင်ရွက်ပေးပြီးသောအခါ ဦးမေဇော် က ...

"ခုန ပေရယ် ကပြသွားသလိုမျိုးလေး အပိုအလိုမရှိ လုပ်ပြပါလား တူမရယ်"

မေဒေး ခမျာ ပြုံသမျှလည်း နပြီးပြီ။ မျက်ရည် ဝဲစို့သွား၏။





"ဦးဇော် .. မေဒေး ကို ရောင်းစားတော့မလို့လား"

ဝမ်းနည်းကြေကွဲသံလေးဖြင့် မေးလိုက်၏။ ဦးဇော် ခေါင်းတွင်တွင်ခါသွား၏။

"မဟုတ်ဘူး တူမ .. ဒါ ဖျော်ဖြေရေးအနုပညာတစ်မျိုးပဲ၊ ဆိုင်မှာလာအားပေးတဲ့ လူကြီးမင်းက ..."

မေဒေး နားလည်အောင် လိုရင်းတိုရှင်း ရှင်းပြလိုက်၏။ မေဒေး နားထောင်နေရာက ...

"ဖြစ်ပါ့မလား ဦးဇော် ရယ် .. မေဒေး .. အရက်သမားတွေနဲ့ မဆက်ဆံချင်ဘူး၊ မပတ်သက်ချင်ဘူး"

"လူကြီးလူကောင်း တစ်ယောက်ပါ၊ ဦးဇော် တို့ဆိုင်ရဲ့ အဓိကဖောက်သည်ကြီးဖြစ်လို့ မိတ်မပျက်ချင်ဘူး၊ ဒီတစ်ပွဲကို ထိန်းပေးလိုက်ရင် ဆိုင်မပြုတ်အောင် ထိန်းပေးလိုက်သလိုပါပဲ၊ ဦးဇော် တို့ အသက်ရှူပေါက်လေး ရသွားတာပေါ့၊ ကူညီပါ တူမလေးရယ် .."

ဦးဇော် ပြောလာ၏။

မာမီစော၊ မာမီသက် တို့ကလည်း မျက်နှာငယ်လေးတွေနှင့် ကြည့်နေကြ၏။ ဦးနိုင်ဝင်း က ခေါင်း ငိုက်စိုက်ချလျက်သား ..။

မေဒေး က တီထွင်ဖန်တီးထားသော ကျောင်းသူလေးရဲ့

တီးလုံးအခွေကို ဖွင့်ခိုင်းလိုက်၏။

မေဒေး သရုပ်ဆောင်သွားပုံက ကွက်တိ။ မေဒေး ကို ဦးဇော် က အားလပ်ချိန်တွေမှာ လိုအပ်တာမျိုးစုံ သင်ကြားပေးထား၏။

"ဘယ်ပညာမှ အသုံးမဝင်တာ မရှိဘူး .. အချိန်ရှိခိုက်မှာ အကုန်တတ်နေအောင် သင်ထား၊ ရေကူး၊ ကျွမ်းဘား၊ ကွန်ဖူး၊ ဘောကန်၊ အက၊ မော်ဒန်အေရိုးဗစ်၊ ယောဂကျင့်စဉ်၊ အချိန်ရရင် မြင်းစီးပါ သင်ပေးမယ်၊ အခုတော့ ကားမောင်း၊ ဆိုင်ကယ်စီး .. အကုန်သင်ထား"

ဦးနိုင်ဝင်း၊ မာမီစော၊ မာမီသက် နှင့် ဆိုင်ဝန်ထမ်းများ အံ့သြ သွားကြ၏။

ဦးဇော် က အားရဝမ်းသာသံကြီးဖြင့် ...

"ရပြီ .. ရပြီကွ၊ ဒါပဲ .. ဟော့ .. ဦးမျိုးရာဇာ ကို ပြပြီလို့ သွားပြောလိုက်"

ပေရယ် က ကျောင်းသူဝတ်စုံဖြင့် ဦးမျိုးရာဇာ ရှေ့မှာ ရိုကျိုးစွာ ရပ်လိုက်၏။

ပြီးနောက် ...

"ကျောင်းသူအသစ်ကျပ်ချွတ်လေး အသုံးတော်ခံပါတော့မယ် လူကြီးမင်းရှင့်"





ဦးမျိုးရာဇာ က မော့ကြည့်ပြီး ဆတ်ခနဲ မတ်တတ်ရပ်ကာ ပေရယ့် ကို ဆောင့်ကန်ပစ်လိုက်၏။

"သွားစမ်း .."

"ဖြောင်း .."

"အမလေး .. သေပါပြီတော်"

ဘောလူတွေ ဝိုင်းထိန်းလိုက်ရ၏။

ဦးမျိုးရာဇာ က ...

"ဒါကြီးတွေ ရိုးနေပါပြီ .. မကြည့်ချင်ပါဘူးဆိုမှ ဒါကြီးပဲ လာပြနေတယ်၊ နောက်တစ်ခါလာရင် လက်သီး အပိုဆုပ်ပါ ချပစ်မယ် .. မှတ်ပြီလား"

ပေရယ်ကို ဘောလူတွေ သွားတွဲရ၏။

ဦးမေဇော် က ...

"စိတ်ကိုထိန်းပါရှင် .. အဲ .. ဗျာ၊ ကျောင်းသူအသစ်ကလေးက ထွက်မလာသေးပါဘူး၊ ခုန ဆောင့်ကန်ခံရတဲ့ ပေရယ် က လူကြီးမင်းကို လာအသိပေးတာပါ"

"ဘယ်မှာလဲ .. မြန်မြန်ပြ ဟုတ်ရင်ဟုတ်ပေါ့ကွာ"

တီးလုံးသံ ထွက်ပေါ်လာ၏။

စတိတ်စင် လိုက်ကာကြီးက မရဲတရဲလေး ထွက်လာသော ကျောင်းသူပျိုမေလေး မေဒေး ကို ဦးမျိုးရာဇာ တွေ့

သွားၡ၏။

"မဟုတ်ရင် .. တော့ .. လား .. ငါ .. နဲ့ .. တွေ့ .. တွေ့.."

ဦးမျိုးရာဇာ မတ်တတ်မေ့သွားၡ၏။

မေဒေး က ပီပြင်စွာ သရုပ်ဆောင်ပြနေပြီ။ မေဒေး ရဲ့ လှုပ်ရှားမှုမှန်သမျှက ဦးမျိုးရာဇာ ကို ဖမ်းစားသွားလေပြီ။ ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ကျသွားၡ၏။

မေဒေး က ဦးမျိုးရာဇာ အနားကို လျှောက်လာၡ၏။ ရို့ရို့ လေးကခုနေ ရှက်ရွံ့ရှက်သွေးလွှမ်းသွားဟန်ဖြင့် ညုကစား လိုက်ၡ၏။

ဦးမျိုးရာဇာ အတင်းလိုက်ဖမ်းတော့ၡ၏။ မေဒေး က ကျင်လည်စွာရှောင်ထွက်ရင်း စတိတ်စင်ပေါ် ပြန်တက် က ပြၡ၏။

ဦးမျိုးရာဇာ နေမထိထိုင်မသာဖြစ်ပြီး ပန်းကုံး၊ စလွယ်၊ သရဖူတွေ အကုန်ယူပြီး မေဒေး ကို ဆုချတော့ၡ၏။

ကစ်တွေ ဘယ်ပြန်ညာပြန် ..၊ မေဒေး အလစ်အငိုက်မို့ ခံ လိုက်ရၡ၏။

ချက်ချင်းပင် ရင်ဘတ်ကို အသာဆောင့်တွန်းပြီး ရှက်မျက်နှာထားဖြင့် လိုက်ကာကြားထဲကို ပြေးဝင်သွားလိုက်ၡ၏။





ဦးမျိုးရာဇာက ...

"တွေ့ပြီ .. တွေ့ပြီ၊ ငါရှာနေတာ သူ့ကိုပဲ၊ မင်းတို့ဆိုင်ရဲ့ တင်ဆက်ပုံတွေ အရမ်းကောင်းတယ်၊ အရမ်းကြိုက်တယ်၊ ဝွတ်ရှယ် .. ရှီး .. ဖြောင်း .. ဖြောင်း .. ဖြောင်း ..."

ဘေးကဝန်ထမ်းတွေပါ လက်ခုပ်ဝိုင်းတီးပေးကြကုန်ၡ၏။

ဦးမျိုးရာဇာ ဟတ်ထိသွားပြီး အသည်းအသန်ပင် မေဒေး ကို သူ့အနား ခေါ်ပေးခိုင်းနေလေသည်။

♡♡♡

"ကိုယ့်အသား ပဲ့သွားတာမှ မဟုတ်တာ မေဒေး ရယ် .. သွားလိုက်ပါ၊ ဆုကြေးတွေ သောက်သောက်လဲရမှာ၊ ကိုယ် ခရာတတ် တီတာတတ်ရင် တစ်ညတည်းကို မနည်းမနောရမှာ၊ လူစားလဲလို့ရရင် လဲပစ်လိုက်ချင်တယ်အေ .."

"ဦးဇော် ကလဲ .. နှစ်ခါနမ်းခံလိုက်ရပြီးပြီ၊ အရက်စော်နံ သလိုကြီးပဲ .. မကပ်ချင်ပါဘူး"

အားလုံးက ဝိုင်းဝန်း တောင်းပန်ကြ၏။

နောက်ဆုံးတော့ မေဒေး လိုက်လျောလိုက်ရ၏။ ဦးမျိုး ရာဇာ အနားကို မရဲတရဲ လေး တိုးကပ်သွား၏။

ဦးမျိုးရာဇာ က လက်နှစ်ဖက် ဖွင့်ကမ်းပြီး ...

"လာပါ .. ကိုယ့်ဆီကို လာစမ်းပါ အချစ်ကလေးရယ်၊ ကိုယ့်ပေါင်ပေါ်မှာ လာထိုင်၊ ကိုယ့်ကို ယစ်ရွှေရည်တွေ ငှဲ့တိုက်၊ ကိုယ်တို့ စကားတွေအများကြီး ပြောကြမယ်၊ ဒေဝဥယျာဉ်ထဲ ရောက်နေသလိုပေါ့"





"ကျေးဇူးပြုပြီး အဲဒီလိုမလုပ်ပါနဲ့ရှင် .. ကျွန်မ ကြောက်လို့ ပါနော်"

"အိုး .. ဟိုး ... အဲဒီကြောက်နေတာလေးကိုက ချစ်ဖို့ ကောင်းနေတာ၊ ကြည့်စမ်း .. နှုတ်ခမ်းရဲရဲလေးနဲ့၊ ပါးအိုလေး တွေက နီတျာတျာ၊ မျက်လုံးဝိုင်းလေးတွေက စိုးရိမ်စိတ်တွေ ပြာလဲ့၊ သိပ်လှတဲ့ကျောင်းသူလေးပဲ၊ နာမည်လေးက ဘယ်သူ.."

"မေ .. မေဒေး ပါရှင့်"

"မေဒေး ..၊ ခေတ်ဆန်တယ် .. လိုက်တယ်၊ ကလေး .. ဦး နားမှာလာထိုင်၊ ဦးနာမည်က ဦးမျိုးရာဇာ၊ ခေါ်ချင်ရင် ဦးမျိုး လို့ ခေါ် .. ဟုတ်ပြီနော်"

"ဟုတ် .."

ဦးမျိုး ဘေးမှာ အသာဝင်ထိုင်လိုက်၏။ ဦးမျိုးက မေဒေး ကို အတင်းလိုက်ဖက်၍ မေဒေး ရုန်းကန် တွန်းဖယ်ပြီး ထပြေး ရပြန်၏။ ဘေးလူတွေက ဘယ်သူမှလာမဆွဲ၊ ဦးမျိုး စိတ်တိုင်း ကျ လွှတ်ပေးထား၏။

ဆိုဖာဆက်တီခုံတွေနှင့် သီးသန့်ခန်းတစ်နေရာမှာ မေဒေး ကို ချောင်ပိတ်မိသွား၏။ မူးရူးနေသော ဦးမျိုးက မေဒေး ကို အတင်းဝင်ဖက်၏။ မေဒေး အကြောက်အကန် ငြင်းဆန် အော် ဟစ်လည်း မရ။

ဦးမျိုး က ထောပတ်တုံးထဲ ဓားသွားနှစ်သလို နစ်ဝင်တဲ့ အထိ ဆွဲဖက်မှိန်းမူး အတင်းလူးနေတော့၏။

“ဦးမျိုး ရယ် .. မိန်းမတစ်ယောက်ရဲ့အချစ်ကို လိုချင်တာ လား .. ဘဝကို လိုချင်တာလား၊ ခန္ဓာကိုယ်ကို လိုချင်တာလား၊ ခန္ဓာကိုယ်ကို အတင်းအဓမ္မလိုချင်တာဟာ လူမဆန်တဲ့ ကာမ ဘီလူးမိစ္ဆာ တစ်လမ်းသွားတွေရဲ့အလုပ်ပါရှင်”

မျိုးရာဇာ သတိဝင်လာ၏။ ဖက်ထားသောလက်တွေ ဖြေ လျော့ပေးလိုက်၏။ နောက်မှီဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်ချ လိုက်၏။ မေဒေး လွတ်လပ်သူလေးဖြစ်သွားပြီ။ ပက်လက် ကြီး လန်ကျနေသော မျိုးရာဇာ က ...

“ဆောရီးပါကွာ .. ဦး လွတ်သွားတယ်၊ ဦး တကယ်လိုချင် ခဲ့တာ မိန်းမတစ်ယောက်ရဲ့ အချစ်နဲ့ ဘဝကိုပါ၊ အချစ်နဲ့ ခန္ဓာ ကိုယ်ပါ ကိုယ်ရခဲ့ဖူးတာ အချစ်၊ အနှစ်ပဲ ရခဲ့တယ်၊ အကာ မရခဲ့ဘူး၊ ဘဝနဲ့ ရုပ်ခန္ဓာကို သူတစ်ပါးက သိမ်းပိုက်ရယူသွား တယ်၊ ဘာပဲပြောပြော သိမ်းပိုက်ခဲ့သမျှ စံစားသွားရတယ်၊ ကိုယ့်မှာသာ အချစ်ကိုရခဲ့တယ်ဆိုပြီး ဘာမှမစံစားခဲ့ရဘူး၊ အချစ်ရူးကြီးဘဝနဲ့ နေခဲ့ရတယ်၊ နောက်တော့ ဘဝနဲ့ ခန္ဓာ ကိုယ် ရပိုင်ဖို့ အခွင့်ရတာနဲ့ အတင်းတက် သိမ်းပိုက်ပစ်လိုက် တယ်၊ ချစ်သူရဲ့ ဘဝနဲ့ခန္ဓာက သူများအားရအောင် နမ်းရှိုက်





ပွတ်ခြေခံထားရပြီးတဲ့ ပန်းပွင့်နွမ်းဖတ်ကြီး ဖြစ်နေပါပြီ၊ ချိုမြိန် တဲ့ဝတ်ရည်၊ သင်းပျံ့တဲ့ရနံ့ ဆိုတာကလည်း အငွေ့အသက် လေးပဲ ကျန်ပါတော့တယ်၊ ဦး ကြေကွဲရတယ်၊ သိပ်ကို ကြေကွဲ လူးလဲခဲ့ရတာတွေ၊ ဒီနေ့ စိတ်ရှိလက်ရှိ ပေါက်ကွဲနေမိတာပါ ကျောင်းသူလေး မေရယ် ..”

ဦးမျိုးရာဇာ က လူချောလူခန့်ကြီးတစ်ဦးပါ။ အရပ် အမောင်းက မြင့်မားမိုးမတ်နေ၏။ အသက်လေးဆယ်ကျော်ပြီး သော်လည်း သူ့ရဲ့လက်မောင်းနှင့် လက်ဖျံကြွက်သားတွေက ကျစ်လစ်သန်မာဆဲ။

သူ့ရင်အုပ်ကျယ်ကြီးကလည်း ဖားဖိုကြီးလို အချစ်ဓာတ် တွေ တဟုန်းဟုန်းဟပ်အောင် စွမ်းဆောင်နိုင်နေဆဲ။ သေသပ် သားနားစွာဝတ်ဆင်ထားသည့် သူ့ပုံစံက တကယ့်ကို ဂျန်းတဲ မဲန်းစတိုင် အပြည့်။

မေဒေး ကို လိုက်ဖမ်းချိန်က ဖရိုဖရဲအသွင် ပေါက်သွားတာ တွေ သူ့ဘာသာ အမြန်ပြုပြင်လိုက်တာနှင့် သေသပ်သွားရ ပြန်၏။

“အရက်ကို နိုင်သလောက် သောက်ပါနော်၊ တန်ဆေးလွန် ဘေးတဲ့၊ အမြည်း ကောင်းကောင်းစား၊ ဦးမျိုး ဝါသနာပါရင် မေဒေး နဲ့ ဘေးချင်းကပ်ထိုင်ပြီး ကာရာအိုကေ စုံတွဲသီချင်းတွေ

ဆိုကြမယ်လေ၊ လိုအပ်ရင် အတူတွဲကလို့လည်း ရတယ်၊ ဦးမျိုး က တန်ဂို ကတတ်မှာပါ”

“ကတတ်တာပေါ့၊ မေအေး က တကယ်စွမ်းတဲ့ကျောင်းသူလေးပဲ၊ သီချင်းတွေလည်း ရပုံရတယ်၊ ဟုတ်တယ် .. မေအေး ပြောသလို စုံတွဲသီချင်း ဆိုကြမယ်၊ ပြီးရင် ဘိုဖြူသီချင်း ဖွင့်ပြီး ရမ်း ကကြမယ်လေ၊ အဲဒါ ပိုမကောင်းဘူးလား”

မေအေး ဖြူစင်စွာဖြင့် ပြုံးပြလိုက်၏။ ဦးမျိုး က သီချင်းစာသားကို ပြောင်းလဲ သီဆိုကြွေးနေ၏။

xx ဘီလပ်ရည်ချိုချိုလေး xxx ဇိယှမှာက xx ပျိုလေး xx
အပျိုလေးတော့ xx အပျိုလေး xx

ဆိုသည့် စာသားကို ...

xxဘီလပ်ရည်ချိုချိုလေး xx ဇိယှမှာက ကျောင်းသူ လေး xx
ကျောင်းသူလေးတော့ xx ကျောင်းသူလေး xx





“မေအေး .. ရော့ ... ငွေငါးသောင်း မုန့်ဖိုး၊ ကြိုက်ရာသုံး၊ ဦးမေဇော် က ဘောက်ဆူးပေးတာ”

ဦးမျိုးရာဇာ ဆီက ရလိုက်သည့် ငွေကြေးတွေရယ်ပါ။ မေအေး မသုံးဖြစ်ပါဘူး။ မိဘနှင့် မောင်ညီမတွေဆီ အပြေးကလေး သွားပေးဖြစ်၏။

မေအေး အောက်က ညီမတွေ၊ မောင်တွေလည်း အရွယ်ရောက်သင့်သလောက် ရောက်လာကြပြီမို့ မိဘကို တစ်ဖက်တစ်လမ်းက ဝိုင်းကူနေကြပါပြီ။

“ငါ့သမီးကြီးကတော့ ဇာတာကောင်းလို့ မင်းသမီးလေးလို နေရတယ်၊ မိဘအပေါ်သိတတ်လို့ ဒီလိုအကျိုးကျေးဇူးခံစားရတာပေါ့”

အဖေကတော့ ...

“ကိုယ့်ဘဝကိုယ်ထိန်း သမီးရေ၊ အဖေတို့ကတော့ ဒါပဲ ပြောနိုင်တယ်၊ သိပ်မကြာခင် အဖေလည်း ပင်စင်နဲ့နားတော့မှာ၊

သားသမီးတွေပဲ အားကိုးရတော့မှာ၊ သားသမီးဆိုတာ ငယ်တုန်းကတော့ လိမ့်ရှာကျွေးရလို့ ရတာ နာခဲ့တာပေါ့၊ သူတို့တွေကြီးလာတော့ ဝိုင်းဝန်း လုပ်ကိုင် ရှာကျွေးလာကြလို့ ရတာနာလေးတွေ ဖြစ်လာကြပြီလေ”

အမေက အဖေ့ကို မျက်စောင်းထိုးပြီး ...

“ဘာလဲ .. ရှင်က ထပ်မွေးခိုင်းချင်သေးလို့လား၊ ကျုပ်လည်း အသက်ကြီးပြီ .. သွေးလည်း ဆုံးနေပြီ၊ နောက်တစ်ယောက်သာ ရှာယူမွေးတော့”

“ကောင်းတာပေါ့”

“ဘာကောင်းတာလဲ .. သေနာကျ”

အမေက နီးရာကော်ခွက်နှင့် လှမ်းပေါက်၍ အဖေလည်း ထပြေးရတော့၏။ တစ်နေ့တာ မိသားစုပြန်ဆုံခိုက်မှာ ထမင်းဝိုင်းဖွဲ့ လက်ဆုံစားပြီး ဟိုအကြောင်း၊ ဒီအကြောင်းတွေ ပြောရတာလည်း ပျော်စရာ။ အငယ်ဆုံးကလေးပင် ငါးနှစ်ကျော်ပြီမို့ အမေလည်း လက်လွှတ်နေရပါပြီ။

မိသားစုနှင့် တစ်နေကုန်နေပြီး ဆိုင်ကိုပြန်လာဖြစ်၏။ ဆိုင်ရောက်တော့ ရဲရင့် ရဲ့ဆိုင်ကယ် ထိုးဆိုက်လာတာနှင့် တန်းတိုး၏။

“ရွှေမင်းသမီးလေး .. သိပ်လှနေပါလား၊ ဘယ်ကပြန်လာ





တာလဲ၊ ကေန္တတော့ ..”

“ဘာလဲ ရဲရင့် .. ဘာမှ မကေန္တဘူး၊ ငါ့မိဘအိမ်က ပြန်လာတာ၊ နင် အခုမှ ရောက်လာတာလား”

“အေး .. နင် ဆိုင်ကယ်လျှောက်စီးချင်မလားလို့ လာခေါ်တာ၊ မကြာခင် အောင်စာရင်းတွေ ထွက်တော့မှာ”

“ဟုတ်လား .. နင်ကတော့ အမှတ်ကောင်းကောင်းနဲ့ ဆေးလိုင်း ဒါမှမဟုတ် နည်းပညာပိုင်းတော့ ရမှာပါ”

“မထင်နဲ့ .. ငါ နောက်ဆုံးနှစ်ဘာသာဖြေတာ စိတ်အနှောင့်အယှက်ဖြစ်သွားလို့ ကောင်းကောင်း မဖြေနိုင်ခဲ့ဘူး၊ ငါ့ပထွေးနဲ့ ရန်အကြီးအကျယ်ဖြစ်ခဲ့လို့လေ”

“ဩော် .. အခု ပထွေးနဲ့ အဆင်ပြေသွားပြီလား”

“ဒီလိုပါပဲဟာ ..”

“နင့်အမေရော .. အခြေအနေ ကောင်းလာပြီလား”

“အရင်အတိုင်းပါပဲ”

ရဲရင့် မျက်နှာလေး နွမ်းလျရီဝေသွား၏။ ဆိုင်ထဲမှာ မာမီသက် တစ်ယောက်တည်းသာ ရှိနေ၏။

ဘောင်းဘီနှင့် တီရှပ်ကို ဒေး ဝင်လဲရင်း မာမီဇော် တို့ကို မေးကြည့်မိ၏။ မာမီသက် က ..

“မေဇော်တို့ ကန္တားပွဲသွားတယ်လေ”

ဒေး လည်း ရဲရင့် ဆိုင်ကယ်ပေါ် တက်မောင်းဖြစ်၏။ ရဲရင့် က နောက်ကနေ ခွစီးပြီး ဒေး ရဲ့ခါးသိမ်လေးကို ပိုင်စိုးပိုင်နင်း ဖက်ထား၏။

"ဖက်ထားတာ လျှော့ဦး .. သိပ်အသားယူတာပဲ"

"ပြုတ်ကျမှာ ကြောက်လို့ ..."

"ဟွန့် .."

"ဒီအတိုင်းလေးပဲ နေသွားချင်လိုက်တာ .."

"ရဲရင့် နော် ..."

"အင်း .. ဘာဖြစ်လဲ"

"တို့က သူငယ်ချင်းတွေ .. မရိုးသားတဲ့စိတ်မျိုး မထားရဘူး .. ကြားလား"

"ကြားပါတယ်၊ ရိုးသားစွာ ချစ်နေပါ့မယ်"

"ဘာချစ်တာလဲ၊ ပြောလေကွဲလေပါလား"

"သူငယ်ချင်းလို ချစ်တာလေ"

"အလျှောက်ကောင်းလို့ [illegible] မှတ်"

ဆိုင်ကယ်ကို မောင်းထွက်လာလိုက်၏။ ရှုခင်းကောင်းသော ဆိုင်လေးတစ်ဆိုင်ရှေ့မှာ ရပ်လိုက်၏။ ဆိုင်ထဲဝင်ပြီး အအေးတစ်ခွက်စီ မှာသောက်ဖြစ်ကြ၏။

အမှတ်မထင် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိ





၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်သင်ပြီး တစ်ရက်အကြာမှာ စိမ်းဖန့်နေသောမျက်နှာနှင့် ရဲရင့် ပုံစံက အားကိုးထိုက်သော ယောကျ်ားကောင်းတို့ရဲ့ ခြသေ့်ဣန္ဒြေမျိုး။

မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ် ပုတ်ခတ်နေတာကိုက ရဲရင့် ရင်ကို လှုပ်ခါစေ၏။ နှုတ်ခမ်းနုထွေး၊ မျက်ဝန်းကြည်လဲ့၊ နှာတံစင်းပြေ၊ ချောနုမွတ်စင်နေသော မဒေး ရဲ့ အလှက တစိမ့်စိမ့်ကြည့်လေ ပိုလှလေပင် ..။

"ဒေး .."

"အင်း .. ဟင် .."

"သိပ်လှတယ်ကွာ .."

"ထင်လို့ပါ .. ရှင်လည်း ကြည့်လို့ကောင်းပါတယ်"

ရဲရင့်သူရ က ဟက်ခနဲ ရယ်လိုက်ပြီး အအေးတစ်ငုံသောက်လိုက်၏။

"ဒေး ဟာ ကိုယ့်ဘဝရဲ့ အိုအေစစ်လေးပဲ၊ ကိုယ့်ဘဝမှာ မွန်းကျပ်ပိတ်လှောင်လာတိုင်း ဒေး ဆီ ပြေးလာမိတယ်၊ ဒေး နဲ့တွေ့ပြီး စကားပြောနေရရင် စိတ်ညစ်စရာတွေ အကုန်မေ့သွားရော၊ ဒေး က ကိုယ့်အတွက် အဲဒီလောက်တောင် အစွမ်းထက်တဲ့သူပါကွာ"

ဒေး က မျက်ဝန်းရွှဲကြီးတွေနှင့် ရဲရင့် ကို တုံ့ပြန်ကြည့်ပြီး

အသနားပိုသွားမိ၏။ ပြီးမှ ...

"လောကမှာ ကိုယ့်တစ်ယောက်တည်း ကံဆိုးနေတယ်လို့ ထင်မထားပါနဲ့ ရဲရင့် ရယ် .. လူတိုင်း လောကဓံလှိုင်းရဲ့ အနိမ့် အမြင့်ကြားမှာ လူးလိမ့်ရုန်းကန်နေကြရတာပါ၊ ဒီခေတ်ကြီးမှာ ဆင်းရဲမွဲတေနေသူတွေ ဒုနဲ့ဒေးပါ၊ သူတို့ဆို စိတ်ညစ်တိုင်းသာ လွှတ်စိတ်ညစ်ရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ပဲ ရှိတော့ တယ်၊ သူတို့မသေဘူး .. ကြံ့ကြံ့ခံပြီး နေနိုင်ကြတယ်၊ မိဘ မရှိဘဲ ကိုယ့်ဘဝကိုယ် ရုန်းကန်စားနေရတဲ့သူတွေဆို ဘယ်လို လုပ်မလဲ"

ရဲရင့် ငြိမ်သက် တွေမောသွား၏။ ပြီးမှ ဒေး ကို သေချာ ပြန်ကြည့်ရင်း ...

"တို့တွေ ဆယ်တန်းအောင်ရင် တက္ကသိုလ် အတူတက်ကြ မယ်၊ ဟိုဟာတွေနဲ့ ဝေးသွားတာပေါ့၊ ကျော်နန္ဒ တို့၊ သရဖူ တို့ကတော့ အမှတ်ကောင်းနဲ့ အနိမ့်ဆုံး နည်းပညာလောက် ပါသွားကြမှာပဲ၊ အဲဒါတွေနဲ့ ပြန်မဆုံရတာလည်း တစ်မျိုးကောင်း ပါတယ်"

"ဟုတ်တယ်နော် .. ဒေး ဘဝက အလုပ်တွေကတစ်ဖက် ဆိုတော့ **နေ့ကျောင်းတက်ဖြစ်ချင်မှ တက်ဖြစ်မှာပါ၊ အဝေးသင် ပဲ ယူဖြစ်လိမ့်မယ်ထင်တယ်"**





"ဒေး ရယ် .. အဲဒီလိုတော့ မလုပ်ပါနဲ့၊ ကိုယ် ထောက်ပံ့ ပါ့မယ်၊ ကိုယ် စရိတ်စက အကုန်ခံမယ်"

"လိုချင်ပါတယ် .. ဒါပေမယ့် ပြန်မပေးဆပ်နိုင်ဘူး၊ လောကကြီးတစ်ခုလုံး အပေးအယူသဘောမျိုးတွေနဲ့ တည် ဆောက်ထားတာလေ"

"ကိုယ်က ဒေး ဆီက ပြန်ယူမယ့်ကောင် မဟုတ်ပါဘူး၊ ဒေး အဆင်ပြေအောင် ဒေး ကောင်းစားတာကိုပဲ မြင်ချင်နေတဲ့ ကောင်ပါ၊ ဒေး ကိုလေ .. ကိုယ် ..."

ရဲရင့် ပြောမည်အပြင်မှာ ဆိုင်ထဲကိုဝင်လာသည့်လူတွေ ကြောင့် စကားရပ်သွား၏။ ဒေး က နောက်ကိုလှည့်ကြည့် လိုက်သည်။

"မြတ်စွာဘုရား ..."

တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရသူတွေကြောင့် ဒေး ဘုရား တ,မိသွားရတော့သည်။

ကျော်နန္ဒ တို့ကလည်း ရဲရင့် တို့ကို တွေ့သွားပြီး ထိုင်ရမလို ထရမလိုတွေ ဖြစ်ကုန်ကြ၏။

သရဖူ နှင့် သန္တာ တို့က နှာခေါင်းတွေ ရှုံ့သွားကြ၏။ သူတို့က ပရာဒိုတစ်ပတ်ရစ်ကားနှင့် ရောက်လာကြခြင်း ဖြစ်သည်။

"ဒီနေရာလေး အေးဆေးတယ်မှတ်ပြီး ဝင်လာတာ၊ ပတ်ဝန်းကျင် မသန့်ဘူး"

ကျော်နန္ဒ က စတင် စောင်းမြောင်း၏။

ရဲရင့် က ...

"ဟော့ကောင် .. မင်း ယောကျ်ားဖြစ်ပြီး ဘာစောင်းမြောင်းပြောတာလဲ၊ စောင်းပြောတာ မိန်းမလျှာအလုပ်ကွ"

"ဘာတွေ လာပြောနေတာလဲ .. မင်းကို ပြောလို့လား"





"မင်းမျက်လုံးတွေကို ကြည့်တာနဲ့ သိတယ်၊ ပေါ်တင်ပြော .. ပတ်ဝန်းကျင်က မင်းတို့လို ပိုက်ဆံရှိရင် လူမထင်တတ်တဲ့ ညဉ်ဆိုးရှိတဲ့ကောင်တွေကြောင့် အကျည်းတန်နေရတာ၊ မင်းအရည်အချင်း ဘာရှိလဲ .. မိဘအားကိုးနဲ့ ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူနေတဲ့ကောင်က .."

သရဖူ က ကြားဖြတ်ပြီး ...

"နင်ကျတော့ နှုတ်သီးကောင်းလျှာပါးနဲ့ ရန်တွေ့နေလိုက်တာ၊ အခြောက်မတူမနဲ့ တွဲနေမှတော့ အဲဒီစိတ်တွေပေါက်ပြီး ပြောတတ်နေပြီပေါ့"

"နင့်ပါးစပ် ပိတ်ထား .."

"မပိတ်နိုင်ဘူး"

စားပွဲထိုးနှင့် ဆိုင်ရှင် ရောက်လာပြီး ကြားဝင် ဖျန်ဖြေပေးရတော့၏။ ရဲရင့် တို့လည်း ငွေရှင်းပြီး ထွက်လာလိုက်၏။

ကျော်နန္ဒ တို့ လှောင်ရယ် ဟားတိုက်သံတွေကို ဂရုစိုက်မနေတော့။

"တောက် ... အရေးကောင်းမှ အကုသိုလ်က ရောက်လာသေးတယ်၊ တခြားနေရာသွားမယ်"

ရဲရင့် စိတ်တိုပြီး ဆိုင်ကယ်ကို စွတ်မောင်း၏။ တစ်နေရာအရောက်မှာ နတ်ကန္တားပွဲနှင့် သွားတိုးနေ၏။ ကန္တားပွဲထိပ်စီး

စာလုံးတွေကို လှမ်းကြည့်လိုက်ပြီး ...

"ရဲရင့် .. ရပ် .. ခဏရပ်၊ အဲဒါ ဦးလေးမေဇော် တို့ ကနေတဲ့ ကန္နားပွဲပဲ"

ကန္နားပ်ိး မေဇော် တို့အဖွဲ့ကတဲ့ နတ်ပွဲတဲ့။ နဖူးစည်းကြီး ရေးထိုးထား၏။ ကန္နားပွဲက ညောင်ပင်ဘေးမှာ မဏ္ဍပ်ထိုးပြီး ကနေခြင်းပင်။

နောက်ခံ နှစ်ထပ်တိုက်ကြီးက အိမ်ရှင်တွေ ကျင်းပပေးခြင်းဖြစ်၏။ ရဲရင့် က မကြည့်ချင်။ မေဒေး က ဦးလေးဇော် တို့ အဖွဲ့မို့ အားပေးချင်၏။

လိုအပ်တာတွေ ခဏ ဝင်ကူလုပ်ပေးချင်နေ၏။

မာမီစော က ကိုကြီးကျော် ဝင်နေ၏။ မာမီဇော်ကတော့ အနောက်မယ်တော်ဝင်ဖို့ ပြင်ဆင်နေ၏။ မေဒေး တို့ရောက်လာတာမြင်တော့ ...

"သမီးဒေး ရောက်လာတယ်၊ အံ့ရောဟယ် .. ရောက်လာတာ အတော်ပဲ၊ ရွှေနှံမိလေး ဝင်ကပေးပါလား၊ ကန္နားရှင်တွေက တောင်းဆိုလို့ .."

"ဦးဇော် ဘာဖြစ်လို့လဲ"

"အသံတွေ ဝင်ချင်နေတယ်၊ ရွှေနှံမိလို နှာသံလေးနဲ့ ပြောမရလို့ပေါ့ဟဲ့"





ရဲရင့် ကို ဆိုင်းဝိုင်းဘေးမှာ နေရာချပေးလိုက်၏။ အဆိုကျော် ဒေါ်အာပြဲစိန် က သီချင်းတွေ အော်ဆိုနေ၏။

"အရက်သမားမှန်ရင် × × ကိုကြီးကျော်ကို တ,ကြပါတယ် × × ကြက်သမားမှန်ရင်လည်း × × × ဖေဖေကျော်ကို တ,ကြပါတယ်"

မေဒေး လည်း နောက်ခန်းထဲဝင်ပြီး နတ်အကူတွေနှင့် ရွှေနှံမိဝတ်စုံ ဝတ်ဆင်လိုက်ရတော့၏။

ရဲရင့် ကတော့ စိတ်ပိန်လိန်ပြီး ဟိုလိုက်ကြည့်၊ ဒီလိုက်ကြည့် လုပ်နေရှာ၏။ ကန္နားစီး မေဇော် တစ်ယောက် အနောက်မယ်တော် ဝင်နေ၏။ မီးတွေ အပြတ်စားပြနေ၏။

ချိုင်းတွေ၊ လက်တွေ၊ မီးရှို့ပြ၏။ ဖယောင်းတိုင် ငါးတိုင်စာမက မီးကို ဘွားခနဲ ဘွားခနဲ စားပြနေ၏။

အာပြဲစိန် က ...

"အမေ .. ပူသလား အမေ"

"ပူဘူးတော့် .."

"အမေ .. လောင်သလား အမေ"

"လောင်ဘူးတော့်"

"ဟေး .. ဒါမှ တို့အမေ × × တို့အမေဟေ့၊ ရေယာဉ်ကတော်ကြီးရေ .. အမေရေယာဉ်ကတော်ကြီးရေ × ×"

သီချင်းဆိုပေး၏။

ဦးဇော် လည်း နတ်ကတွေ ကပြတော့၏။ ထိုစဉ်မှာပင် နတ်ပွဲဘေားကို ကားတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်က ဆင်းလာသူတွေက ဝိုင်းအုံကြည့်နေသူတွေကို ဖြဲရဲပြီး ရောက်အောင် ဝင်လာနေကြ၏။

ကန္တားရှင်တွေရဲ့အသိအကျွမ်း ဖိတ်ထားသူတွေ ဖြစ်ရမည်။ ကန္တားရှင်သူဌေးတွေက ဆီးကြိုကြ၏။

ရဲရင့် နှင့် မေဒေး တို့ ဝင်လာသူ ကျော်နန္ဒ တို့အဖွဲ့ကို လှမ်းတွေ့လိုက်ရ၍ အံ့သြ စိတ်ညစ်ကုန်၏။

အခုမှ ပတ်ဝန်းကျင်က အလုံးစုံကို မသန့်ရှင်း၊ လုံးဝ ညစ်ပတ်ခြင်းတွေ ဖြစ်ကုန်တော့၏။

♡♡♡





ကျော်နန္ဒ တို့လည်း မနဲ့လေး ဝင်ပူးမည့် မေဒေး ကို တွေ့တော့ အံ့သြ ပြုးပြာကုန်ကြ၏။

ဆတ်ဆတ်တုန်ပြီး မနဲ့လေး ပူးဝင်ပြီးသောအခါ တစ်ပိုဒ်၊ နှစ်ပိုဒ် ကပြီးသည်နှင့် ကန္တားပွဲ ကျင်းပပေးသော ဒေါ်ရွှေစင်နှင့် သမီးတွေက သိလိုရာတွေ ဝိုင်းမေးကြ၏။

"ရွှေနဲ့လေး .. စီးပွားတွေ ထပ်တက်အောင် မ,စပေးပါဦး"

"မ,နေတာပဲလေ ... နင်တို့က ဝိတ်ပေါက်ကြီးတွေကိုးဟဲ့၊ နင်တို့ကသာ ရွှေနဲ့လေးကို မ,စတာ၊ ရွှေကိုကိုကြီးက ရွှေနဲ့လေးကို ဂရုမစိုက်ပါဘူး"

ဒေါ်ရွှေစင် က ...

"ရွှေကိုကိုကြီးဆိုတာ ရွှေမမကြီးရဲ့ခင်ပွန်းကို ပြောတာလား၊ သူတော့ ဘာသိဘာသာသမားပါ၊ ရွှေနဲ့လေးက ဂရုစိုက်စေချင်ရင် ဂရုစိုက်ပေးပါ့မယ်"

"အေး .. အဲဒါမှပေါ့၊ ရွှေညီမလေးတွေကိုလည်း ရွှေနဲ့လေးက မ,မယ်"

မေဒေး က နှာသံလေးနှင့် စကားပြောနေ၏။ မေဒေး က...

"ကြည့်စမ်း .. ကြည့်စမ်း၊ ရွှေဧည့်သည်မဟုတ်တဲ့ ကြေးဧည့်သည်၊ ချေးဧည့်သည်တော်တွေ ရောက်နေကြပါလား၊ သူတို့က ရွှေနဲ့လေးကို မယုံကြဘူးလား .. ပြောစမ်းပါဦး"

ကျော်နန္ဒ၊ သရဖူ နှင့် သန္တာ တို့ လှုပ်လှုပ်ရွရွတွေ ဖြစ်ကုန်ကြ၏။ ဒေါ်ရွှေစင် နှင့် သားသမီးတွေက သူတို့ဧည့်သည်တွေကို ရှေ့သို့ တွန်းတင်ပေးကြ၏။ အိမ်ရှင်တွေအလိုကျ ကျော်နန္ဒ တို့ လိုက်နေပေးကြရ၏။

"ဟောဒီကောင်က လူဆိုး၊ ဒါတွေက လူဆိုးမတွေ၊ ရွှေနဲ့လေး မကြိုက်ဘူး၊ သူတို့က အကျင့်မကောင်းဘူး၊ သူတို့ အကျင့်တွေဖျောက်ရင်တော့ ရွှေနဲ့လေး မ,ပေးမယ်၊ သူတို့ကို လေ .. သိန်းဆုအကြီးကြီးပေါက်အောင် မ,ပေးမယ်"

"နန္ဒ တို့၊ သရဖူ တို့ ကြားကြလား၊ ရွှေနဲ့လေးက တကယ် မ,တယ်၊ ရွှေနဲ့လေး သဘောကျအောင် နေကြ"

"ဟုတ်ကဲ့ .."

"ဟုတ် .."

ရွှေနဲ့လေးက ...





"သူတို့အကျင့်တွေပျောက်အောင် ရွှေနဲ့လေး လုပ်ပေးမယ်၊ ယပ်တောင်ပေးစမ်း"

ခေါက်ယပ်တောင်ကိုခေါက်ပြီး ကျော်နန္ဒ၊ သရဖူ နှင့် သန္တာ တို့ရဲ့ခေါင်းတွေကို လိုက်ပိတ်ရိုက်ပစ်လိုက်၏။ ကျော်နန္ဒ ရှုံ့မဲ့ ငြိမ်ခံရှာ၏။ သရဖူ လည်း မျက်နှာကြီးကိုပျက်လို့၊ သန္တာ ဆိုတာ ငိုမဲ့မဲ့။ မေဒေး က သူ့ခွင်ထဲဝင်တုန်း အပြတ်နှိပ်ကွပ်နေ၏။

"သူတို့အကျင့်ဆိုးတွေပျောက်အောင် လေးဘက်ကုန်းကြစမ်း၊ အခု ကုန်းစမ်း"

ကျော်နန္ဒ တို့လည်း ခိုင်းတဲ့အတိုင်း လိုက်လုပ်ကြ၏။ မနဲ့လေးက သူတို့အပေါ် တက်ခွစီးပြီး ...

"ဟဲ့ ... နွားထီး .. နွားသိုးကြီး .."

"ဟဲ့ .. မြင်းမ၊ ဟဲ့ .. လားမ"

"ဟဲ့ .. ဖွက်ကလုံမ၊ ဟဲ့ .. ဗျိုင်းတောင်မ"

မေဒေး ပြုသမျှ နုနေရတော့၏။ ရဲရင့် ကလည်း ခွက်ထိုးခွက်လန် ရယ်မောမိကြ၏။ ရဲရင့် ဘဝမှာ အားပါးတရ မရယ်ခဲ့ရဖူး။ ယခုတစ်ကြိမ် အူနှိပ်အောင် ရယ်နေမိ၏။

မနဲ့လေး ပြန်ထွက်သွားချိန်မှာ ကျော်နန္ဒ တို့သုံးယောက် မျှော့မျှော့လေးသာ ကျန်ခဲ့တော့သည်။

"ဘာတွေ ဟီလာတိုက်ခိုင်းထားတာလဲ၊ ဒေး က လုပ်လိုက်၊ ရဲရင့် က ရယ်လိုက်နဲ့၊ တော်သေးတာပေါ့၊ ပူးချင်ယောင်ဆောင်နေတာ မပေါ်သွားလို့၊ မနဲ့လေး လုပ်တယ်ပဲ ထင်သွားလို့၊ ပေါ်သွားလို့ကတော့ ကန္တာရစီး မေဖော် နာမည်ပျက်ပြီသာမှတ်၊ တူမကိုယုံလို့ ပုံအပ်လိုက်ပါတယ်၊ လုပ်သွားလိုက်တာ..."

ဦးမေဖော် က ဖိဆူနေခြင်း ဖြစ်၏။ မေဒေး က ကျော်နန္ဒ တို့ကို ဆုံးမလိုက်တာကို အပြစ်ပြောနေခြင်းဖြစ်၏။ နိုက်ကလပ်ကို ဦးဖော် တို့က တစ်ရက်ခြားဆိုသလိုပဲ ရောက်ကြ၏။ ကန္တာအလုပ်၊ အလုပြင်အလုပ်တွေရှိလျှင်တော့ မရောက်ဖြစ်။

ည(၁၀)နာရီလောက်မှာ ဦးနိုင်ဝင်း က ဖုန်းဆက်ခေါ်နေ၏။

"မေဖော် ရေ .. ဦးမျိုးရာဇာ ရောက်လာပြီး သောင်းကျန်းနေတယ်၊ ကျောင်းသူလေး မေဒေး ကို ရအောင်ခေါ်ပေးပါ၊





မေဒေး မှ ရောက်မလာရင် တစ်ဆိုင်လုံး မီးရှို့ခံရလိမ့်မယ် ထင်တယ်"

"ဟောတော့ .. ဒွတ်ကြီးပါလား၊ တကယ့်အချစ်လူဆိုးကြီးပဲ၊ လာခဲ့မယ် .. ထိန်းထားလိုက် .."

မေဖော် က မေဒေး ကို အလုပ်အသွားအပြန်မှာ သုံးသည့် ဟိုင်းလပ်ငါးချိတ်ကားနှင့် တင်ခေါ်သွား၏။ ဆိုင်နောက်ဘက်က ဝင်ပြီး ကျောင်းသူလေးပုံစံ ပြင်ဆင်ပေးလိုက်၏။

ဦးမျိုးရာဇာ သောင်းကျန်းနေသည့်အသံတွေကို အတိုင်းသား ကြားနေရ၏။ နိုက်ကလပ်ပိုင်ရှင်တွေ တော်တန်ရုံလူ သောင်းကျန်းနေလျှင် သူ့ဆိုင်က လူဆိုးထိန်းတွေလက် လွှဲပေးလိုက်၏။

ဦးမျိုးရာဇာ လို ဟိုက်ဘော့စ်ကြီးတွေကိုတော့ ဖူးဖူးမှုတ်ထားကြ၏။ မတို့ရဲ၊ မထိရဲ။ ဆိုင်ရှင်ကိုယ်တိုင် အသကုန် လိုက်ချော့မော့နေရ၏။

"ဘယ်မှာလဲ .. သာမယ်ဆိုပြီး အခု နာရီဝက်တောင် ကျော်နေပြီ၊ ငါ့ကိုညာတာလား .. ပတ်တာလား၊ လှည့်တာလား"

"မညာရပါဘူး ဦးမျိုးရာဇာ ရယ် .. ထွက်ပါတော့မယ်၊ ပြင်ဆင်နေရလို့ပါ"

တီးလုံးသံ ပေါ်ထွက်လာ၏။

မီးဆလိုက်အလင်းတန်းက စတိတ်ပေါ် ဖြာကျလာ၏။ ရွှေမှင်ငွေမှင်ရောင် လိုက်ကာကြားမှ ဘွားခနဲ ထွက်လာသော ကျောင်းသူလေး။

အတွင်းက အတင်း တွန်းလွှတ်လိုက်၍ ထွက်လာရဟန် ဖြင့် ရှက်ကိုးရှက်ကန်း၊ ယုန်သူငယ်မလေးပုံစံ လုပ်ပြနေ၏။

မေဒေး ကိုမြင်တာနှင့် ဦးမျိုးရာဇာ က လက်ခုပ်လက်ဝါး တီးလိုက်၏။ ကျန်တဲ့ဆိုင်ဝန်ထမ်းတွေလည်း လိုက်တီးပေး ကြ၏။

အရှူးနှင့်စိတ်ငြိမ်ဆေး တွေ့သွား၍ အားပေးကြခြင်း ဖြစ်၏။

ဦးမျိုးရာဇာ က စတိတ်စင်နားကပ်သွားပြီး မေဒေး ရဲ့ လက်ကလေးကို လှမ်းဆွဲ၏။ မေဒေး က လှည့်ပတ်ရှောင်ရင်း စတိတ်ပေါ်က မတော်တဆ အောက်ချော်ကျမည့်ဟန် ဖမ်း လိုက်၏။ ဦးမျိုး က ပြေးပြီး ဖမ်းထိန်းမည်ပြင်လိုက်၏။

တီးလုံးသံ တိခနဲ ရပ်သည်နှင့် ဦးမျိုးရာဇာ စတိတ်ခုံပေါ် တက်ပြီး မေဒေး ကို အပြုတ်ဆုချတော့၏။

ပန်းကုံး၊ စလွယ်၊ သရဖူ၊ မောင်းနှင်တံ အစရှိသဖြင့် ကစ်တွေ ပါ ပလူပျံသွား၏။ မေဒေး ခမျာ အတင်းရုန်းထွက်လည်း မရ။ အတင်းဒလမန်းကြမ်းကို ဖက်ပွေ့ထားတာ ခံလိုက်ရ၏။





မန်နေဂျာနှင့် ဦးဇော် တို့ အတင်း လာခွဲထုတ်ရ၏။

မေဒေး ခမျာ ရှက်လည်း ရှက်၊ ကြောက်လည်း ကြောက်၊ ရင်ထဲထိတ်ပျာပြီး အခန်းထဲမှာ ထူပူပြာဝေနေမိ၏။ ဦးမျိုးရာဇာ နှင့် ဦးဇော် တို့ တွေ့ဆုံ ပြောဆိုနေကြ၏။ ဧပရယ် တို့က မေဒေး ကို ဖျော်ရည်လာတိုက်ပြီး ...

"သိပ်ဆိုးတဲ့လူကြီး .. ဧပရယ့် တုန်းက ဆောင့်ကန်လိုက် တာ အခုထိ ကျောအောင့် ရင်အောင့် ဖြစ်နေတုန်း"

"အဲလိုလူကြီးမျိုးကတော့ လန့်ဖို့ ကောင်းပါတယ်ဟယ်၊ ငြိမ်တဲ့လူနဲ့ဆို ဘယ်လိုပဲနေရနေရ တော်သေးတယ်"

"နပြမနေနဲ့ .. နောက်တစ်ခါကြမ်းလာရင် ချိတ်နဲ့သာ ဆောင့်ထိုးပစ်လိုက် ဒေး .."

မေဒေး အအေးကိုသာ ကုန်အောင် သောက်နေလိုက်၏။ စကားကို အကုန်မပြောရဲ။ ပြောကိုမပြောနိုင်အောင် စကားတွေ လည်ချောင်းထဲမှာ တစ်ဆို့နေ၏။ ဦးဇော် အလှပြင်ခန်းထဲကိုဝင် လာမှ သူတို့တစ်တွေ အပြင် ထွက်သွားကြ၏။

"ငြိမ်သွားပြီလား ဦးဇော်"

"ခဏပေါ့ .. တူမကို ပြောစရာရှိတယ်"

"ဘာလဲဟင် .."

"ဒီည ဦးမျိုး အိမ်ကို တူမ ခဏလိုက်သွားပေးပါလား"

"ရှင် .. ဘာလိုက်လုပ်ရမှာလဲ"

"ဦးမျိုး ကို ချော့သိပ်ရမှာပေါ့ကွယ်၊ အဲဒီလို လိုက်ချော့သိပ် ခ,အဖြစ် ဦးမျိုးက သိန်း(၁၀၀)တောင် ပေးထားတာ"

"ရှင်!..."

မေဒေး အံ့ဩ ဆွံ့အသွားမိ၏။ ငွေရမည်ဆိုလျှင် တူမ ကိုတောင် ရောင်းစားရဲနေပြီလား ..။

"ဦး .. ဦးဇော် ရယ် .. ငွေလိုချင်တာနဲ့ မေ .. မေဒေး ကို အဲလို မရက်စက်ပါနဲ့"

ဦးမေဇော် က ခေါင်းတွင်တွင်ခါပြီး ...

"သိန်းတစ်ရာဆိုတဲ့ငွေက မနည်းဘူး၊ ဆင်းရဲသားတစ် ယောက်ရဲ့ဘဝကို နေ့ချင်းညချင်း ပြောင်းလဲသွားစေနိုင်တယ်၊ ငွေနဲ့ အသက်ဆက်နေတဲ့ ဒီခေတ်ကြီးမှာ တစ်ညလိုက်အိပ်ပေး တာ ဘယ်သူမှ မသိနိုင်ပါဘူး၊ မသိအောင်လည်း ထည့်ပေး လိုက်မှာပါ"

"ရှင်!..."

"သိပ်စဉ်းစားမနေနဲ့ တူမ၊ ဦးမျိုးရာဇာ က သိပ်မူးနေပြီ၊ သူ့မိဘတွေဆီက အမွေရထားတဲ့အိမ်မှာ သူတစ်ယောက်တည်း ပဲ နေတာ၊ စိတ်ရှိလို့သာခေါ်သွားပေမယ့် ဟိုရောက်ရင် တန်း အိပ်ပျော်သွားမှာ၊ ဦးဇော် ကိုယ်တိုင် အရက်ပြင်းတွေ ထပ်တိုက်





ထားပါတယ်၊ မနက်လင်းမှ ဦးဇော် ကိုယ်တိုင် ကားနဲ့လာခေါ် မယ်၊ ဘာမှ မဖြစ်စေရဘူး"

"ဟင့်အင်း ... ဦးဇော်၊ မေဒေး လိုက်မသွားချင်ဘူး၊ မူးနေ တဲ့လူက ပိုကြောက်ရတယ်၊ မေဒေး ရဲ့သန့်ရှင်းတဲ့ကိုယ်ခန္ဓာကို ငွေကြေးနဲ့မလဲနိုင်ဘူး၊ မေဒေး မလုပ်နိုင်ဘူး"

"တူမ ခေါင်းမမာနဲ့ .. စဉ်းစားစမ်းပါ၊ တူမကို သိန်းနှစ် ဆယ် ခွဲပေးမှာပါ၊ သိန်းနှစ်ဆယ်ဆိုတဲ့ငွေကို တစ်နှစ်လောက် ရှာကြည့်ဦး .. ရလွယ်မလား၊ သာမန်လူတွေဆိုရင် ပြောပါ တယ်၊ တူမက တစ်ညတည်းနဲ့ ရမှာနော်၊ ဒီလိုသူဌေးမျိုးရဲ့ မျက်စိကျမှု၊ လိုက်လျောမှုကို ဒီကမိန်းကလေးတိုင်း ငမ်းငမ်း တက် လိုချင်ကြတယ်၊ တူမလို အစစ်အမှန်အပျိုစင်လေးမို့ ဒီအခွင့်အရေးကို ရတာ၊ အခွင့်အရေးဆိုတာ နှစ်ခါပြန်မလာဘူး၊ စိတ်ကူးမလွဲချင်စမ်းပါနဲ့"

မေဒေး ဆတ်ခနဲ ထပြီး အခန်းထဲက ပြေးထွက်လာလိုက် ၏။ ဦးဇော် ရဲ့တကြော်ကြော်ခေါ်သံကို လှည့်မကြည့်တော့။

နိုက်ကလပ်ထဲက ထွက်ပြေးလာလိုက်၏။ အပြင်ရောက် သောအခါ ပြန်ထွက်မည့် အငှားကားနှင့် သွားကြုံ၏။ ကားငှား ပြီး မိဘအိမ်ကို တန်းမောင်းခိုင်းလိုက်၏။

အချိန်မတော်ကြီး ကားငှားစီးသောမိန်းကလေးမို့ ကား

သမားက ဗူးထချင်နေသေး၏။

"ရှင့်ကားနံပါတ်ကို မှတ်ထားတယ်၊ ရဲစခန်းကို မောင်း၊ ကျွန်မ မိန်းမကောင်းဆိုတာ အစစ်ခံမယ်၊ နိုက်ကလပ်ထဲက ထွက်လာတိုင်း အပျော်မယ်တွေချည်း ထင်မနေနဲ့"

ဒီတော့မှ ကားသမားလည်း ဖြုံသွားပြီး လိုရာခရီးကို အရောက်ပို့ပေး၏။ မိဘအိမ်ရောက်သောအခါ အဖေနှင့်အမေ တို့ ပြူးပြူးပျာပျာတွေ ဖြစ်ကုန်ကြ၏။

"ဘာမှဖြစ်လာတာ မဟုတ်ပါဘူး၊ ဦးမေဇော် နဲ့ စကား များပြီး ထွက်လာတာပါ၊ ဒီနေ့ကစပြီး မိဘအိမ်မှာပဲ သမီး ပြန်နေတော့မယ်"

မိဘနှစ်ပါး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန် ကြ၏။ မေဒေး က ...

"မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဒိုးတူဘောင်ဖက် လုပ်စားကြမယ်လေ၊ သမီးတို့က ဆင်းရဲပေမယ့် ကိုယ်ကျင့် တရား၊ ကိုယ်ကျင့်သိက္ခာ ချမ်းသာပါတယ်၊ အဖေနဲ့ အမေ သမိုင်းမှာလည်း အမည်းစက် အစွန်းထင်း မခံခဲ့ပါဘူး"

အဖေက မေဒေး စကားကို သဘောပေါက်သွားသလို ခေါင်းညိတ်ပြလိုက်၏။ အမေကတော့ ပင့်သက်မောကြီး ရှိုက် ချလိုက်ရင်း ...





"ဘာဖြစ်လာသလဲဆိုတာ ငါတို့ကိုလည်း သေသေချာချာ ရှင်းပြစမ်းပါဦး သမီးရယ်၊ မထိတ်သာမလန့်သာ ရှိလိုက်တာ နော်"

မေဒေး က ဦးဇော်နှင့် သာမန်ကိစ္စလောက်နှင့်သာ စကား များလာကြောင်း လှည့်ပတ်ပြောဆိုလိုက်၏။ အမှန်အတိုင်း ပြောပြလိုက်လျှင် မိဘတွေ စိတ်ကောင်းကြမှာ မဟုတ်။

မောင်နှမတွေ အိပ်ပျော်နေကြပြီ။ မောင်နှမတွေ စုအိပ်နေ သောအိပ်ရာထဲ တိုးဝင်လှဲလိုက်၏။ မေဒေး ရဲ့ ရှုပိုင်ခွင့်တွေ ဆုံးရှုံးသွားပြီ။

အနံ့အသက်မကောင်းသည့် အိပ်ရာမှာ မေဒေး ငုတ်တုတ် မိုးလင်းသွားရ၏။ ဟိုတွေးဒီတွေးနှင့် ရှေ့ရေးက ရင်လေးစရာ အပြည့်။ သို့ကြား အားကိုးဖွယ်ရာ အနန္တောအနန္တငါးပါးရှိနေတာ တွေးမိလိုက်၍ အားတွေပြန်ပြည့်လာ၏။

အရိုးကြေကြေ၊ အရေခန်းခန်း ဘဝရှေ့ရေး တိုးတက် လမ်းမှာ ပန်းတိုင်ရောက်အောင်တိုက်ပစ်မည်ဟု အားခဲ ဆုံး ဖြတ်လိုက်ရတော့၏။

နောက်နေ့တွေမှာ အမေက ထမင်းကြော်ဆိုင်ထွက်၍ မေဒေး ပါ လိုက်ကူရောင်းပေး၏။ ရုပ်သန့်သန့်လေးနှင့် ထမင်းကြော်ရောင်းနေသော မေဒေး ရဲ့ဆိုင်ကို လူပိုကျလာ၏။ အမေ ကတောင် တအံ့တဩ ဖြစ်နေသည်။

ဦးမေဇော် က သူ့အပြစ်ကိုသိ၍ ချက်ချင်းလိုက်မလာရဲ။ ဦးမျိုးရာဇာ တစ်ယောက် မေဒေး ကိုခေါ်မရ၍ ဆိုင်ထဲမှာ သောင်းကျန်းပြီး အဆက်ဖြတ်ပစ်လိုက်၏။

ဦးနိုင်ဝင်း ဆိုတာ ငိုမဲ့မဲ့လေး ဖြစ်ကျန်ခဲ့သည်။ ရဲရင့် တစ်ယောက် မေဒေး ရှိမည်ထင်၍ ဦးဇော် တို့ ဆိုင်ကိုရောက်လာ၏။

"မေဒေး ခရီးထွက်သွားတယ်"

"ဘယ်ကိုလဲ"

"စင်ကာပူကို .."





"ဘယ်တော့ ပြန်လာမလဲ"

"မသိဘူး သူငယ်ရေ့ .."

မာမီစော က မှန်တံခါးကို ဆွဲပိတ်ပစ်လိုက်၏။ ရဲရင့်လည်း အိမ်ကို စိတ်မပါဘဲ ပြန်လာခဲ့၏။ အိမ်မှာ ပထွေးမရှိ၊ အမေနှင့် နာ့စ်မသာ ရှိ၏။

အမေ့ကို ဝင်ကြည့်ဖြစ်၏။ ဟိုတုန်းက မြို့နယ် လှယဉ်ကျေးမယ်ဘွဲ့ရခဲ့သည့်မိခင်မှာ ယခုတော့ ဇရာနှင့် ရောဂါဘယ နှိပ်စက်မှုကြောင့် ပိန်ချုံးပြီး အကျည်းတန်နေတော့၏။ အမေဟာ အမေ့ပါပဲ။

အမေ့လက်ဖဝါးကို ဆုပ်ကိုင်ပြီး ဆယ်နှစ်သားအရွယ်အထိ ဖခင်နှင့် ပျော်ရွှင်ခဲ့ရသည့် မိသားစုဘဝလေးကို ပြန်လည်အောက်မေ့ တွေးတောမိ၏။

အဖေက ဆရာဝန် ဦးမြတ်သူရ၊ မိခင်က ဒေါ်ရတီခင်၊ သားအမည်က ရဲရင့်သူရ။ ပျော်ရွှင်ချမ်းမြေ့ဖွယ်အိမ်ဂေဟာမှာ အတူ နေထိုင်ခဲ့ကြ၏။

ပြေလည်ချမ်းသာသော မိသားစုဘဝလေးထဲက ရုတ်တရက် အဖေ ထွက်ခွာသွား၏။ ကားအက်ဆီးဒင့်ဖြစ်ပြီး ကွယ်လွန်သွား၏။ အမေနှင့်သား လောကအလယ်မှာ မျက်နှာငယ်စွာဖြင့် ကျန်ရစ်ခဲ့ရ၏။

အမျိုးအဆွေတွေရှိသော်လည်း သူတို့ အတွက်၊ သူတို့ဘဝသာ အရေးပေးကြ၍ သိပ်မရောထွေးတော့။

ရဲရင့် ဆယ့်ငါးနှစ်သားအရွယ်မှာ အမေက စီးပွားရေးတွေလိုက်လုပ်ချင်း အရင်းအနှီး ပြုတ်ပြုတ်ပြုန်းလာ၏။ အမေ အားငယ်ပြီး အားကိုးရာရှာနေစဉ် အမေ့ရဲ့ငယ်ချစ်ဦး ရည်းစားဟောင်းကို သွားတွေ့၏။ ရည်းစားဟောင်းက ကြီးပွားချမ်းသာနေ၏။ အားကိုးရာရမည်ထင်၍ သားကို မတိုင်ပင်ဘဲ အမေနောက်အိမ်ထောင်ထူလိုက်၏။

ဝမ်းနည်းကြေကွဲလိုက်ရတာ။ အဖေ့ဓာတ်ပုံရှေ့မှာ ရဲရင့်တစ်ညလုံး မျက်ရည်ကျခဲ့ရ၏။ အမှတ်ရစရာလေးတွေ ပြန်တွေးမိ၏။

အမေနှင့် တစ်ညအိပ်ပြီးသွားသည့် ပထွေးရဲ့မျက်နှာကို ထမင်းဝိုင်းမှာ ရဲရင့် အေးစက်စိမ်းစူးစွာဖြင့် ကြည့်နေမိ၏။ ပထွေးက အမေနှင့်ရွယ်တူတန်းတူ။ ညားခါစလင်မယားသဖွယ် နနဖတ်ဖတ်လေးတွေ ဝတ်ဆင်ထားကြ၏။

"ဟိုင်း .. ချာတိတ်၊ ဒါ .. ရတို့ သား ဆိုတာလား"

"ဟုတ်တယ် မောင်၊ တစ်ဦးတည်းသောသားလေ"

"အိုး.. ဟုတ်လား၊ သူ့ကြည့်ရတာ ကိုယ့်ကို အမြင်မကြည်သလိုပဲနော်"





"သားက အဲဒီအတိုင်းပဲ နေတတ်လို့ပါ၊ သား .. ဒါ မင်းရဲ့ဖေဖေ .. မှတ်ထားနော်၊ သူ့နာမည်က ..."

"ကျွန်တော့်မှာ အဖေရှိပြီးသား၊ ဒေါက်တာမြတ်သူရဆိုတာ ကျွန်တော့်အဖေပဲ၊ အဖေ သေသွားပေမယ့် နာမည်မသေသေးဘူး၊ အဖေ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး အမေ"

"ဟဲ့ ... သား .. အဲလို မပြောရဘူးလေ"

နှာလိုခံခက် မျက်နှာထားဖြင့် နားထောင်နေသည့် ပထွေးက ...

"ပြောပါစေ ရတီ ရယ် .. သူ့ရင်ထဲရှိတာ ပွင့်ပွင့်လင်းလင်းသိရတာပေါ့၊ ဒီမှာ ချာတိတ်၊ မင်းအမေကို ငါက အရင်ကြိုက်ခဲ့တာကွ၊ လှယဉ်ကျေးမယ် မဖြစ်ခင်ကတည်းက ငါတို့က ငယ်ရည်းစားတွေ၊ ငါ့ရဲ့အခြေအနေက နွမ်းပါးတယ်၊ ငါ့အဖေဘက်က ချမ်းသာတယ်၊ ငါ့အမေက ဆင်းရဲတယ်၊ ငါ့အဖေနဲ့အမေခိုးပြေးသွားလို့ အဖေ့ဘက်က အမွေပြတ်ကြော်ငြာပြီး စွန့်လွှတ်ခဲ့တယ်၊ ငါတို့ ဆင်းရဲခဲ့တယ်၊ ဆင်းရဲတော့ မင်းအမေဘက်က အသိုင်းအဝိုင်းက ငါနဲ့ သဘောမတူဘူး၊ ပညာရှိနည်းနဲ့ ငါတို့ကို ခွဲလိုက်ကြတယ်၊ ငါ့ကို သင်္ဘောလိုက်နိုင်အောင် စီစဉ်ပေးတယ်၊ ပြန်လာရင် ပေးစားမယ်ပေါ့၊ အဟုတ်မှတ်လို့ ငါ သင်္ဘော

လိုက်သွားတယ်၊ ပြန်လာတော့ ဆရာဝန်နဲ့ ပေးစားထားလို့ မင်းကိုတောင်မွေးပြီး အခါလည်သားလောက်ဖြစ်နေပြီ၊ ငါ့ဆီကို စာအတုတွေနဲ့ ချွေးသိပ်ထားတာ၊ ငါက အဟုတ်မှတ်လို့ အညာခံခဲ့ရတယ်၊ ငါ ကြေကွဲခဲ့ရတယ်၊ ငါ လေလွင့်ပြီး လျှောက်လိမ့်နေခဲ့တာပေါ့၊ နောက်တော့ မင်းအမေရဲ့မိဘတွေလည်း ဆုံးကုန်တယ်၊ ငါ့မိဘတွေလည်း မရှိကြတော့ဘူး၊ ငါ ပြန်ချမ်းသာလာတယ်၊ ငါလိုချင်တာ ငွေကြေးစည်းစိမ် မဟုတ်ဘူး၊ အချစ်ကွ .. အချစ်၊ မင်းအမေကိုပြန်တွေ့တော့ မုဆိုးမဖြစ်နေပြီ၊ ကလေးတစ်ယောက်ရထားတဲ့ မုဆိုးမကိုမှ ငါက တော်ကောက်ခဲ့ရတာ၊ ငါက အရင်လူပါ၊ မင်းအဖေက ဒုတိယ၊ မင်းအမေကို အခုမှ ငါ သိမ်းပိုက်ရတာ .. တရားပါတယ်ကွာ၊ မင်း နားလည်ပေးစမ်းပါ”

ရဲရင့် က ငြိမ်သက်စွာ နားထောင်နေ၏။ ပထွေးဖြစ်သူ ပြောလို့ပြီးသွားတော့မှ ...

“နားမလည်နိုင်ဘူး .. ပထွေးဟာ ပထွေးပဲ၊ ဘယ်တော့မှ အဖေဖြစ်လာမှာ မဟုတ်ဘူး”

ပထွေးရဲ့မျက်နှာ နီမြန်းသွား၏။

“မင်းတို့သားအဖက ငါ့အချစ်ကို ရယူခဲ့တာ၊ တကယ်ဆို ငါကတောင် မင်းတို့ထက် ပိုနာရမှာ၊ မင်းအဖေကို ငါမကျေနပ်





ဘူး၊ ငါ့အချစ်ကို ရသွားတာ၊ ငါ ရင်နင့်ကြေကွဲပြီး ရူးမတတ်ကို ခံစားခဲ့ရတာကွ”

“မောင် .. တော်ပါတော့ မောင်ရယ်၊ သား .. သားကလဲ မပြောနဲ့ကွယ်၊ မေမေပဲ ကြားထဲက တောင်းပန်ပါတယ်’

ရဲရင့် ပြန်ပြောချင်သော်လည်း မိခင် စိတ်ဆင်းရဲမှာစိုး၍ စကားလုံးတွေကို ပြန်မျိုချလိုက်၏။

ထမင်းမစားတော့ဘဲ ထမင်းဝိုင်းက ထထွက်လာလိုက်သည်။ အဲဒီကတည်းကစခဲ့သည့် မကျေနပ်ပွဲက တမြိုက်မြိုက် ဆင်နွှဲလာခဲ့တာ ယနေ့အထိ။

ပထွေးဆို ဒေါ်ရတီ က အလိုလိုက် အကြိုက်ဆောင်လျှင် ရဲရင့် က မကြိုက်၊ ရဲရင့် ကို ဒေါ်ရတီ က အလိုလိုက် အကြိုက်ဆောင်လျှင်လည်း ပထွေးက မကြိုက်ပြန်။

အရွယ်ရောက်လာသည့် သားတစ်ယောက်ရှေ့မှာ အချစ်သူငယ်ပြန်ပြသလို လုပ်ပြတာတွေက မျက်စိရှက်စရာကောင်းသလို ရင်နာဖို့လည်း ကောင်း၏။

မိခင်နှင့်ပထွေး အခန့်မသင့်၍ စကားများကြသည့်အခါတိုင်း ရဲရင့် ဝင်ပါမိ၏။

“ခင်ဗျား ကျုပ်အမေကို မထိနဲ့”

“အောင်မာ ... ခုမှ လူဖြစ်ခါစကောင်က ဝင်ပြောနေသေး

တယ်၊ မင်းလိုကောင်ကို ငါက ကြောက်မယ်များ ထင်နေသလား၊ မင်းလိုကောင်ကို အမှုန့်ဖြစ်အောင်လုပ်ပြီး ခြေထောက်နဲ့ နင်းချေပစ်လို့ ရတယ် .. မှတ်ထား"

"ခင်ဗျား လုပ်ကြည့်လိုက်လေ၊ အကြောင်းသိသွားမယ်"

"အောင်မာ .. ခွေးကောင်"

"ခင်ဗျားနဲ့ နှိုင်းပြီး မပြောနဲ့"

"မင်း မိုက်ရိုင်းလှချည်လား၊ လူကြီးကို လူကြီးမှန်းမသိတဲ့ကောင် .."

"ခင်ဗျားကရော .. လိမ္မာလို့လား၊ ကလေးကို ကလေးမှန်းမသိဘဲ နိုင့်ထက်စီးနင်း ပြောနေတာ၊ လူမှုရေးကျင့်ဝတ်နီတိမှာ ကြီးသူကို ရိုသေစေချင်ရင် ငယ်သူကိုလည်း သနားတတ်ရတယ်ဗျ"

"အောင်မာ .. လာသေးတယ်၊ မနေ့တစ်နေ့ကမှ ထမင်းစားကြီးလာတဲ့ကောင်က .."

"ကျုပ်က ထမင်းစားကြီးတာ၊ ခင်ဗျားက ဘာစားပြီး ကြီးလာလို့လဲ"

ပြန်ပက်သော ရဲရင့် ကြောင့် ပထွေးက ထိုးမယ်၊ ကြိတ်မယ်တွေ လုပ်လာ၏။ ဒေါ်ရတီ ဝင်ဆွဲရ၏။ နောက်ဆုံး စိတ်ညစ်ပြီး အော်ဟစ်ရှိုက်ငိုရသူက အမေပါပဲလေ။





အမေ စိတ်ဆင်းရဲမှာကို မမြင်ရက်၍ ရဲရင့် တစ်ယောက် အတတ်နိုင်ဆုံး ပထွေးနှင့် မတွေ့ရအောင် ရှောင်နေခဲ့၏။

တစ်အိမ်တည်း အတူနေကြရ၍ ကြာကြာရှောင်လို့ မရ။ တစ်နေ့မှာ ကားကိစ္စဖြင့် အကြီးအကျယ် စကားများကြရ၏။

အိမ်ကကားကို ရဲရင့် ယူမောင်းပြီး ပဲခူးကို သူငယ်ချင်းတွေနှင့် ဘုရားလည်း ဖူး၊ ပျော်ပွဲစားလည်း ထွက်ဖြစ်၏။ ည (၁၂)နာရီလောက်မှ အိမ်ပြန်ရောက်၏။ ပထွေးက ထိုင်စောင့်ပြီး ပြဿနာရှာတော့သည်။

"စည်းကမ်းမဲ့တဲ့ကောင် .. မင်းကားကို ဒီလောက် ယူသုံးတာ လွန်လွန်းအားကြီးတယ်"

"ကျုပ်အဖေကားကို ယူသုံးတာ ဘာဖြစ်လဲ"

"လာပြန်ပြီလား မင်းအဖေ .. မင်းအဖေအကြောင်းကို မကြားချင်ဘူး၊ အဲဒီကားက အကြွေးနဲ့ဆုံးတော့မယ့်ကား ငါပြန်ရွေးထားတာ .. ငါ့ကားပေါ့ကွ"

"ခင်ဗျားက အမေ့ကို ပိုင်အောင်ပေါင်းပြီး ကားကိုသိမ်းတယ်၊ အမေက ဒီကားကို ကြွေးတင်နေတာ ကျုပ်ကို မပြောဘူး၊ ပြောပြရင် ကျုပ်လည်း ဒီကားနဲ့ဆိုင်တယ်၊ ခင်ဗျားလိုလူကို ပြန်မရောင်းဘူး၊ တခြားမှာရောင်းပြီး ကြွေးပြန်အမ်းပစ်မယ်"

"မင်းက အိမ်မှာထိုင်ဖြုန်းနေတဲ့ကောင်ပဲ၊ ငါလိုကောင်က ပြန်ဝယ်လို့ ကြွေးကျေသွားတာ၊ ပြန်ရောင်းရင် ကြွေးတစ်ဝက် တောင် မကျေဘူး၊ နားမလည်ပါးမလည်နဲ့ စွတ်ပြောနေတယ်၊ နောက်တစ်ခါ အဲဒီကားကို ယူစီးရဲစီးကြည့် .. တွေ့မယ်"

"တော်ကြပါတော့ရှင် .. တော်ကြပါတော့၊ ကျွန်မ စိတ်ဆင်း ရဲလွန်းလို့ပါ၊ ကျွန်မ ကြားထဲက တောင်းပန်ပါတယ်"

"အဲဒါ အမေ မရှင်းမရှင်းလုပ်ထားလို့ ရှုပ်ရတာ .."

"ဟုတ်ပါတယ် သားရယ် .. အမေ့အပြစ်တွေပါကွယ်"

ဒီမှာတင် ပထွေးက ကြားဝင် ကွန့်ပြန်တွန့်ပြန်၏။

"ရတီ .. မင်းက အပြစ်တွေလုပ်ထားတယ်ဆိုတော့ ငါကပဲ အမှားတွေလုပ်ထားသလို ဖြစ်မနေဘူးလား၊ မင်းသား မိုက်ရိုင်း ထွားကျိုင်းနေတာကို မဆုံးမရင် ကြာရင် ပိုဆိုးလိမ့်မယ်"

"ဟုတ်ပါတယ် .. ကျွန်မ ဆုံးမပါ့မယ် မောင်ရယ်၊ ဝင်အိပ် ပါတော့နော် .. တောင်းပန်ပါတယ်၊ ကျွန်မကို သနားပါ၊ မောင် ဘာအမှားမှ မလုပ်ပါဘူး၊ အခုပဲ သားလေးကို ဆုံးမလိုက်ပါ့ မယ်"

ပထွေး အခန်းထဲကို ဝုန်းဒိုင်းကျဲပြီး ဝင်သွား၏။ မိခင်ဖြစ် သူက ရဲရင့် ကို ...

"သားရယ် .. သားစီးဖို့ အမေ ဆိုင်ကယ်ကောင်းကောင်း





ဝယ်ပေးမယ် .. အဲဒီကားကို မစီးစမ်းပါနဲ့"

"အမေ တကယ်ဝယ်ပေးမှာလား"

"တကယ်ပါ သားရယ် .."

ရဲရင့် ဆိုင်ကယ်တစ်စီး ရခဲ့၏။ နောက်ပိုင်းမှာ ဆိုင်ကယ်ပဲ စီးဖြစ်သော်လည်း တစ်ရက်မှာတော့ ကားယူသုံးမိပြန်၏။ အရင်တစ်ခါလိုပဲ ပစ်ကနစ်ထွက်၍ အိမ်ပြန်နောက်ကျ၏။ အိမ် ပြန်ရောက်တော့ မနက် (၁)နာရီ။

အသင့်စောင့်နေသော ကျားနှင့် အိပ်တန်းပြန်ဝင်လာသော ဆင်တို့ သွားဆုံဖြစ်ကြ၏။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ သလို အပြန်အလှန် ထိုးကြိတ်ကြကုန်၏။ ဘတစ်ပြန် ကျား တစ်ပြန်။

ရင်ထဲကအမုန်း၊ အငြိုး၊ အာဃာတတွေကို လက်ရုံးရည် နှင့် ပြင်းပြင်းထန်ထန် ဖြေရှင်းနေစဉ်မှာပင် မေ့ပြီး အိပ်ပျော် နေရာက ဆူညံသံတွေကြောင့် လန့်နိုးပြီး ပြေးထွက်လာသော အမေ ..။

သတ်ပုတ်နေသည့်မြင်ကွင်းကို တွေ့လိုက်ရသောအခါ သွေးပျက်ခမန်းဖြစ်ပြီး သွေးရူးသွေးတန်းဖြင့် အော်ဟစ် တားမြစ်ကာ ပြေးဆင်းအလာမှာ လှေကားပေါ်က ပြုတ်ကျခဲ့ရလေ သည်။ ပြုတ်ကျသည့်အရှိန်က ပြင်းထန်၏။

ပထွေးရော၊ ရဲရင့် ပါ သတ်ပုတ်နေရာက ကိုယ့်ဒဏ်ရာ၊ သူ့ဒဏ်ရာကို အမှုမထားနိုင်။ မိခင်ကြီးအနားကို အပြေးအလွှား ရောက်ရှိသွားကြ၏။ ဆေးရုံကို အမြန် ဖုန်းဆက်ခေါ်ရသည်။

ရဲရင့် ဘဝမှာ ကမ္ဘာပျက်ခဲ့တဲ့ မနက်(၁)နာရီခွဲအချိန်ကာလ ပါပဲ။ ခေါင်းထဲမှာ တွေးမိနေတာတွေကို ရုပ်သိမ်းပြီး မိခင်လက်ကို အသာချကာ အခန်းထဲက ပြန်ထွက်လာလိုက်၏။

ပထွေး အိမ်ပြန်မအိပ်တာ တစ်ပတ်လောက်ရှိပြီ။ ဘယ်တော့မှ ပြန်မလာလေ ပိုကောင်းလေပင်။ ပထွေးကတော့ ရပိုင်ခွင့်ရှိသည့် အမွေအနှစ်တွေကြောင့် ပြန်ရောက်လာဦးမှာပင်။ ရေစက်မကုန်သရွေ့ ပတ်သက်နေရဦးမှာပင်။

ပထွေး သေသွားလျှင်လည်း ပြီးပြီ။ အမေ ပြန်ကောင်းလာလျှင်ရော ...။

အတွေးအမျှင်တန်းဖြင့် အိပ်ခန်းထဲကအိပ်ရာပေါ် ခြေပစ် လက်ပစ် လှဲချလိုက်မိ၏။





ဆယ်တန်းစာမေးပွဲ အောင်စာရင်းတွေ ထွက်သည့်နေ့က ထမင်းကြော်ဆိုင်မှာ လူကျနေ၍ ဒေး သွားမကြည့်နိုင်ပါ။ ဆိုင်ရှေ့ကို ဝေါခနဲ ထိုးဆိုက်လာသည့်ဆိုင်ကယ် ..။

"ဟယ် .. ရဲရင့်"

"ဟေး .. ဒေး၊ နင်အောင်တယ်၊ နင် မျှော်လင့်ထားသလို ရိုးရိုးမေဂျာပဲ၊ ဂုဏ်ထူးနှစ်ဘာသာတော့ ပါတယ်"

"ဟင် .. ဟုတ်လား၊ နင် .. နင်ရော .."

"နင့်လိုပဲပေါ့ .. နင် သိပ်ဆိုးတယ်၊ ငါ့ကို ခြေရာဖျောက်သွားတယ်"

အမေနှင့် ညီမတွေက ဆက်ရောင်းထားလိုက်မည်ဆို၍ ရဲရင့် ကိုခေါ်ပြီး လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြ၏။

"တမင်ဖျောက်တာ မဟုတ်ပါဘူးဟယ်၊ အခြေအနေအရ ပါ၊ ဘဝကျောင်း ဆက်တက်နေရတဲ့ ဘဝကျောင်းသူလေး ပါနော်"

"နင်ပဲ အပြောကောင်း .. ငါ့ဖုန်းနံပါတ် သိရဲ့သားနဲ့ ဖုန်း မဆက်တာတော့ နင် လွန်ပါတယ်"

"အရင်တုန်းကလည်း ဆက်ဖြစ်လို့လား ရဲရင့် ရယ်.. နင် ငါ ဒီမှာရှိတာ ဘယ်လိုလုပ်ပြီး သိတာလဲ"

"နင့်ဦးလေး လမ်းညွှန်လိုက်လို့ပေါ့၊ အရင်တုန်းက ဘယ် လိုမေးမေး မပြောဘူး၊ စာမေးပွဲအောင်တာ သွားပြောချင်လို့ပါ ဆိုလို့ သေချာ လမ်းညွှန်ပေးလိုက်တာ၊ ဟိုအဖွဲ့တွေကတော့ ဂုဏ်ထူး တစ်ဘာသာစီပဲ ထွက်တယ်ဟ၊ တို့နဲ့ မေဂျာလာတူမယ် နဲ့ တူတယ်"

"ဟုတ်လား .. သူတို့ ဘာကြောင့် အဲလိုတွေ ဖြစ်ကုန် တာလဲ"

"သူတို့က စတိတ်ရှိုးသရဲတွေ၊ စာမေးပွဲကြီးနီးတော့ စတိတ် ရှိုးတွေက ဆက်တိုက်ပဲ၊ တစ်ပွဲမှ အလွတ်မခံဘဲ လိုက်ကြည့်လို့ အဲလိုတွေဖြစ်ကုန်တာ နေမှာပေါ့"

"အံ့ဩပါရဲ့ .. သူတို့လောကစာတော်ချင်တာ သူတို့ပဲဟာ"

"နင်ကလဲ ..၊ လူဆိုတာ ကိုယ်ကြိုက်တာ လုပ်နေရရင် ကျန်တဲ့ကိစ္စတွေ မေ့နေတတ်တာလေ .. အဲဒီသဘောပေါ့ဟာ"

ကျော်နန္ဒ၊ သရဖူ၊ သန္တာ တို့အကြောင်း ကြားရတာလည်း အီလည်လည်ကြီး။ မိမိကတော့ အောင်တယ်ဆိုတာနှင့်ကို ပျော်





နေပါပြီ။

"နင့်ဦးလေးက မှာလိုက်သေးတယ်"

"ဘာတဲ့လဲ .."

"နင် သူ့အပေါ် အထင်လွဲသွားတယ်တဲ့၊ သူ စိတ်မကောင်း အရမ်းဖြစ်လို့ အိပ်ရာထဲ လဲသွားသေးတယ်တဲ့၊ နင် စိတ်ပြေရင် သူ လာချော့ပါ့မယ်တဲ့"

"ထားလိုက်ပါတော့ဟာ.. ငါ့ဘဝနဲ့ငါ အသားကျနေပါပြီ"

"နင်တို့တူဝရီးက ဘာတွေဖြစ်ကြတာလဲ"

"ဒီလိုပါပဲဟာ .."

"နင် မပြောပြပေမယ့် နင့်ဦးလေးက ပြောပြပြီးပြီ၊ သူ ငွေသိပ်လိုနေတဲ့အချိန်မို့ အထင်လွဲစရာ ဖြစ်သွားတာပါဟာ"

ဒေး လက်ဖက်ရည်ချိုကို တစ်ငုံသောက်လိုက်၏။ ရဲရင့် က အားတက်သရော ပြောလာနေ၏။

"နင့်အပေါ် သူကောင်းခဲ့တာ အများကြီးပါ၊ သူ မှားမိ တယ် ထားဦး၊ လူမှန်ရင် တစ်ကြိမ်တစ်ခါတော့ မှားတတ်ကြ ပါတယ်၊ နင် ခွင့်လွှတ်သင့်တယ်"

"အင်းပါဟယ်၊ နင်ရော .. ဒီနေ့ ဘာဆက်လုပ်မှာလဲ"

"လျှောက်ကဲမယ်လေဟာ .."

"ငါကတော့ ဘုရားတွေ လိုက်ဖူးချင်တယ်"

"အဲဒါပိုကောင်းတာပေါ့၊ ငါ လိုက်ပို့မယ်"

"ဆိုင်ကယ်ကြီးနဲ့ ထဘီဝတ်သွားရမှာ၊ မဖြစ်ပါဘူးဟယ်"

"ဆိုင်ကယ်ကို နင်တို့ဆိုင်မှာ ထိုးထားခဲ့မယ်လေ"

"အငှားကားနဲ့ သွားကြတာပေါ့"

"အေး .. အဲဒါဆိုသွားမယ်၊ ငါ အိမ်ပြန်ပြီး အဝတ်အစား လဲလိုက်ဦးမယ်၊ နင် ဆိုင်ကပဲ စောင့်နေပေးနော်"

"နင်ကလဲ .. အိမ်လိုက်တော့ ဘာဖြစ်မှာမို့လဲ"

"မလိုက်နဲ့"

"လိုက်မှာပဲ"

"ခပ်ဆင်းရဲတဲ့ ငါ့ဘဝကို နင်မြင်သွားရင် ထိုင်ငိုချင်သွားမယ်"

"အံမယ် .... လမ်းဘေးပလက်ဖောင်းကို ခေါင်းအုံးအိပ်တဲ့ ဘဝတွေထက်ပဲ ဆိုးဦးမလား၊ ငါက နင့်ကိုပေါင်းတာ၊ နင့်ရဲ့ ဆင်းရဲတာ၊ ချမ်းသာတာကို ပေါင်းနေတာ မဟုတ်ဘူး"

ဒေး သဘောကျသွား၏။ နောက်တစ်ကြိမ် ရဲရင့် က လိုက်ဖို့ တောင်းဆိုသောအခါ ဒေး မငြင်းပယ်မိတော့။ လိုက်ခဲ့ပေါ့.., ရဲရင့်ရယ် ။





ဆင်းရဲသည့်ဘဝကို ရဲရင့် တွေ့မြင်သော်လည်း စိတ်မပျက်။ ညီအစ်ကိုမောင်နှမတွေနှင့် လိုက်ပြီး ခင်အောင် ပေါင်း၏။ မုန့်ဖိုးတွေ ပေး၏။

မောင်လေးတစ်ယောက်က ...

"ယောက်ဖကြီးက သဘောကောင်းတယ်၊ သားကို မုန့်ဖိုး တစ်ထောင် ပေးတယ်"

ရဲရင့် နှင့် မဒေး တို့မျက်နှာတွေ ထူပူသွား၏။ ဒေး က မောင်လေးရဲ့ဗိုက်ကြောကို မသိမသာ လိမ်ဆွဲထားလိုက်၏။

"အား .. မမကြီး၊ သား ဘာလုပ်မိလို့လဲ၊ ယောက်ဖကြီး.. ယောက်ဖကြီးရဲ့ရည်းစားကို ပြောပါဦး၊ တားပါဦး"

ရဲရင့် ဟက်ခနဲ ရယ်၏။

ဒေး က ...

"မသာလေး .. ဘာတွေစွတ်ပြောနေတာလဲ၊ ရှေ့နောက်မကြည့် ရမ်းသမ်းပြောနေတယ်၊ ငါတို့က သူငယ်ချင်းတွေပဲ"

"ဗျာ .. သူငယ်ချင်း၊ အချစ်တော်ဖွဲ့တဲ့ သူငယ်ချင်းလား"

"ဘာ အချစ်တော်ဖွဲ့တာလဲ"

မောင်ငယ်က လက်ညှိုးနှစ်ချောင်း ပူးတွဲပြလိုက်သောအခါ ...

"ဒေါက် .."

"အား .."

ခေါင်းပိတ်ခေါက်လိုက်မှ လစ်ထွက်သွားတော့၏။ အဝတ်အစားလဲပြီးသည်နှင့် အိမ်မှာပင် ဆိုင်ကယ်ထားပြီး အလုပ်သမားဝင်းထဲက ထွက်လာခဲ့ကြ၏။

ဆယ်တန်းကျောင်းသား ရှိတဲ့အိမ်တွေ ဆူပွက်နေ၏။ မအောင်ကြ၍ ဆူပူနေ၏။

ဒေး အောင်မှန်း သူတို့ တဆင့်စကားနှင့် ကြားသိကြပါလိမ့်မည်။ ဘယ်သူမှ ဝတ်ကျေတန်းကျေ လှမ်းမမေးကြ။ ဒေးကလည်း ဖြေချင်လွန်း၍ ပါးစပ်ကို ရှုနေ၏။

"လူတွေက အဲဒါပဲ၊ စာမေးပွဲအောင်ရင် မမေးကြတော့ဘူး၊ စာမေးပွဲကျလို့ကတော့ အောင်လား .. အောင်လားဟင်နဲ့ အသေ လိုက်မေးကြတော့တာပဲ"





"ဘဝကျောင်းသူကြီးရယ် .. လက်ချာတွေ ဆင့်ပွားမနေပါနဲ့၊ ဘုရားသွားကြရအောင်ပါ၊ အကုသိုလ် အဖြစ်မခံနဲ့"

အငှားကားနှင့် ဘုရားသွားဖြစ်ကြ၏။ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ဗိုလ်တထောင်ဘုရား၊ စွယ်တော်မြတ်စေတီ၊ ကျိုက်ဒေးရုံစေတီ၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားအစရှိသဖြင့် ဘုရားတွေစုံအောင် လျှောက်ဖူးကြ၏။

"ဘယ်ဘုရားဖူးဖူး ငါကတော့ ဆုတစ်ခုပဲ တောင်းတယ် သိလား"

"ဟုတ်လား .. နင် ဘာဆုတောင်းလဲ ရဲရင့်"

"နင့်အချစ်ကို ပိုင်ဆိုင်ရပါလို၏ လို့ .."

"ဟယ် .. နင် .. အို ..."

ဒေး ရင်ထဲ ဒိန်းခနဲ၊ မျက်နှာတွေ ထူပူရှက်အမ်းသွား၏။ ရင်ခုန်သံ မြန်ဆန်သွား၍ ဘာတွေလုပ်လိုက်မိမှန်းပင် မသိတော့။ အပျိုစင်လေးရဲ့ရှက်စိတ်က ငယ်ထိပ်ကနေ ပွင့်ထွက်မတတ်။

ရဲရင့် ကလည်း လူပျိုစစ်ကလေးလို ရှက်မျက်နှာဖြင့် ဒေးကို မရဲတရဲလေး ခိုးကြည့်နေ၏။

"ဟို .. ဟို ... ငါ ပြောတာ .. လွန် .. လွန်သွားလား"

"သိဘူး"

"ငါ .. ငါလေ .. ရင်ထဲရှိတဲ့အတိုင်း ပြောလိုက်မိတာပါ၊ ငါ .. ငါလေ .. နင့်ကို .."

"နားရှက်တယ် .. ဆက်မပြောနဲ့ဟာ၊ ငါ စိတ်ဆိုးပစ်လိုက်မှာနော် .. ဟွန့်"

"စိတ်မဆိုးပါနဲ့ ဒေး ရယ် .. ငါ နင့်ကို သိပ်ချစ်တယ်၊ အရမ်းချစ်တယ်"

"ဟယ် .. ဘုရားရင်ပြင်တော်ပေါ်မှာ အကုသိုလ်စိတ်တွေ များနေတယ်၊ နင့်အနားမှာ ငါ မနေရဲတော့ဘူး"

"ဘာ .. ဘာဖြစ်လို့လဲ"

"မိုးကြိုးပစ်ရင် စက်ကွင်းမလွတ်မှာ ကြောက်လို့ .."

ပြောပြီး ဒေး ခပ်သွက်သွက်လေး လျှောက်ထွက်လာလိုက်၏။ နောက်ကနေ ရဲရင့် လည်း သုတ်သုတ်လိုက်ပါလာ၏။

"ဒေး .. စိတ်မဆိုးပါနဲ့၊ ဖွင့်ပြောချိန် နောက်ကျရင် ငါ ကျန်ရစ်ကြီးဖြစ်မှာစိုးလို့ပါ"

"နင် ဘာဖြစ်နေတာလဲ ရဲရင့်၊ တို့တွေ ပညာသင်နေချိန်မှာ အဲဒါတွေ စိတ်မဝင်စားရဘူးလေ၊ ငါ့ဘဝအတွက်ရော၊ နင့်ဘဝအတွက်ပါ ရှန်းကန် ကြိုးစားကြရဦးမယ်လေ"

"အေးပါ .. နင် စဉ်းစားတဲ့အချိန်ကျရင် ငါက နံပါတ်တစ်ဖြစ်နေအောင်လို့ ဘွတ်ကင်လုပ်ထားတာပါ"





ဒေး မျက်စောင်းရွဲကြီး ပိတ်ထိုးပစ်လိုက်၏။ ရဲရင့် က ကျေနပ်စွာ ခံယူလိုက်လေသည်။

နင်မချစ်ရင် ငါ့ရင်ထဲမှာ စစ်ဖြစ်သွားနိုင်တယ်၊ နင်မုန်းရင် ငါ့ရင်ဟာ နျူကလီးယားဗုံးလို ဝုန်းခနဲ ပေါက်ကွဲသွားနိုင်တယ်၊ အဲဒီလောက်ထိ နင့်ကို ငါ ချစ်တာ ..။

ကမ္ဘာပေါ်မှာရှိတဲ့ ကျမ်းတွေကိုင်ပြီး ငါ ကျိန်ဆိုပြဝံ့ပါတယ်။ ငါ့ရင်ထဲကစကားတွေ ငါ့မျက်လုံးထဲကနေ နင် မြင်တွေ့ ကြားသိ နားလည်နိုင်ပါစေ ဒေး ရယ် ..။

နောက်တစ်နေ့ ညနေမှာ ဈေးဝယ်ပြီး ဒေး အိမ်ကိုပြန်အရောက်မှာ အိမ်ထဲ၌ ဦးမေဇော် ရောက်နေတာကို ထိတ်ခနဲတွေ့လိုက်ရ၏။

အဖေနှင့်အမေတို့ ပြုံးရွှင်စွာ စကားပြောနေ၏။

"ဟေး .. ဒေး .. သမီး၊ ဦးဇော် ရောက်နေတာကို ဘာလို့ကြောင်ကြည့်နေရတာလဲ၊ လက်ထဲကဆွဲခြင်းကြီး ချထားလေ၊ ကြည့်ပါဦး .. ချွေးသံတရွှဲရွှဲနဲ့ အလှတွေလည်း ပျက်နေပါလား"

ဦးဇော် က မျက်နှာကို ဆယ့်ရှစ်ခေါက်ချိုး ချိုးတတ်သူပီပီ ဟန်ဆောင် ပြောနေနိုင်၏။ ဒေး ကတော့ မပြောနိုင်ပါ။

"ဦးဇော် .. ဘာကိစ္စရှိလို့လဲ"

"အမလေး .. မေးရက်လိုက်တာ .. စိမ်းကားလိုက်တာ၊ ဦးဇော် ကို ဒီလိုပြောရက်သလား တူမရယ်၊ ကိစ္စရှိမှ လာရမှာ





လားလို့၊ ဒီအတိုင်းလည်း လာလို့ မရဘူးလား၊ တူမ ဆယ်တန်းအောင်တာ သိရလို့ ငွေတစ်သောင်း မုန့်ဖိုးလာပေးတာပါ"

"ဒေး မလိုချင်ဘူး .. ပြန်ယူသွားပါ ဦးဇော်"

ဒေး ခပ်တည်တည်လေးပြောပြီး အိပ်ခန်းထဲ ဝင်လာလိုက်၏။ အဖေနှင့်အမေကတော့ ဒေး တို့ တူဝရီး ဆက်ဆံရေးကို အကဲခတ်ကြည့်နေ၏။

"မမ .. နင့်သမီးကို ပြောစမ်းပါဦး"

"အေး .. အေး၊ သမီးရေ .. ခဏလာဦး"

မိခင်ခေါ်၍ သွားရပြန်၏။ ဖခင်ဖြစ်သူက …

"ကိုယ့်အိမ်ကို ရန်သူလာလည့်ရင်တောင် အပြုံးမပျက်ညှေ့ခံတတ်ရတယ် သမီး .. မြန်မာ့ယဉ်ကျေးမှုပေါ့၊ ကိုရီးယားတွေတောင် မုန်းတဲ့သူနဲ့ အပြုံးမပျက် စကားပြောနိုင်ကြသေး တူဝရီးတွေ၊ မျက်နှာတည်တာ သေတာကြီးကို အဖေ သဘောမကျဘူး"

ဒေး ငြိမ်နားထောင်နေလိုက်၏။

ဦးဇော် က မျက်တောင်တုကြီး ပုတ်ခတ်ပြီး တစ်ရှူးထုတ်ကာ မျက်ရည်ဝဲကျလာတာကို သုတ်ပြနေ၏။

"ဦ …"

နှပ်ကလည်း ညှစ်လိုက်သေး၏။ မိခင်က …

"ဖိုးဇော် ရယ် ..၊ ငါ့သမီး အပြောမတတ် အဆိုမတတ်တာ ခွင့်လွှတ်ပါ၊ ငါ ကြားထဲက တောင်းပန်ပါတယ်၊ နင် အဲလို လုပ်ပြနေရင် လိုရင်းကိစ္စ ပြီးမှာမဟုတ်တော့ဘူး"

"ဟုတ်ပါတယ် မမကြီးရယ် .. ဝမ်းနည်းမိသွားလို့ပါ၊ ဆောရီးပါ၊ အဓိကက အဓိကပါပဲ ပြောပါ၊ ဇော် နေတတ်သလို နေပါတော့မယ်"

အမေက ဒေး ဘက်ကို လှည့်ကြည့်လာ၏။

"သမီး သေချာ နားထောင်၊ သူဌေးမင်း ဦးမျိုးရာဇာ က သမီးကို တွေ့ချင်နေတယ်၊ လက်ထပ်ချင်နေတယ်၊ မိဘတွေဆီက ခွင့်တောင်းပြီး တရားဝင် လက်ထပ်ပါရစေလို့ ဖိုးဇော် ကနေ တဆင့် ကြောင်းလမ်းခိုင်းနေတယ်၊ အဲဒါ .."

"သမီး လုံးဝသဘောမတူဘူး အမေ၊ အဲဒီအကြောင်းဆိုရင် ဆက်မပြောပါနဲ့ .. သမီး ပေါက်ကွဲသွားလိမ့်မယ်၊ ဦးဇော် .. နောက်တစ်ခါ အဲဒီအကြောင်း သယ်မလာပါနဲ့"

ဒေး ဒေါသနှင့်ပြောပစ်ပြီး ဆတ်ခနဲ အခန်းထဲကို ဝင်လာလိုက်၏။

အပြင်မှာ တိတ်ဆိတ် ကျန်ရစ်၏။ ပြီးနောက် တီးတိုး တီးတိုးပြောဆိုသံတွေ ကြားလိုက်ရ၏။ တအောင့်ကြာတော့ ဦးဇော် ပြန်သွား၏။





အဖေ့အသံ ထွက်လာ၏။

"ငါ့သမီးကြီး စိတ်မဆင်းရဲစေနဲ့ .. ငွေမရှိပေမယ့် အကျင့်သိက္ခာရှိတာ ကောင်းတယ်၊ အလှမ်းမကျယ်ချင်စမ်းပါနဲ့ .. အလှမ်းကျယ်ရင် အလယ်ပေါ်တတ်တယ် မိန်းမ၊ မင်းရဲ့မောင်က ငွေရရင် ဘနဖူး သိုက်တူးမယ့်လူစား၊ သူ့ရဲ့အသိထဲက သူဌေး ဆိုတော့ သူတို့လို အသွင်တူပဲဖြစ်မှာပေါ့၊ ငါ့သမီးကို အဲဒီတော ထဲ မပို့ချင်ဘူး၊ အတင်းအကျပ် မလုပ်နဲ့၊ ငါ ဒါပဲပြောချင်တယ်"

"ဩော် .. တော်က ဒါပဲပြောတတ်တယ်၊ ပြီးရင် လက်ဖက်ရည်ဆိုင်သွားပြီး ချက်ထိုး၊ ကျားထိုးမယ်ပေါ့လေ၊ တစ်အိမ်ထောင်လုံး စားဖို့သောက်ဖို့စရိတ်၊ ကျန်းမာရေး၊ လူမှုရေးစရိတ်တွေကျတော့ ဘယ်လိုရှာရမလဲ၊ ခေါင်းထဲ မထည့်ဘူး၊ ချမ်းသာကြီးပွားနိုင်တဲ့ အခွင့်အရေးကြီး ရောက်လာတာတောင် အဆံမရှိ အသားကြီးပြီး ပုတ်ထုတ်ချင်သေးတယ်၊ ဘာလဲ .. ဆင်းရဲဇာတာ ဆက်ရှည်စေချင်နေတာလား၊ ပြောစမ်းပါဦး ကိုအပျင်းထူကြီးရဲ့ .."

"မင်းကွာ .. တော် .. တော် ..၊ ဆက်ပြောရင် ရန်ဖြစ်ဖို့ပဲရှိတယ်၊ မင်းဘာသာ လုပ်ချင်တာ လုပ် .. ငါ မပါတော့ဘူး၊ တောက် .."

ဖခင်ဖြစ်သူ ဒေါကန်ပြီး အိမ်ပြင်ထွက်သွား၏။

မိခင်ဖြစ်သူက ...

"သူ့ပြောလိုက်ရင် ဒီလိုချည်းပဲ၊ အိမ်ထောင်ဦးစီးအမည်ခံပြီး မယားခေါင်းပေါ် အကုန်လွှဲထားတယ်၊ တော်လိုက်တဲ့ယောကျ်ား၊ ဖွတ်ကျားကိုမှ လင်တော်မိတဲ့ဘဝ၊ ငါနော် .. ပြောလိုက်ရရင် ဒီဟာမ အပေါက်ဆိုးတယ်ပဲ ထင်ကုန်ကြတော့မှာပဲ"

♡♡♡





"ဒီမှာ .. ညည်းက သူဌေးသမီးလည်း မဟုတ်ဘူး၊ သိပ်ခံစားပြမနေနဲ့၊ တန်းလျားမှာ၊ ရပ်ကွက်ထဲမှာ လိုက်ကြည့်စမ်း၊ သူဌေးရရ၊ သူဌေးသားရရ၊ သူဌေးရဲ့လူယုံပဲရရ ယူမယ်ဆိုတဲ့ မိန်းမတွေ တစ်ပုံကြီးပဲ၊ သွား မပါရင်နေ ကားပါရင်ပြီးရော ဆိုတာတွေ များတယ်၊ ဒီသူဌေးက အသက်ကလေးမှ လေးဆယ်ကျော်ပဲ ရှိသေးတာ၊ ငါတို့ခေတ်တုန်းက သိပ်ကြိုက်ခဲ့တဲ့ ကျော်သူ၊ စိုးသူ၊ ရန်အောင်တို့အရွယ်လောက်ပဲ ရှိဦးမှာ၊ အဲဒါကို အရိုးများသလေး ချေးခါးသလေး လုပ်နေသေးတယ်၊ ညည်းနှယ် ... အံ့ပါ့အေ၊ ငါနဲ့ နေရာချင်းသာ လဲပစ်လိုက်ချင်တယ်"

မိခင်ဖြစ်သူရဲ့ စကားလုံးတွေအောက်မှာ မေဒေး ခေါင်းတွင်တွင်ကုတ်နေမိ၏။

"အမေရယ် .. ချမ်းသာဖို့အတွက် သမီးကို ရောင်းစားနေတာလား"

"ရောင်းစားတာ မဟုတ်ဘူး .. နတ်ပြည်ရောက်အောင် ဓိကုပ် တင်နေတာ၊ ဓိကုပ်လို့ ဘာသည်ပင်းနာတာလောက်တော့ ကြိတ်ခံပေါ့၊ နတ်ပြည်တင်ပေးတာကို ဖင်အေးတယ်ဆိုပြီး ခုန် ချရင်တော့ ညည်းထိုက်နဲ့ ညည်းပြဲပဲအေ"

"ကိုယ့်အစွမ်းအစနဲ့လည်း ချမ်းသာအောင် လုပ်လို့ ရပါ တယ်"

"စိတ်ကူးယဉ်မရယ် .. လက်တွေ့ လုပ်ပြစမ်းပါဦး၊ ခါချဉ် ကောင်က တောင်ကြီးကို ခြေကန်ရွှေ့နေလို့ ဘာထူးမှာလဲ၊ အမြင်မှန်ရစမ်းပါ မေဒေး ရယ် .."

"အမေ .. သမီး စဉ်းစားပါရစေဦး"

"အေး .. စဉ်းစား၊ တစ်မဟ်စောင့်မယ်"

အမေနှင့် စစ်မဖြစ်ချင်၍ အချိန်ဆွဲပြီး စစ်ရှောင်လိုက်ခြင်း ဖြစ်၏။ ရဲရင့်ကိုပြေး၍ အမှတ်ရ၏။

မေဒေး ရဲ့ရင်ထဲမှာ ရဲရင့် ရဲ့ရင်ခုန်သံတွေ နေရာယူနေပါ ပြီ။ အချိန်မတန်သေးသော အချစ်ပန်းကို ပွင့်လန်းစေမည့် ရင်ခုန်သံစဉ်တွေမွေ့ကြွယ်။

ငယ်ငယ်လေးကတည်းက ဘဝဒဏ်ကိုခံလာရ၍ အသေ အလဲ ချမ်းသာချင်ပါသည်။ မေဒေး ဘဝနဲ့ရင်းပြီး မောင်၊ ညီမ ငယ်များရဲ့ဘဝကို ကယ်တင်ရမည်ဆိုလျှင်လည်း ကယ်တင်





ချင်ပါသည်။

ရဲရင့် နှင့်သာ မတွေ့ခဲ့ရလျှင် ကယ်တင်လိုက်ပြီးပြီ။ အခု တော့ ရဲရင့် က ခံနေပြီ။ နှလုံးသားရဲ့ဆန္ဒ ဖြစ်နေပြီ။

ဦးနောက်ရဲ့ရွေးချယ်မှုကို နှလုံးသားက ဆန့်ကျင်တောင့်ခံ ထား၏။ ရဲရင့် ကတော့ ကယ်တင်နိုင်ဖို့ အခွင့်အလမ်း နည်းပါး ၏။ ပထွေးနှင့်အမွေခွဲပြီး ဒေး ဘဝထဲကို ဝင်လာဖို့ဆိုတာက လည်း ရဲရင့် ရဲ့အမေ ဆုံးပါးသွားပြီးမှ ဖြစ်လိမ့်မည်။

ရဲရင့် အမေက ဘယ်အချိန်သေမယ်မှန်း မသိ၊ မသေချာ မရေရာ။ ဦးမျိုးရာဇာ ဘက်ကတော့ သေချာ ရေရာနေပြီ။

နောက်တစ်နေ့ ထမင်းကြော်ဆိုင်ထွက်ချိန်မှာတော့ ဆိုင် ရှေ့ကို သိန်းထောင်ကျော်တန်ကားကြီး ထိုးဆိုက်လာ၏။ ကား ပေါ်က သားနားခံ့ညားစွာ ဆင်းလာသူက ဦးမျိုးရာဇာ။

မေဒေး ရဲ့မိခင်ဆိုတာ ပါးစပ်အဟောင်းသားနှင့် ဦးမျိုး ရာဇာ ကို ငေးမောကာ ရပ်သပ်ရှုမော ဖြစ်နေ၏။

ဒေး ကတော့ ရှောင်ပုန်းချိန်ရလျှင် ပြေးရှောင်မှာပင်။ ရှောင်ချိန်မရ၊ မသိချင်ယောင်ဆောင်ပြီး ခေါင်းငုံ့ကာ အလုပ် ဆက်လုပ်နေလိုက်၏။

"မိန်းကလေး .. အချဉ်လေးပေးပါဆိုမှ ဘယ့်နှယ် ငရုတ် သီးကြော်တွေ ပေးနေရတာလဲ၊ ဒီမှာ စပ်လို့ သေတော့မယ် ..

ဟင်း"

လမင်းကြော်စားနေသူ လူကြီးကို တောင်းပန်လိုက်ရ၏။ ဦးမျိုးရာဇာ က ခပ်တည်တည်ပင် ဝင်လာ၏။ နေကာမျက်မှန်ကို ဆွဲချွတ်လိုက်ပြီး ...

"ဟော့ .. ကျောင်းသူလေး မေဒေး၊ ဦးကို မှတ်မိတယ် မဟုတ်လား .. ဦးမျိုး လေ"

မေဒေး လည်း ခပ်တည်တည်နှင့် ခေါင်းဆတ်ပြလိုက်၏။ အမေက ...

"ဟဲ့ .. သမီး၊ ဧည့်သည်ကို ထိုင်ခိုင်းလိုက်လေ .. ကောင်းကောင်းဧည့်ခံမှပေါ့၊ လူကြီးမင်းရှင့် နေရာထိုင်ခင်းက မကောင်းတော့ ဧည့်ခံရတာ အားနာမိတယ် .. ဟင်း ဟင်း ဟင်း .."

"ရပါတယ် .. မေဒေး နဲ့တွေ့ဖို့က အဓိကပါ၊ ဘယ်လိုတော်သလဲ၊ အမေတော်တာလား"

"ဟုတ်ပါတယ်ရှင်၊ မေဒေး က ကျွန်မသမီးပါ"

"အိုး .. တွေ့ရတာ ဝမ်းသာပါတယ်"

ဦးမျိုး နှင့် မိခင်ဖြစ်သူတို့ လက်ဆွဲနှုတ်ဆက်ဖြစ်ကုန်၏။ စားသောက်သူတွေက အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ၏။ ဦးမျိုး က ...

"မေဒေး .. ခဏလောက်လိုက်ခဲ့ပါလား၊ စကားနည်းနည်း





လေး ပြောချင်လို့ .."

"လိုက်သွားလိုက် သမီး၊ အမေ ဆက်ရောင်းထားလိုက်မယ်၊ သွား .. သွား .."

မိခင်က အတင်းနှင်လွှတ်နေ၏။ လူကြားထဲ ငြင်းနေလျှင် ကြံဖန် ကွိုင်တက်နေဦးမည်။ ထို့ကြောင့် စည်ပင်က စီစဉ်ပေးထားသော ခေါင်းစွပ်၊ လက်အိတ်၊ ထဘီရှေ့ကာတွေချွတ်ကာ လိုက်သွားလိုက်၏။ ဦးမျိုးက မေဒေး ကို အရိပ်တကြည့်ကြည့်ကြည့်ပြီး ကားဆီခေါ်သွား၏။

လုံးကြီးပေါက်လှ၊ မျှစ်စို့ပေါက်၊ ရေဆေးငါး၊ ဂစ်တာရှိတ်နှင့် ချောမောလှပသော မေဒေး ရဲ့ ရုပ်ရည်ကိုက လူရည်သန့်၊ လူချမ်းသာ သားသမီးရုပ် ပေါက်နေ၏။ ဦးမျိုးက လူရှင်းသော စားသောက်ဆိုင်လေးတစ်ဆိုင်ကို ခေါ်သွား၏။

"ဒေး ဘာမှမစားဘူးနော်"

"အအေးလောက်တော့ သောက်ပါ"

"ပိုဆိုးတယ် .. အအေးထဲ စိတ်ကြွဆေး၊ အိပ်ဆေးခတ်ခံရမှာ ကြောက်လို့"

ဦးမျိုး ပြာပြာခါခါ ဖြစ်သွား၏။

"ဦးက အဲဒီလိုယုတ်မာတဲ့လူစားမျိုး မဟုတ်ပါဘူး၊ ဦးနဲ့ သေချာမပေါင်းကြည့်ရသေးလို့ပါ၊ ပေါင်းကြည့်ပြီးရင် သိလာ

လိမ့်မယ်"

"အကြောင်းသိအောင်ပဲ ပေါင်းကြည့်ရဦးမှာလား .. ဒေး က မိန်းကလေးရှင့်၊ စဉ်းစဉ်းစားစားလည်း ပြောပါဦး"

"ဟို.. ဦးပြောချင်တာက အသိအကျွမ်း မိတ်ဆွေလို ပေါင်းသင်းဆက်ဆံတာကို ပြောတာပါ၊ ဘာမှ မစားမသောက်ချင်ရင် လည်း ထိုင်ပြီး နားထောင်ပေး .. ဟုတ်ပြီလား"

မေဒေး တို့ ဂျပန်ဝါးရုံရိပ်ကခုံမှာ ဝင်ထိုင်ဖြစ်၏။ ထိုင်ခုံလေးက သဘာဝကျကျ လုပနေ၏။ ဦးမျိုး က အအေးနှင့်မုန့် အနည်းငယ် မှာလိုက်ပြီးနောက် ...

"မေဒေး ကို ဦး စတွေ့ပြီးကတည်းက ရင်ထဲက လုံးဝ လက်ခံသွားတယ်၊ မေဒေး အတွက်ဆို ကုန်ချင်သလောက်ကုန် ဆိုပြီး သုံးစွဲခဲ့တယ်၊ မေဒေး က ဦးထင်သလို မိန်းမစားထဲက မဟုတ်ဘူးဆိုတာ နောက်မှသိလာရတယ်၊ တကယ့်ကျောင်းသူ အစစ်လေးပဲ၊ ပြီးတော့ ကိုယ်ကျင့်သိက္ခာကို အထူး တန်ဖိုးထား လေးစားတဲ့ အမျိုးကောင်းသမီးလေးဆိုတာ စုံစမ်းသိလိုက်ရ တယ်၊ ဦးလေ .. မေဒေး ကို လုံးဝ သဘောကျသွားတယ်၊ ဦးဘဝမှာ အချစ်ရဆုံး မိန်းမတစ်ယောက် ရှိခဲ့တယ်၊ သူ့ရဲ့ အပျိုစင်ဘဝကို ဦး မပိုင်ဆိုင်လိုက်ရဘူး၊ အဲဒီမိန်းမကြောင့် ဦး လူပျိုကြီးဘဝနဲ့ အရိုးထုတ်တော့မလို့ပဲ၊ အဲဒီမိန်းမလောက်





ဦးကို ဆွဲဆောင်နိုင်တဲ့မိန်းမ မရှိတော့ဘူးလို့ ထင်ခဲ့တယ်လေ၊ မမျှော်လင့်ဘဲ ကျောင်းသူလေး မေဒေး ကို တွေ့လိုက်ရတော့.."

ဦးမျိုးရာဇာ ပြောနေတာကိုရပ်ပြီး မေဒေး ကို စိမ့်ဝင် မတတ် စိုက်ကြည့်နေ၏။ မေဒေး လည်း အနေရခက်ဟန်ဖြင့် ဆံပင်တွေကို နားရွက်နောက် အသာသပ်သိမ်းလိုက်၏။

"အချစ်ကို ဒုတိယအကြိမ် ဦး တွေ့ခဲ့တယ်၊ ပထမအချစ်ကို တော်လှန်ပြောင်းလဲနိုင်တဲ့ ဒုတိယအချစ်ရဲ့အစွမ်းက ဦး ရင်တွေ ကို လောင်ကျွမ်းသွားစေတယ်၊ မေဒေး ဟာ မြင်မြင်ချင်း ဦးရဲ့ အသည်းနဲ့အသက်မှာ ထွင်းသွားတဲ့ အက္ခရာလေးပါ"

"ကျေးဇူးပြုပြီး ရှင်ပြောနေတာတွေကို ရပ်ပေးပါ၊ ကျွန်မကို ဆိုင်ပြန်ပို့ပေးပါ၊ ဒီအချိန်ဆို ဆိုင်မှာ လူအရမ်းကျနေပြီ၊ ကျွန်မ အချိန်မီပြန်မှ ဖြစ်မယ်၊ ရှင်ပြောချင်တာတွေကို တတ်နိုင် သလောက် နားထောင်ပေးပြီးပြီပဲ"

ဦးမျိုးရာဇာ ပြုံးကြောင်ကြည့်သွား၏။ မျက်လုံးတွေ ချက်ချင်းပင် ရီဝေနွမ်းဖျော့သွား၏။ မျက်နှာတစ်ပြင်လုံး ကြေကွဲ ရောင်စဉ်တွေ ဖုံးလွှမ်းသွား၏။ မျက်ဝန်းအကြည့်တွေ မှိုင်းညို့ ရီမှောင်လာ၏။

"မေဒေး ရယ် .. ဦးက မေဒေး ရဲ့ ရုပ်ခန္ဓာလေးကို သိမ်း ပိုက်ယူချင်လို့ ယုံတမ်းပုံပြင်တွေပြောနေတယ် ထင်နေလို့လား၊

ဦးနှလုံးသားထဲက ထွက်ကျလာတဲ့ စကားတွေပါ၊ ဦး တကယ် ပြောနေတာပါကွာ၊ ဦးလေ .. မေဒေး ကို .. မေဒေး ကို .."

မေဒေး ဆတ်ခနဲ ထရပ်လိုက်၏။ ထဘီကို ဆန့်ရန့်လိုက်ပြီး ...

"ကျွန်မကို ပြန်ပို့ပေးပါ"

"ဆိုင်မှာ လူတွေများနေလည်း တစ်နေ့တာ အမြတ်ဖိုးငွေ တင်မကဘူး၊ တစ်ပတ်စာအတွက်ပါ ဦး ပေးပါ့မယ်၊ နောက်ထပ် နာရီဝက်လောက်ပဲ ထိုင်ပေးပါ မေဒေး ရယ် .."

"ဝမ်းနည်းပါတယ်ရှင် .. လိုက်မပို့ရင်လည်း လမ်းလျှောက်သွားတော့မယ်"

မေဒေး လှမ်းထွက်လာလိုက်၏။ လာချပေးထားတာတွေပင် ဦးမျိုး တစ်ယောက် တို့ကနန်းဆိတ်ကနန်းသာ စားရသေး၏။ ဦးမျိုး နောက်ကနေ ကသောကမျော လိုက်လာ၏။

"မေဒေး စိတ်ချမ်းသာအောင် လိုက်ပို့ပေးပါ့မယ်"

"သေချာတယ်နော် .. နိုက်ကလပ်မှာ ရစ်ဖို့တော့ မကြိုးစားနဲ့၊ ဒေး က ဒါဆိုဒါပဲ ကြိုက်တယ်"

"စိတ်ချ၊ ဒေး ဖြစ်ချင်တဲ့ ဒါဆိုဒါပဲဖြစ်စေရမယ်၊ ဦးရဲ့ကားပေါ် တက် .. လုံးဝ မရစ်ဘူး၊ ဟောဒီ ဦးက .. ဦးကလေ ... မချစ်ဖူးသေးတဲ့ အချစ်ရူးလေးလိုလူပါ ဒေး ရယ် .."





ဝမ်းနည်းကြေကွဲသံနှင့် ပြောလာသည့် ဦးမျိုး ကို မျက်နှာတစ်ဖက်လွှဲပြီး ဒေး ဥပေက္ခာပြုနေလိုက်၏။

ယောကျ်ားတွေရဲ့ မာယာပရိယာယ်တွေ .. အလကား။ ဝေးဝေးမှာသာ သွားလွမ်းနေစမ်းပါ။

နိုက်ကလပ်တက်နေတဲ့ယောကျ်ားက ဥပုသ်စောင့်သတဲ့လား။ ဥပုသ်စောင့်တဲ့ကျားကို မေဒေး လုံးဝ မယုံ။

သနားပြီး ကျားကို ကြောင်အမှတ်နဲ့ ယုံမိပါကလည်း ကြောင်ကြီးမြီးတံတို၊ အဆီကို စားပြီး အသားကို မျိုပြန်ဦးမယ်။

အားနာပါးနာ သနားရင် မှားမှာ .. သွား ..။

ထမင်းကြော်ရောင်းနေစဉ် ရဲရင့် ရောက်လာ၏။ မိခင်ဖြစ်သူက ရဲရင့် ကိုတော့ သိပ်မကြိုက်။

"သူဌေးသားက သူဌေးလောက် မကျိန်းသေဘူး၊ သဘောမတူလို့ အမွေပြတ် စွန့်လွှတ်လိုက်ရင် သွားရော၊ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်ရတဲ့ဘဝ ရောက်သွားမယ်"

အမေပြောဖူးတာကို ပြန်အမှတ်ရမိ၏။ ရဲရင့် က ...

"ထမင်းကြော်စားမယ်၊ ဘာဟင်းတွေ ရလဲ"

မချိုမချဉ်မျက်နှာထားဖြင့် မေးလာ၏။

"ဝက်၊ ကြက်၊ ဘဲဥပဲ ရတယ်၊ ဘာနဲ့စားမလဲ"

"ကြက်ဥကြော်နဲ့ စားမယ်၊ သီးသန့်ကြော်ပေးမလား"

"လုပ်ပေးရမှာပေါ့"

"ဟဲ့ .. သမီး၊ ကြက်ဥမှ မရှိတာ"

"ဘေးဆိုင်က သွားဝယ်လိုက်မယ်လေ"





"အလုပ်ရှုပ်ကရှုပ်နဲ့ဟယ် .."

"အမေကလဲ .. ဘာမှ အပန်းမကြီးပါဘူး"

ရဲရင့် က အကဲခတ်နေ၏။ မေဒေး ရဲ့မိခင်မျက်နှာ တည်တင်းနေတာကို သတိထားမိသွား၏။ အနားက မခွာသောကြောင့် ရဲရင့် လည်း ထွေထွေထူးထူး ပြောခွင့်မသာ။ မိခင်အလစ်မှာ ရဲရင့် က ...

"အပြင်လိုက်လို့ မရဘူးလား"

မေဒေး ပခုံးတွန့်ပြလိုက်၏။

"ညနေကျမှ လမ်းထိပ်က စောင့်နေ၊ (၅)နာရီလောက်ထွက်လာခဲ့မယ်"

ရဲရင့် ပျော်ပြီး ထမင်းကြော်စားကာ ငွေရှင်း၏။ မေဒေးက မယူ။ မိခင်ဖြစ်သူက ...

"ယူလိုက်လေ .. စီးပွားရေးလုပ်နေတာကို .."

ယူလိုက်ရတော့၏။ ရဲရင့် ပြန်သွားသည်နှင့် ...

"အဲဒီကောင်လေးနဲ့ သဘောမတူဘူး၊ ကြိုပြောထားတယ်နော်၊ ခုကတည်းက ရှင်းအောင်လုပ်ထား .. နောက် လာစားရင်အရောမဝင်နဲ့၊ မျက်နှာသာမပေးနဲ့ .. ကြားလား"

ဒေး လည်း စိတ်မပါ့တပါ ခေါင်းညိတ်ပြလိုက်၏။ ညနေရောက်သောအခါ ဆိုင်သိမ်း၊ ရေမိုးချိုး၊ အဝတ်အစားလဲ၊ အလှ

ပြင်ပြီးသည်နှင့် ငှားထားသောစာအုပ်လေး ကောက်ကိုင်ကာ အပြင်ထွက်မည်ပြင်စဉ် ...

"အဲဒါ ဘယ်လဲ သမီး"

"စာအုပ်ဆိုင်ပါ"

"အဖော်ခေါ်သွား .."

"လမ်းထိပ်တင်ပဲဟာ .."

"ငါ့သမီးက အပျိုဖြစ်နေတော့ လိုက်ချင်တဲ့ကောင်တွေ ရှုပိုးထိုးနေတာပဲ၊ နင့်အဖေရော ငါရော ယောက္ခမကြီးလို့ မကြားတကြား နောက်ပြောင်ခေါ်တာ ခံနေရတယ်၊ လမ်းထဲက ကောင်တွေ၊ လိုင်းခန်းကကောင်တွေနဲ့ မတော်တရော် ငြိသွားတာမျိုး အဖြစ်မခံနိုင်ဘူး"

"အမေကလဲ .. သမီးက အဲဒါမျိုးတွေ စဉ်းစားပါ့မလား၊ သမီးကို ယုံစမ်းပါ"

"စကားပုံ ရှိတယ် .. ကျွန်ယုံရင် တစ်ဖက်ကန်း၊ သားသမီး ယုံရင် စုံလုံးကန်းတတ်သတဲ့၊ အလတ်မကို အဖော်ခေါ်သွား.."

ဒေး လည်း မိခင်စီစဉ်ပေးသည့်အတိုင်း လိုက်နာလိုက်၏။ အလတ်မက ညနေစျေး အထည်ပုံတွေ့၍ ထိုင်ရွေးနေ၏။ သူ့ဝါသနာက အထည်လှလှမြင်လျှင် အငမ်းမရ။

"နင် ဒီမှာပဲနေနော် .. ငါ စာအုပ်အပ်ပြီး ပြန်လာခဲ့မယ်"





"အေး .. အေး .."

လမ်းထိပ်အဆုံးရောက်တော့ ရဲရင့် နှင့် သွားဆုံ၏။ ရဲရင့်က ...

"ညနေ လေးနာရီထိုးကတည်းက လာစောင့်နေတာ .."

"ငါးနာရီပါဆိုမှ .."

"လွဲသွားမှာစိုးလို့ .. စာအုပ်ဆိုင်ကို သွားမှာလား"

"အင်း ..."

"တက္ကသိုလ်တက်ရတော့မယ်၊ ဒေး လည်း တက္ကသိုလ် တက်ပါကွာ .. ကိုယ် ကူညီမယ်"

ဒေး မျက်နှာလေးက နီယွန်မီးရောင်အောက်မှာ ဝင်းပ ဝါရွှေနေ၏။ နီယွန်မီးရောင်က အကျည်းတန်သူများပင် လှပစေ နိုင်စွမ်း၏။ ဒေး လို ချောမောသူဆိုလျှင် ဆိုဖွယ်ရာမရှိ။ ရဲရင့်က ဂျင်းဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုးထည့်ပြီး ကပ် လျှောက်လိုက်လာ၏။

"ကိုယ်ကူညီတာကို ဒေး လက်ခံရမယ်နော်"

"အဲဒီအတွက် ဘာပြန်ပေးရမလဲ"

"ဘာမှပေးစရာ မလိုဘူး"

"အချစ်တော့ လိုတယ်မဟုတ်လား"

"အဲဒါတော့ အမှန်ပဲ"

"တော်ပြီ .. အဲဒီအကူအညီကို မယူတော့ဘူး"

"ရှုပ်ကုန်ပြီ .. အကူအညီပေးတာက သပ်သပ်၊ နှလုံးသားရေးရာက သပ်သပ်လေ၊ ကိုယ့်ကိုပြန်ချစ်ဖို့ ကူညီတာ မဟုတ်ဘူး၊ ကူညီပြီးရင် ကိုယ့်ကို ပြန်ချစ်ချစ် မချစ်ချစ် ရတယ်"

"အဲဒါမျိုးဆိုရင်တော့ လက်ခံတယ်"

"ဘာလဲ ... ဒေး က ကိုယ့်ကို ပြန်မချစ်နိုင်လို့လား"

"မဟုတ်ပါဘူး .. လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အလွယ် ဝန်မခံချင်ဘူး၊ ချစ်မိပြီးတဲ့လူကိုလည်း အကြောင်းပြချက် အမျိုးမျိုးနဲ့ လမ်းမခွဲခဲ့ချင်ဘူး"

"ဒေး မှာ တခြားရည်ရွယ်ထားတဲ့သူများ ရှိနေပြီလား"

ဒေး ခေါင်းခါပြ၏။ ရဲရင့် က ...

"ဒေး မိဘတွေ သဘောတူထားတဲ့လူရော ရှိနေပြီလား"

"အင်း .."

"ကိုယ် ထင်တော့ထင်သား၊ ဒေး အမေရဲ့ဆက်ဆံရေးတွေကျဲတောက် စိမ်းကားနေကတည်းက သူတို့သဘောတူတဲ့လူတော့ ရှိနေလောက်ပြီလို့ .."

"ဒေး ဆန္ဒရှိမှပါ၊ ဒေး လက်မခံသေးပါဘူး"

"ဒေး ဘယ်သူ့ကို လက်ခံမှာလဲဟင်"

အသနားခံသောမျက်နှာလေးဖြင့် ရဲရင့် ကြည့်လာ၏။





စာအုပ်ဆိုင်ရောက်လာ၍ စကားပြတ်သွား၏။ စာအုပ်ဆိုင်ကကောင်လေးတွေကလည်း ဒေး ကို အပြတ်ရှိုးကြ၏။ မှထိတထိ၊ ကလိတိတိလေးတွေ ပြောကြ၏။ ရိသဲ့သဲ့ပြောပုံတွေကြောင့် ရဲရင့် က ဒေး ရဲ့လက်ကိုဆွဲပြီး ဆိုင်ထဲက ခေါ်ထုတ်လာလိုက်၏။ ဆိုင်ထဲကကောင်တွေ ကြောင်ပြီး ကျန်ရစ်ခဲ့၏။

"အဲဒါ ဘာလုပ်တာလဲ ရဲရင့် .."

"အဲဒီကောင်တွေ မရိုးသားဘူး"

"ကိုယ့်ဘက်က ရိုးသားနေရင်ပြီးတာပဲ၊ စာအုပ်တောင် မငှားလိုက်ရဘူး"

"အဲဒီဆိုင်မှာ နောက်မငှားနဲ့တော့၊ ဒေး ဖတ်ချင်ရင် ဖတ်ချင်တဲ့စာအုပ် ပြော၊ ကိုယ် ရအောင် လိုက်ငှားပြီး လာပို့ပေးမယ်"

"ရဲရင့် ရယ် .. အဲဒီလို အတင်းအကျပ်လုပ်တာမျိုး၊ အမိန့်ပေး တားမြစ်တာမျိုး ဒေး မကြိုက်ဘူး၊ စာအုပ်လာပေးလို့ရော ဖြစ်မလား၊ အခုတောင် ခိုးတွေ့နေရတာကို .."

"ခိုးပေးလို့ ရနေတာပဲ၊ ဒေး မကြိုက်ရင် ကိုယ် မပြောတော့ပါဘူး၊ စာအုပ်ဆိုင်ကကောင်တွေနဲ့တော့ ဝေးဝေးရှောင်ပါ၊ ဒီကောင်တွေပုံစံက ထမင်းကြော်ရောင်းတဲ့ ကောင်မလေးပဲ၊ အလွယ်ရရင် ချိုင်လိုက်မယ်ဆိုတာမျိုးတွေ၊ ကိုယ့်လို အသည်းအသန် တန်ဖိုးထားကြတာ မဟုတ်ဘူး"

"ဒေး ကရော သူတို့ကို လိုတာထက် ပိုဆက်ဆံလို့လား"

"ကျားကိုက်မခံချင်ရင် တောထဲမဝင်တာ အကောင်းဆုံးပဲ၊ ထင်းလိုချင်ရင်၊ ဝါးလိုချင်ရင် မှာဝယ်သုံးလို့ ရပါတယ် ဒေးရယ် .."

ဒေး မျက်နှာလေးတင်းထားသော်လည်း မနာလိုဝန်တိုဖြစ်နေသော ရဲရင့် ကိုကြည့်၍ ရယ်ချင်ပက်ကျိဖြစ်နေမိ၏။ ဒေးက မုန့်လင်မယားစောင့်ဝယ်နေစဉ် ကောင်မလေးတွေအုပ်စုက ရဲရင့် ကိုဝင်တိုက်ပြီး အထာတွေ စွတ်ပေးသွား၏။

"မိုက်တယ်၊ လန်းတယ်၊ ကြိုက်တယ်"

"ဟော့ .. တစ်ယောက်တည်းလား"

"ကိုရီးယားမင်းသားလေးလိုပဲ .. ချောလိုက်တာနော်"

"ချစ်စရာလေးဟယ် .."

ဒေး နှင့် မျက်မှန်းတန်းမိနေသော အလုပ်သမားလိုင်းခန်းထဲက ဆယ်ကျော်သက်လေးတွေ ဖြစ်နေ၏။ ရဲရင့် ကို တစ်ယောက်တည်းထင်၍ အုပ်စုလိုက် ဝိုင်းနောက်နေကြ၏။ ဒေးက ရဲရင့် လက်ကိုဆွဲပြီး မျက်နှာခပ်မော့မော့နှင့် တွဲထွက်လာလိုက်၏။

မုန့်လင်မယားပင် စောင့်မယူဖြစ်တော့။ ကောင်မလေးတွေ အံ့သြပြူးကြောင် ကျန်ရစ်ခဲ့ကြ၏။ ရဲရင့် က ...





"ဒေး .. မုန့်ဖိုးပေးပြီးသားလေ၊ မုန့်တွေ ယူရဦးမယ်"

"လျှာမရှည်နဲ့၊ ဘာလဲ .. ရှင်က ဗူးထချင်လို့လား၊ ခုနက ကောင်မလေးတွေနားပဲ ပြန်ကပ်ချင်နေတာလား"

"အဲ့ .. မဟုတ်ဘူး၊ ဘာဆိုင်လို့လဲ"

"မဆိုင်ရင် လျှာမရှည်နဲ့၊ ပါးစပ်ပိတ်၊ တိတ်တိတ်လေး လိုက်ခဲ့၊ ဒါပဲ .."

မေဒေး အိပ်ရာထဲရောက်မှ နဖူးပေါ်လက်တင်ပြီး ပြန်စဉ်းစားမိ၏။

အဲတော် .. ငါလည်း သဝန်တိုမိသွားတာပါလား၊ ဒါကြောင့်မို့ ရဲရင့် က ပြုံးဖြီးဖြီးနဲ့ ကြည့်နေတာကိုး၊ ရှက်လိုက်တာနော် ..၊

မေဒေး ကိုယ့်မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကွယ်ထားမိလိုက်၏။ တကယ်ဆို ဘာသိဘာသာ နေတတ်ရမှာလေ။

ရဲရင့်ရယ် ..၊ ဆင်းရဲတဲ့ တို့ဘဝမှာ ဘာကိုမှ စိတ်ကူးယဉ်ခွင့်လေးတောင် မဝံ့ရဲရပါဘူး၊ စိတ်ကူးယဉ်ပြီး လက်တွေ့ဘဝနဲ့ ကွာခြားတဲ့အခါကျတော့ ရူးသွားနိုင်တယ်လေ။

ရဲရင့် ကို ချစ်မိပေမယ့်လည်း တရားဝင်ချစ်သူအဖြစ် လက်ခံလိုက်ပြီးမှ ရဲရင့် ဘက်ကဖြစ်ဖြစ်၊ တို့အမေဘက်က





ဖြစ်ဖြစ် အတင်းဝင်ခွဲတဲ့အခါ ရင်ကွဲနာကျရမှာမျိုးကိုလည်း တို့ သိပ်ကြောက်မိတယ်။

တို့ ခံစားကြေကွဲရမှာ သိပ်ကြောက်လို့ မချစ်ရဲတာပါ၊ တို့ ရင်ထဲမှာတော့ ရင်ခုန်လိုက်တိုင်း ရဲရင့် ဆိုတဲ့အသံတွေပဲ ထွက်နေပါပြီ၊ တို့ကိုယ်တို့ ထိန်းပေမယ့်လည်း ကြာရှည်တော့ တောင့်ခံနိုင်မယ် မထင်ဘူး။

ရဲရင့် ရဲ့အပြုံး၊ ရဲရင့် ရဲ့မျက်လုံးတွေထဲမှာ တဖျပ်ဖျပ် တောက်ပနေတဲ့ အချစ်တွေကိုမြင်နေရတိုင်း တို့ရင်တွေ အတိုင်းအဆမဲ့ လှုပ်ရှားနေခဲ့ရတယ်။

ရဲရင့် နဲ့ပတ်သက်သမျှ ဆံချည်တစ်မျှင်ကအစ တို့စိတ်ဝင်စားနေမိပြီ .. သိလား။

ရဲရင့် အကြောင်း တွေးကောင်းနေတုန်းမှာ ဦးမျိုးရာဇာက ဘွားခနဲ ပေါ်လာပြန်၏။ အသနားခံသည့်မျက်နှာ၊ ကြေကွဲနွမ်းလျ လေသံ ..။

ဘဝက ချမ်းသာပြီး အချစ်မရှိလို့ စိတ်မချမ်းသာရသည့် အချစ်ဝေဒနာသည်ကြီး။ ငွေကြေးဂုဏ်ဒြပ်၊ မာန်မာနမရှိ ပကတိ လူကောင်းတစ်ယောက်ပမာ အချစ်ကို ကိုးကွယ်နေရှာသည့် အချစ်ရူးသမားကြီး။

ဘုတ်ခနဲ အလတ်မရဲ့လက်တစ်ဖက်က မေဒေး ရဲ့

ရင်ဘတ်ပေါ် ရောက်လာ၏။ အိပ်ပျော်နေရင်း အမှူမဲ့အမှတ်မဲ့ ရောက်လာခြင်းဖြစ်၏။ အငယ်မက ဘူခနဲ အိပ်ရင်း လေလည် လိုက်သေး၏။ မွန်ထူအောင် နံစော်သွား၍ တွေးနေမိသည့် အချစ်အကြောင်းလေးတွေပင် ဘယ်ရောက်သွားမှန်း မသိ။

မိန်းကလေးညီအစ်မတွေ ဝိုင်းစုအိပ်ကြရသည့် အိပ်ရာပေါ်မှာ မေဒေး စိတ်ကူးနုနုလေးတွေ တ,သံကြည်မောစွာ ကြာရှည် မတွေးနိုင်ပါ။

လိုချင်တာ ဆန္ဒ၊ ကြုံနေတာဘဝ ဖြစ်နေ၏။ ဘဝမှ တော်တော့်ကြီးကို ကြမ်းတမ်းသည့်ဘဝ။ လမ်းထဲက ဘဝတူကောင်လေးတွေကလည်း အိမ်နဲ့မလှမ်းမကမ်းမှာ ဂစ်တာတဒေါင်ဒေါင်၊ တဒင်ဒင်နှင့် ဖိုသံပေးနေကြသေး၏။

ရုပ်ရည်လေးလှပတာကလည်း မိန်းမသားအတွက် ဥစ္စာခန မည်နေပြန်၏။ ဘဝတူချင်း မစဉ်းစားရဲ။

ဘဝတူကောင်လေးတွေရဲ့ ကြေကွဲသံစဉ်လေးတွေကို ခံစားမိပြီး အသနားတော့ ပိုမိ၏။ သို့ငြား သူတို့ကို စိတ်ကူးယဉ်လေးတောင်မှ မစဉ်းစားရဲ။ အမေ့ရဲ့ ဆုံးမသြဝါဒတွေက ခေါင်းထဲ ပြည့်ကျပ်နေရသူရယ်ပါ။

အဖေ့သဘောသာဆို ဘဝတူထဲကလည်း ကိုယ်ကြိုက်ရင် ယူမှာပဲဆိုတာမျိုးတွေ ဖြစ်လာလိမ့်မည်။





ရဲရင့် ရော .. ဒေး ကို သတိရပြီး ဂစ်တာတစ်လက်နှင့် ရင်တွင်းတမ်းချင်းတွေ သီဆိုနေမလား ..။

ဦးမျိုးရာဇာတစ်ယောက်လည်း ဒေး ကို မရသည့်အတွက် နိုက်ကလပ်ပေါင်းစုံတက်ပြီး ရှာလွန်ရှုက်တိုက် ဆက်လုပ်နေလေမလား ..။

အို .. အားလုံး ထွက်သွား ...။

ခေါင်းထဲကမောင်းထုတ်ပြီး ဘုရားစာရွတ်ဖတ်ကာ ကြိတ်မှိတ်အိပ်ပစ်လိုက်၏။

မေဒွေး ရဲ့မိခင်နှင့်ဖခင်ကို ဦးမျိုးရာဇာ က ကားနှင့်ဖိတ်ခေါ်၍ ဆိုင်ကြီးဆိုင်ကောင်းမှာ ကျွေးမွေးဧည့်ခံ၏။ ဦးမေဇော်က စီစဉ်ပေးခြင်းဖြစ်၏။ မေဒွေး ကတော့ မသိ။ ညီမတွေနှင့် ဆိုင် မှာ ရောင်းနေ၏။

အဖေနှင့်အမေကို ဦးဇော် က သူ့ကားနှင့် လာခေါ်သွားတာသာ သိလိုက်ရ၏။

"ကျွန်တော် မျိုးရာဇာ က ဦးနဲ့အဒေါ်တို့ရဲ့သမီးကို မိသားဖသားပီပီ တောင်းရမ်း လက်ထပ်ယူချင်ပါတယ်"

သူတို့နှင့် အသက်အရွယ်အချင်း သိပ်မကွာလှ။ မေဒွေး ဖခင်က ငူငိုင်သွား၏။ မေဒွေး မိခင်ကတော့ ပြုံးရွှင်မျက်နှာထားဖြင့် ...

"မိသားဖသားပီပီဆိုတော့လည်း အဒေါ်တို့ဘက်က သဘောမတူစရာ သိပ်မရှိပါဘူး"





"ဟုတ်ကဲ့ .. ကြိုအသိပေးထားပါရစေ၊ ကျွန်တော်က ပူပူနွေးနွေး မှဆိုးဖိုပါ၊ မိန်းမအသုဘကို မနက်ဖြန် ချတော့မှာပါ၊ မိန်းမက နာတာရှည် အိပ်ရာထဲလဲနေတာ တစ်နှစ်ခွဲလောက်ရှိပါပြီ"

"ဩော် .. ဟုတ်လား၊ သနားပါတယ်နော်"

"ဟုတ်တယ် .. သူသေမှပဲ ဒီဘက်ကို ကမ်းလှမ်းတာပါ၊ ကျွန်တော်ပိုင်ဆိုင်သမျှ စည်းစိမ်တွေ မေဒွေး လည်း တစ်ဝက်ဆိုင်စေရပါမယ်၊ စာချုပ်စာတမ်းနဲ့ လွှဲပေးမှာပါ၊ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်း နေထိုင်သွားမှာပါ"

"အဒေါ်တို့ဘက်ကတော့ သဘောတူပြီးသားပါ မောင်မျိုးရာဇာ .. မင်္ဂလာဧည့်ခံပွဲကိစ္စကို ဘယ်လိုစီစဉ်ထားမှာလဲ"

"ဟိုတယ်မှာဆောင်မှာပါ၊ မိန်းကလေးမှာ တစ်မင်္ဂလာပဲရှိတာမို့ ခမ်းခမ်းနားနား လုပ်ပေးမှာပါ"

မေဒွေး ရဲ့မိခင် သဘောတော်ကျသွား၏။ ဖခင်ကတော့ အသားလုံးကြော်တွေချည်း အချဉ်ရည်နှင့် တို့စားနေ၏။ ဝိုင်ယစ်ရည်တွေလည်း တစ်ခွက်ပြီးတစ်ခွက် ထိုးမော့နေ၏။

"ဦးရဲ့သဘောကရော .."

"အဒေါ်ပြီးရင် ပြီးပါတယ်ကွယ်၊ ယောကျ်ား .. မေးနေတယ်လေ၊ ဖြေလိုက်ဦး"

"ဟေ .. ဘာဖြေရမှာလဲ"

"ရှင့်သမက်လောင်းက ရှင့်သမီးနဲ့ သူ့ကို သဘောတူရဲ့လားတဲ့"

"ဒီလိုမျိုးစားပွဲတွေ နေ့တိုင်းရမယ်ဆိုရင်တော့ ကျွမ်းပစ်ပြီးတော့တောင် သဘောတူပစ်လိုက်ဦးမယ်"

"စိတ်ချ .. ဖြစ်စေရမယ်ဗျာ"

"ဟေး .. ဟေး .. ဒါမှ ရွှေသမက်၊ ငွေသမက်ကွ"

မေဒေး ရဲ့ဖခင် အရက်အရှိန်တက်နေ၍ စွတ်သဘောတူပစ်လိုက်၏။ ဦးမျိုးရာဇာ နှင့် မေဒေး ရဲ့မိခင်တို့ ရှေ့ရေးကို တိုင်ပင်ဆွေးနွေးကြ၏။

ပြောဆိုပြီး၍ အိမ်ပြန်ချိန်မှာတော့ မေဒေး ဖခင်ကို စားပွဲထိုးတွေ ကားပေါ်ပွေ့တင်ရတော့၏။

အိမ်ရောက်တော့ အိမ်နီးချင်းတွေနှင့် ပွေ့ချခိုင်းရပြန်၏။ ဦးမျိုးရာဇာ က နှုတ်ဆက်ပြန်သွား၏။ မေဒေး က တအံ့တသြနှင့် ....

"အမေ .. လာခေါ်တုန်းက ဦးမေဇော် ပါ၊ ပြန်ပို့တော့ ဦးမျိုးရာဇာ ဖြစ်နေပါလား၊ ဘာတွေဖြစ်လာကြတာလဲ၊ သူတို့က တကူးတက အဖေနဲ့အမေကို ခေါ်တွေ့တာလဲ"

"သမီးကြောင့်ပေါ့ကွယ်၊ လာ .. ထိုင်ဦး၊ အမေ အေးအေး





ဆေးဆေးပြောပြမယ်၊ မျိုးရာဇာ က သမီးကို ရွှေနဲ့ ငွေနဲ့ တင်တောင်းပြီး ခမ်းခမ်းနားနား ဟိုတယ်မှာ လက်ထပ်ယူချင်လို့ အမေတို့ကို ခွင့်တောင်းတာပဲ၊ သူ့စည်းစိမ်တစ်ဝက်ကို ငါ့သမီး ရတော့မှာ၊ အမေဖြင့် ဝမ်းသာလုံးဆို့မတတ် ဖြစ်သွားတာပဲ"

မေဒေး ငိုင်ကြောင်ကြည့်နေမိ၏။ ပြီးမှ သတိဝင်လာပြီး...

"အမေကလဲ .. မဖြစ်နိုင်တာတွေ၊ သူက မေဒေး ရဲ့အဖေ အရွယ်လောက်ရှိတဲ့ဟာကို၊ အမေ လက်ခံလိုက်ပြီလား"

"လက်ခံလိုက်ပြီ .. လာမယ့် နှစ်ဆယ့်နှစ်ရက်နေ့ကျရင် နားလာဖောက်လိမ့်မယ်"

မေဒေး ဆောက်တည်ရာမဲ့သွား၏။

"အမေ အဲလိုမလုပ်သင့်ဘူး .. မေဒေး ရဲ့သဘောဆန္ဒကိုလည်း မမေးဘူး၊ အတင်းအကျပ် စီစဉ်တယ်၊ မေဒေး သဘောမတူဘူး .. မယူဘူး"

"တိတ်စမ်း သမီး၊ ညည်းမယူလို့ကို မရဘူး၊ မျိုးရာဇာနဲ့ ယူပြီးရင် ညည်းဘာသာ ကောလိပ်ပဲတက်တက်၊ ဧဝရက်တောင်ထိပ်ပဲတက်တက်၊ တက်ချင်တဲ့နေရာ တက်လို့ရတယ်၊ ဒီလိုသူဌေးမျိုးနဲ့ တွေ့ရတာကိုက သမီးကံကောင်းတာ၊ ဒီလိုအခွင့်အရေးမျိုးကို ငြင်းရင် ရူးမိုက်ရာကျသွားမှာပေါ့"

"အပ်ကြောင်းတွေလည်း ထပ်နေပါပြီ၊ မယူဘူး အမေ"

"မယူလို့ကို မရဘူး"

မေဒေး ခြေဆောင့်ပြီး အခန်းထဲမှာ သွားအော်ငိုနေလိုက်၏။

ဖခင်ကလည်း မှောက်နေပြီ။ အကူအညီမပေးနိုင်တော့။ အလတ်မက ...

"မမကြီး .. တိတ်ပါ၊ မမကြီး မယူချင်ရင် ညီမလေးပဲ ယူပါ့မယ်"

"ဟဲ့ .. အလတ်မ၊ ဘုမသိ ဘမသိနဲ့ ဝင်ပြောမနေနဲ့၊ သူဌေးက မေဒေး ကိုပဲ ကြိုက်တာ၊ နင့်ကိုမကြိုက်ဘူး .. ရှင်းပြီလား .."

မောင်၊ ညီမတွေလည်း ဘာမှ ဝင်မပြောရဲတော့။ မျက်နှာငယ်လေးတွေနှင့် မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ နားထောင်နေကြ၏။

အမေက အားရအောင် လှမ်းအော်ပြောပြီးသည်နှင့် လက်ဆောင်ရလာပုံရသော ပါကင်ဘူးကို ဖွင့်နေ၏။

"ဟယ်တော် .. အကောင်းစားပိတ်စတွေ၊ လက်ကောက်နှစ်ကွင်း၊ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်သုံးကွင်းက ရွှေအစစ်တွေပဲ ဖြစ်ရမယ်၊ ငါ့ကို လက်ဆောင်ပေးလိုက်တာ ရက်ရောလွန်းပါဘိ၊ အမလေး .. ငါ့ရဲ့ ရွှေသမက်လေး ကျန်းမာပါစေ၊ ချမ်းသာပါ





စေ၊ ငါဝတ်ကြည့်ရတော့မယ်၊ ဒီရွှေသမက် မျိုးရာဇာနဲ့ကျမှပဲ အခံခက်အောင် ဇာတာတွေ လိုမ့်တက်နေတော့တာပါလား နော်.."

ဦးမျိုးရာဇာ ရဲ့ အညာကိုင်၊ အပိုင်ချိုင်မှုကတော့ တကယ့်ကို ချည်ပြီးတုပ်ပြီးသားပင်။

မေဒေး မှာ လှုပ်မရတော့။

ရဲရင့် ဆီ အဖော်ပေါက်ပြီး အရောက်သွားကာ သံတော်ဦးတင်လိုက်ချင်၏။

♡♡♡

"ဒေး .."

"ဟင်!... ရဲ .. ရဲရင့် .."

ဒီနေ့ ထမင်းကြော်ဆိုင်က အရောင်းပါးနေ၏။

ထိုစဉ်မှာပင် ကြေကွဲနွမ်းညှိုးသော မျက်နှာထားဖြင့် ရောက်လာသူက ရဲရင့်။ ဆိုင်ထဲမှာ အမေလည်း ရှိနေ၏။ ရဲရင့်ကိုတွေ့တာနှင့် အမေက ထလာပြီး ပိတ်ပြောမည်ပြင်လိုက်စဉ် မေဒေး က ...

"ရဲရင့် .. ဘာကိစ္စရှိလို့လဲဟင် .."

"ငါ့မေမေ ဆုံးသွားပြီ"

"ဟင်!..."

မေဒေး ရင်ထဲနင့်သွား၏။ ကိုယ်ချင်းစာစိတ်ဖြင့် ရဲရင့်ကို အတော်လေး သနားသွားမိ၏။ မေဒေး ရဲ့မိခင် ဒေါ်သန်းမြလင်း လည်း မပြောရက်တော့၍ နှုတ်ဆိတ်သွား၏။





"တစ်နေ့ကတည်းက လူကြီးရောဂါနဲ့ ဆုံးသွားတာ၊ အလုပ်တွေများနေတာနဲ့ အကြောင်းမကြားဖြစ်တာ .. ဒီနေ့နေ့လယ်တစ်နာရီ အသုဘချမယ်၊ နင် လာချင်ရင် လာခဲ့ဖို့ ငါ လာအကြောင်းကြားတာပါ၊ ငါ .. ငါ သွားတော့မယ်"

"ငါ စိတ်မကောင်းပါဘူး ရဲရင့် ရယ်၊ စိတ်ချ .. ငါ ရောက်အောင်လာပြီး အသုဘလိုက်ပို့ပေးမယ်"

ရဲရင့် ခေါင်းငိုက်စိုက်ချပြီး ထွက်သွား၏။ ဒေါ်သန်းမြလင်း က ...

"သမီးကလဲ .. တစ်ယောက်တည်း ဘာလို့သွားမှာလဲ"

"ဒါက နာရေး အမေ၊ အမေတားလည်း သမီး သွားမှာပဲ"

"အဲဒီကောင်လေးနဲ့ မရောပါနဲ့ဆိုမှ၊ ဒါ နောက်ဆုံးဖြစ်ပါစေ"

မေဒေး ဘာမှမတုံ့ပြန်။ ဒေါ်သန်းမြလင်း က ...

"မျိုးရာဇာ နဲ့ကိစ္စ သိပ်အချိန်ဆွဲထားလို့ မရဘူး၊ မောင်မျိုးရာဇာ က သမီးကို ဒီကောင်လေးနဲ့ အထင်လွဲသွားရင် အားလုံးဆုံးပြီ"

"အမေ့ဘက်က အမေ့ဘာသာ ကျိန်းသေနေပြီး ဖိတ်စာတစ်ခြမ်းပဲ ရိုက်ထားပါစေဦး၊ သမီးဘက်ကတော့ မကျိန်းသေဘူး၊ နောက်ကျမှ လူပုံအလယ်မှာ အရှက်ခွဲတယ်ဆိုပြီး သမီးကိုအဆိုးမဆိုနဲ့ .."

"ဘာ!... မိဒေး ... ညည်းက မအေကို ဘယ်လိုပြောလိုက်တယ်၊ မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာမျိုး ဖြစ်ချင်လို့လား"

မဒေး က ညီမငယ်တွေထံ ခါးစည်းကိုပစ်ပေးပြီး ဆိုင်ထဲက စိတ်ပျက်လက်ပျက် ထွက်လာလိုက်၏။ ဘေးနားက ကားတစ်စီး ဝေါခနဲ ဖြတ်မောင်းသွား၍ လန့်ခုန်ရှောင်မိ၏။

ရှေ့နားမှာ ကားရပ်သွားပြီး ကားထဲက ခေါင်းတွေ ပြူကြည့်လာကြ၏။ ယာဉ်မောင်းက ကျော်နန္ဒ၊ နောက်ခန်းမှာ သရဖူ နှင့် သန္တာ။

မဒေး ဒေါသ ထောင်းခနဲ ဖြစ်သွား၏။ ကျော်နန္ဒ က မျက်နှာပြောင်ပြပြီး မောင်းထွက်သွား၏။ သရဖူ တို့ကလည်း ရှုံ့မဲ့ ပြောင်ပြသွား၏။

ကျောင်းပြန်တက်လျှင် ဒီမျက်နှာတွေနှင့် ပြန်ရင်ဆိုင်ရဦးမည်။ မဒေး က ခဲကောက်နေချိန်မှာ ကားက မောင်းထွက်သွားပြီ။ လမ်းဘေးကို ကျောက်ခဲပြန်လွှင့်ပစ်မည်ပြုစဉ် ဦးဇော်ရဲ့ကားက ထိုးဆိုက်လာပြန်၏။

"ဟော့ .. တူမ"

"ဘာလဲ .."

"လန့်လိုက်တာဟယ်၊ လက်ထဲမှာလည်း ခဲလုံးကြီးနဲ့၊ ဘယ်သူ့ကို ဘာလုပ်မလို့လဲ"





"ခွေးပစ်မလို့ .."

"တော်သေးတာပေါ့ .. ခုချိန်လောက်ဆို တူမလည်း သိပြီးရောပေါ့"

"ဘာကိုသိရမှာလဲ၊ ဟင်းနော် .. စိတ်တိုနေတာ .."

"စိတ်လျှော့ပါ.. ဒေါသကြီးရင် အသက်တိုတတ်တယ်တဲ့"

မဒေး လည်း ခဲလုံးကြီးပစ်ချပြီး အလုပ်သမားဝင်းထဲကို ဆောင့်အောင့်ဝင်သွား၏။ ဦးမေဇော် တစ်ယောက် ဦးမျိုးရာဇာအပေါ် စဉ်းစားဆုံးဖြတ်ပြီးပြီလားဟု လာမေးခြင်းပင်။ မဒေး က စိတ်တိုပြလိုက်၍ မမေးရဲတော့ဘဲ ပြန်သွား၏။

ဘယ်လောက်တောင် အောင်သွယ်ခတွေ ရနေလဲမသိဘူး၊ တစ်နေ့လာလည်း ဒါပဲဆိုတာမျိုးတွေ လာလုပ်နေ၏။

မဒေး စိတ်ညစ်သမျှ အော်ချလိုက်လျှင် ကမ္ဘာကြီးပွင့်ထွက်သွားလိမ့်မည် ထင်၏။

ရဲရင့် ဖုန်းနံပါတ်ကို လှမ်းဆက်ပြီး အိမ်လိပ်စာကို တောင်းလိုက်ရ၏။ ဆိတ်ငြိမ်ရပ်ကွက်ထဲမှာ ဖြစ်နေ၏။ ဘတ်စ်ကားစီးပြီး လမ်းထဲကို ခြေလျင်လျှောက်ဝင်လိုက်၏။

အတော်လေး ဝင်လာပြီးသောအခါ ဇိမ်ခံကားတွေ တန်းစီရပ်ထားသော အိမ်ခြံဝန်းတစ်ခုကို တွေ့လိုက်ရ၏။

အိမ်အမှတ် (45/A)။

အိမ်ရှေ့ကနေ မရဲတရဲ ခြံထဲကို လှမ်းကြည့်လိုက်၏။ အသုဘလိုက်ပို့မည့်သူတွေနှင့် စည်ကားနေ၏။ ထိုစဉ်မှာပင်...

"မေဒေး ..."

"ရှင် ... ဟင်!... ဦး .. ဦးမျိုးရာဇာ .."

"ဟုတ်တယ်လေ .. ဦးရဲ့ဇနီးဟောင်းဈာပနကို လာပို့တာ မဟုတ်လား၊ ဦး ဝမ်းသာလိုက်တာကွယ်"

"အဲ .. ဒါ .. ဦးရဲ့ဇနီးဟောင်း အိမ် .."





"ဟုတ်တယ်လေ၊ လာ .. လာ .. အိမ်ထဲဝင် .."

အနက်ရောင် အနောက်တိုင်းဝတ်စုံ၊ နေကာမျက်မှန်တပ်ထားသော ဦးမျိုး က မေဒေး လက်ကို ဆွဲကိုင်ခေါ်နေ၏။

"ဒေး ..."

"ဟင် .. ရဲရင့် ..."

ဦးမျိုး လက်ထဲက မေဒေး ရဲ့လက်ကလေးကို ဆတ်ခနဲပြန်ရုန်း ဆွဲကပ်ထားလိုက်၏။

"ဒေး .. ကိုယ့်ဆီလာတာလား"

"ဟုတ်တယ် .. ရဲရင့် ရဲ့အမေကို လိုက်ပို့မလို့ .."

"လာလေ .."

ရဲရင့် ဆီ လျှောက်သွားလိုက်၏။ ဦးမျိုး က မျက်နှာပျက်ပျက်နှင့် ကြည့်နေရင်း ...

"မေဒေး က ဒီကောင်နဲ့လည်း သိနေတာလား"

"ဟုတ် .."

"သိတော့ဘာဖြစ်လဲ၊ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ ငါလည်း မေဒေး ကို သိနေတာကြာပြီ၊ သူ့မိဘတွေနဲ့တောင် နားဖောက်ပြီးပြီ၊ မေဒေး ကို ငါ ယူမလို့.. ရှင်းပြီလား"

"ဘာ!... ခင် .. ခင်ဗျား ..."

"မင်း ဘာပြောချင်လို့လဲ ရဲရင့်သူရ .."

"ဒါ .. ကျုပ်ရည်းစားဗျ"

ဦးမျိုးရာဇာ ပြူးကြောင်ထိတ်လန့်ပြီး တောင့်တောင့်ကြီး ပြန်ကြည့်နေ၏။ မေဒေး မှာ ကြားထဲက အနေရခက်ခက်။

ရဲရင့် ကလည်း ပိုင်စိုးပိုင်နင်း ပြောပစ်လိုက်ပြီ။ ဦးမျိုး ကလည်း အသားယူပြီး သူပိုင်ပစ္စည်းဥစ္စာပမာ ပြောလာပြီးပြီ။

"မင်း .. မင်း .. လုပ်ကြံပြောမနေနဲ့၊ ဒါ .. ငါယူမယ့် ငါ့ဇနီးလောင်းကွ"

"ကျုပ်ရည်းစားဗျ"

"တော်ကြပါတော့ရှင် .. ဟိုမှာ လူတွေလည်း ဝိုင်းကြည့်ကုန်ပြီ၊ မရှက်ကြဘူးလား .. ရှင်တို့က ဘယ်လိုပတ်သက်နေကြလို့လဲ"

"သူ့အမေက အခုဆုံးသွားတဲ့ ဦးရဲ့ဇနီးဟောင်းပေါ့"

"ရှင်!..."

"ဒီလူကြီးက ကိုယ့်ပထွေးပဲ၊ မေမေ သေရတာ သူ့ကြောင့်ပဲ"

"ဘာကွ .. ငပြူးက ပြဲနေရသေးတယ်၊ မင်းကြောင့် သေရတာ၊ ငါ့ငယ်ချစ်ဦးသေရတာ မင်းကြောင့် .."

နှစ်ယောက်သား ထထိုးမည့်ပုံတွေ ဖြစ်လာကြ၏။





မေဒေး က ကြားဝင်တားပြီး ...

"ရှင်တို့ ဆက်ရန်ဖြစ်နေရင် ကျွန်မ ပြန်တော့မယ်"

"မပြန်နဲ့ .."

"မပြန်ရဘူး မေဒေး"

"ဒေး ပဲ ဆုံးဖြတ်ပေးလိုက်၊ ဘယ်သူ့ဆီလာတာလဲဆိုတာ.."

"ရဲရင့် ဆီလာတာ .. ရဲရင့် က ခေါ်ထားလို့"

ဦးမျိုးရာဇာ မျက်နှာ ရဲခနဲ နီပြီး ပျက်သွား၏။

ရဲရင့် က...

"ကဲ .. ကြားတဲ့အတိုင်းပဲ၊ ခင်ဗျား နောက်ဆုတ်လိုက်၊ ကျုပ် အမေအတွက် ပူဆွေးသောကရောက်နေတာနော်၊ အဲဒါတွေ ဒေါသအသွင်ကူးပြောင်းသွားရင် ခင်ဗျားနဲ့ကျုပ် သတ်ပွဲတွေ ဖြစ်သွားလိမ့်မယ်"

"မင်းလိုကောင်ကို ငါက ဂရုစိုက်မယ်များ ထင်နေလား.. မင်း လက်ဦးမှုရတုန်း လုပ်ထားဦးပေါ့ကွာ၊ မင်းအဖေက ငါ့ရဲ့ အချစ်ဦးကို လုသွားတယ်၊ မင်းက ငါ့ရဲ့အချစ်သစ်ကို ထပ်လုဦးမယ်ဆိုရင်တော့ .. ဟင်း .. တွေ့ကြသေးတာပေါ့"

ရဲရင့် က ဒေး လက်ကိုဆွဲခေါ်လာ၍ နောက်ပါးမှာ ဦးမျိုးရဲ့ ကြိမ်းဝါးစကားတွေ မကြားတစ်ချက် ကြား..ဟစ်ချက်နှင့် ကျန်ရစ်ခဲ့၏။

ဒေါ်ရတီခင် ရဲ့အလောင်းတင်ထားသော နာရေးကူညီမှု ယာဉ်ဘေးကို လိုက်ပို့၏။ ဥပမိရုပ်ကောင်းသော်လည်း ဇရာနှင့် မရဏကြောင့် မလှပနိုင်တော့သည့် ရတီခင်။

အလှဆုံးဖြစ်အောင် ပြင်ဆင်ထားသော်လည်း မျက်ကွင်း နှစ်ဖက်က ညိုမည်းလျက်သား ..။

"မေမေ .. သား ရောက်နေတယ်၊ မေမေ့အနားမှာ သား တစ်သက်လုံး နေချင်ပါတယ်၊ ခုတော့ မဖြစ်နိုင်တော့ဘူး၊ သေမင်းက ခွဲသွားပြီ၊ သားကို ခွင့်လွှတ်နားလည်ပေးပါ၊ မေမေ့ ရဲ့ချွေးမလောင်းလေးပါ၊ မေမေ့ရဲ့နောက်ဆုံးခရီးကို လိုက်ပို့ပေး မှာ၊ သူ့နာမည်က မေဒေး တဲ့၊ သားကတော့ ဒေး လို့ပဲ ခေါ် တယ်၊ မေမေလည်း ကြိုက်သလို ခေါ်နိုင်တယ်နော်"

ဒေး လည်း မျက်ရည်ဝဲစို့မိ၏။ ဝမ်းနည်းကြေကွဲနေသော ရဲရင့် ရဲ့ကျောကို အသာသပ်ပေးမိ၏။ ရဲရင့် ရဲ့မိခင်ကို ရေဝေး သုသာန်ဆီ လိုက်ပါ ပို့ဆောင်ပေးဖြစ်၏။

အပြန်လမ်းမှာ ...

"လောကကြီးထဲမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိတော့ တယ် ဒေး ရယ် .. မေမေ ကိုယ့်ကို ထားခဲ့ပြီလေ"

"အို .. ရဲ ရယ် .. ဒေး ရှိပါတယ်၊ ရဲ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒေး လည်း ရှိနေပါတယ်"





ရဲရင့် က လူသူ၊ ကားများရှင်းရာ လမ်းဘေးအရိပ်တစ်ခု မှာ ကားကို ထိုးရပ်လိုက်၏။ ပတ်ဘလစ်ကာ တစ်ပင်္ဂရစ်ကား ဟောင်းထဲမှာ ဒေး နှင့် ရဲရင့် တို့ နှစ်ဦးတည်းသာ။

"ဒေး က တစ်သက်လုံး ရှိနေမှာမို့လို့လား"

ဒေး ရင်နင့်သွား၏။ ရဲရင့် ကို သေချာကြည့်လိုက်ပြီး ...

"ရဲ က ရှိနေစေချင်ရင် ရှိနေပေးမှာပေါ့ရှင်"

"ဝမ်းသာလိုက်တာ ဒေး ရယ် .. ဒေး .. ရဲ ကို ပြန်ချစ်သွား ပြီပေါ့နော်"

ရဲရင့် က ဒေး ကို အားပါးတရ လှမ်းဖက်လာ၏။ ဒေး မရုန်းဖယ်မိ။

"သနားလို့နော်"

"ချစ်ရင် ပြီးတာပါပဲ"

"သိပ်မဖက်နဲ့လေ"

"သိပ်ချစ်လွန်းလို့၊ သိပ်ပျော်လွန်းလို့၊ သိပ်ကို ..."

ဒေး က ရဲရင့် ရဲ့နှုတ်ခမ်းလေးပေါ် လက်ညှိုးလေး ဖိကပ် လိုက်၏။ စကားသံတွေ ရပ်သွား၏။

"ကြားလား .."

"ဘာလဲဟင် .."

"ရင်ခုန်သံတွေကိုပေါ့"

"ကြားတယ် .. ဒေး ရဲ့ရင်ခုန်သံထက် ရဲ ရဲ့ရင်ခုန်သံတွေက ပိုပြီးကျယ်တယ်"

"သိပ်ချစ်တာပဲလား ရဲ ရယ် .."

"ပြောမပြတတ်အောင်ကို ချစ်နေတာပါ ဒေး ရယ်"

ရဲရင့် ရဲ့ စွတ်စိုနွေးအိသောအနမ်းက မေဒေး ရဲ့ပါးပြင်နုမှာ လန်းပွင့်သွား၏။

ချစ်ခြင်းအထိအတွေ့မှာ နှစ်ဦးသား မူးမေ့ မိုက်မောသွားမိကြကုန်လေသည်။





"လုံးဝ သဘောမတူဘူး .. ဒီနေ့ကစပြီး သမီး ဘယ်မှ မသွားရဘူး၊ သွားတဲ့နေရာတိုင်း အဖော်ထည့်ပေးမယ်၊ အို .. ကြာပါတယ်အေ၊ ကိုမျိုးရာဇာ နဲ့ အမြန်ယူလိုက် .."

"မယူဘူး အမေ .. မကြာခင် ကျောင်းဖွင့်ပြီ၊ မေဒေး ကျောင်းဆက်တက်မှာ၊ ဘယ်သူမှ အဖော်မထည့်နဲ့"

"ညည်း ငါ့ကို အာခံနေတာလား မေဒေး"

"ဦးမျိုးရာဇာ ရဲ့ မယားပါသားက ရဲရင့် ပဲအမေ၊ ဦးမျိုးရာဇာ နဲ့ ရဲရင့် တို့ စည်းစိမ်တစ်ဝက်စီ ခွဲယူကြမှာ၊ အတူတူပဲ ဟာ .. ရဲရင့် ကိုလည်း သဘောတူသင့်တာပေါ့"

"ညည်းက ဒါလေးပဲသိတာ၊ မျိုးရာဇာ က ရဲရင့် နဲ့ခွဲလို့ရတဲ့ အမွေက ဘာမှမပြောပလောက်ဘူး၊ မျိုးရာဇာ ရဲ့ မိဘတွေဘက်က ရထားတဲ့ အမွေအနှစ်တွေကမှ အနှစ်တွေပဲ၊ အများကြီး.. အားကြီး .. ဇရာမကြီးပဲ၊ အဲဒါကမှ မက်ဖို့ကောင်းတာ၊ ညည်း

ကောင် ရဲရင့် မှာက တိုက်တစ်ဝက်၊ ကားတစ်ခြမ်းနဲ့ မရတီခင်ကို ကုလိုက်ရလို့ ကုန်ခန်းသွားတဲ့ မီးခံသေတ္တာအခွံ .. ဒါပဲကျန်တယ်၊ ဟင်း .. ဖွတ်သာသာ သူဌေး .."

အတွင်းရေးအထိကို အမေက နှိုက်နှိုက်ချွတ်ချွတ် သိထား၏။ နောက်ကွယ်က ဦးမေဇော် ကြိုးကိုင်နေခြင်း ဖြစ်မည်။ ဦးမျိုးရာဇာ ကလည်း မေဒေး မှ မေဒေး ဖြစ်နေ၏။

မေဒေး ကို ရဖို့ ဆင်ခြင်တုံတရား ခေါင်းပါးပြီး အတွင်းရေးအစ ဖွင့်အန်ပြီး သူ့ဘက်ပါလာအောင် မြှူဆွယ်ထားလေပြီ။

ဦးမျိုးရာဇာ ပြောသမျှကို ဒေါ်သန်းမြလင်း ကလည်း အကုန် ယုံကြည်နေ၏။

"သမီးကတော့ ဦးမျိုးရာဇာ မိုးပျံနေအောင် ချမ်းသာပါစေ၊ သမီးချစ်တဲ့သူ၊ ကြိုက်တဲ့သူကိုပဲ ယူမှာ .."

"ဘာ!... မေဒေး .. နင်က ဟိုကောင်အစုတ်ပုလုတ်ကိုပဲ ယူမှာပေါ့လေ .. ဟုတ်လား"

"ဟုတ်တယ်"

"နင်က ငါ့ကို ပမာမခန့်နဲ့ ..."

အမေက ကြက်မွေးဆွဲပြီး မေဒေး ကို တရစပ် ရိုက်တော့၏။





ဘေးက မောင်ညီမတွေက အော်ဟစ်ငိုယိုပြီး လိုက်တားကြ၏။ ဒေါ်သန်းမြလင်းကလည်း ငို၏။

အဖေကတော့ ဘာမှမသိ။ ကျားဝိုင်းမှာ ကောင်းနေလောက်ပြီ။

"ဆင်းရဲတွင်းက မတက်တော့ပါဘူး၊ တက်မလားလို့မျှော်လင့်လိုက်ရတာ .. သွားပြီ၊ အကုန် ပျက်ကုန်ပြီ၊ ဒီတစ်သက် ဒီအတိုင်းပဲ နေသွားရတော့မှာပဲ၊ အမလေး .. ဆိုးလိုက်တဲ့ဘဝ၊ သမီးအလိမ္မာကြီးကို ကိုးလလွယ်ပြီး ဆယ်လဖွားခဲ့ရတဲ့အကျိုးကျေးဇူးတွေ ပြန်ခံစားနေရပါပေါ့လား .. အီး ဟီး ဟီးဟီး .."

အမေ့ငိုသံတွေက မေဒေး ရဲ့နှလုံးသားကို ဆွဲဆုပ်ညှစ်ခြေလိုက်သလိုပင်။

ကြက်မွေးဖြင့် လေးငါးချက်အရိုက်ခံရ၍ နာကျင်သော်လည်း ရင်ထဲက နင့်ပြီး နာနေတာကို မမီပါ။ မျက်ရည်တွေတွေ စီးကျလာ၏။

မောင်၊ ညီမတွေရဲ့ အားကိုးတကြီးမျက်နှာတွေကို ကျောခိုင်းပြီး အိပ်ရာထဲမှာ အသာ ခွေလှဲနေလိုက်သည်။

ရဲရင့် ရယ် .. မေတ္တာစစ်မှန်ရင် ဖြောင့်ဖြူးတဲ့လမ်း မရှိစမြဲတဲ့။

ငါလေ .. မဖြောင့်ဖြူးတဲ့လမ်းကို စပြီးလျှောက်လှမ်းနေရပြီ၊ အသည်းတစ်ခြမ်းပဲ့ကြွေသွားသလို ခံစားနေရတယ်။

ဆက်လှမ်းလို့ရော ဖြစ်ပါ့မလား။

ဘဝနဲ့ဆန္ဒ၊ ဦးနှောက်နဲ့နှလုံးသား၊ ငါပြန်ပြီး သုံးသပ်စဉ်းစားရဦးမယ် ..၊

နှင့်ကို အသေချစ်ပေမယ့် ငါ့ဘဝကလည်း အသေ နစ်နေတယ်၊ နှင် ကယ်မထုတ်နိုင်ရင်တော့ ငါ.စုန်းစုန်း အမြုပ်ခံလိုက်တော့မယ်ကွယ် ..။





ရှေ့နေရှေ့ရပ်တွေ ရှေ့မှောက်မှာ အမွေတွေကို ခွဲတမ်းချလိုက်၏။ ကားနှင့် ကားပစ္စည်းအရောင်းဆိုင် တိုက်ခန်းကြီးတွေကို ဦးမျိုးရာဇာ ရရှိသွား၏။

ရဲရင့် က အိမ်နှင့်ခြံဝိုင်းကယ်၊ အတွင်းပစ္စည်း အနည်းငယ်ကိုသာ ရရှိလိုက်၏။

ဦးမျိုးရာဇာ တစ်ယောက် စာချုပ်ကို လက်ထဲလိပ်ပြီး သူ့တပည့်တွေကို သူ့ပစ္စည်းပစ္စယတွေ ကားပေါ်တင်ခိုင်း၏။

ပြီးမှ ...

"ခုမှပဲ ဝင့်ကျွတ်တော့တယ်၊ မင်းနဲ့ငါ ဒီအကန့်ရှင်းသွားပေမယ့် နောက်အကန့် ကျန်သေးတယ်၊ ပထမအချစ်ကို မင်းတို့ သတ်လိုက်နိုင်ပေမယ့် ဒုတိယအချစ်ကို မင်းတို့ မသတ်နိုင်စေရဘူး၊ မင်းတို့ ရင်အသည်းကို သတ်ပြီးတော့ ဒုတိယအချစ်နဲ့ ငါ ပြန်ရှင်သန်မယ် .. မှတ်ထား"

"ဟော့လူ .. အရူးကြီး၊ အရူးချေးပန်း လျှောက်ရမ်းမနေနဲ့၊ ခင်ဗျား သွားတော့ .. နောက်လည်း ဒီအိမ်ဘက်ကို ခြေဦးတောင် မလှည့်နဲ့၊ အချစ်ရေးမှာ ကျုပ်ပဲ သေမလား၊ ခင်ဗျားပဲ သေမလား၊ စောင့်ကြည့်လိုက်လေ၊ ကျုပ်ကလည်း စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်ဖိုက်မယ့်ကောင်စား .. မှတ်သွား .."

ရှေ့နေကြီးတွေရှေ့မှာမို့ မျိုးရာဇာ အံတင်းတင်းစေ့ကြိတ်ပြီး အမုန်းခိုးလှုံ့ မျက်လုံးတွေနှင့် အိမ်ပေါ်ကနေ ဆောင့်အောင့်ဆင်းချသွား၏။ ဦးမျိုးရာဇာ ရဲ့ကားလေး မောင်းထွက်သွားသည်နှင့် ရှေ့နေကြီး ဦးထင်အောင်မိုး က ...

"မောင်ရဲရင့် တို့ရဲ့အချစ်ရေးက ဘာအကြောင်းတွေလဲ၊ ဦးနဲ့တော့ မဆိုင်ပါဘူး"

"ဒီလိုပါပဲ ဦးရယ် .. အဲဒီ မျိုးရာဇာ က အချစ်ရူးရူးနေတာ၊ သူပြောချင်ရာ ပြောသွားတာကို အလိုက်သင့်ပြန်ပြောပေးလိုက်တာ၊ အရူးစိတ်ချမ်းသာရင် ရွာအေးချမ်းတယ်လေ"

"ဪ .. အေး အေး .. ဒါလည်း ဟုတ်သား .."





"ရဲ .."

"ဟဲလို .. ဒေး .."

"ဒေး အိမ်က ထွက်လာခဲ့ပြီ"

"ဟင် .. ဟုတ်လား၊ အခု ဘယ်မှာလဲ"

"လှည်းတန်းမှတ်တိုင်နားမှာ .. အဆောင်လိုက်ငှားနေတာ မရသေးဘူး"

"ကိုယ့်အိမ်မှာ လာနေစမ်းပါ၊ ကိုယ့်အိမ်ပိုင် ဖြစ်သွားပြီ၊ ကိုယ်လေ .. ဒေး ကို လက်မထပ်ရသေးခင် မောင်နှမလို စောင့်ရှောက်ပါ့မယ်၊ မဲ့တစ်ပေါက် မစွန်းစေရပါဘူး၊ ပြီးတော့ ကိုယ့်စီးပွားရေး ကိုယ်ထူထောင်ရဦးမှာ၊ ကိုယ်လည်း အလုပ်ရှုပ်နေချိန်လေ .."

"အဲဒါဆို ရဲ လာခေါ်လေ၊ ဒေး စောင့်နေမယ်"

"အိုကေ .. နေရာပြော .."

ရဲရင့် က ဒေး ကို သူငယ်ချင်းဆီက လပေးနှင့်ငှားထားသော ပတ်ဘလစ်ကား တစ်ပတ်ရစ်ကလေးနှင့် သွားခေါ်လာလိုက်၏။ အိမ်က နှစ်ထပ်၊ သားသားနားနား။ ဒေး တို့ဘဝမှာ အိပ် မက်တောင်မမက်ခဲ့ရသည့် အိမ်မျိုး။ ဒေး အတွက် ရှုခင်းကောင်းသော အပေါ်ထပ်အခန်းကို ..။

"အပိုင်စားပေးလိုက်ပြီ၊ ကြိုက်သလိုသာ နေပေတော့"

"ရဲ ရယ် .. ကျေးဇူးတင်ပါတယ်"

"ချစ်သူတွေကြားမှာ ကျေးဇူးစကား မရှိရဘူးလေ"

"ဒါဆို .. ဘာလုပ်ပေးရမလဲ"

ရဲရင့် က ပါးထိုးပေး၏။ ဒေး က ရဲရင့် ပါးကို ဆွဲလိမ်ပစ်လိုက်၏။ နှစ်ယောက်သား ရယ်မောသံတွေ ညံစီသွား၏။

ရဲရင့် က သူ့အသိမိတ်ဆွေတွေနှင့် ကားပစ္စည်းအရောင်းဆိုင် စပ်တူဖွင့်ဖို့ သွားဆွေးနွေးနေ၏။

ဒေး က အိမ်နှင့်အတော်လှမ်းသော ညနေဈေးကို ဈေးသွားဝယ်ကာ ဖွယ်ဖွယ်ရာရာလေးတွေ ချက်ပြုတ်ထား၏။

ချက်ပြုတ်ရင်းနှင့် အမေ ဘယ်လိုနေရှာမလဲ၊ မောင်၊ ညီမလေးတွေနှင့် အဖေရော၊ ဘယ်လိုနေရှာမလဲ ဆိုတာ တွေးတောပူပန်မိသေး၏။

ဘယ်အရာမှမမြဲတဲ့ လောကကြီးထဲမှာ တွေ့ဆုံကြုံကွဲ





ဖြစ်မြဲဓမ္မတာမို့ ဧည့်သည်စိတ်နှင့်သာ နေထိုင် စိတ်သွင်းလိုက်၏။ ဘုရား၊ တရား၊ သံဃာကို အာရုံပြုလိုက်သောအခါ သောကအပူတွေ လွင့်ပျောက်သွား၏။

ည(၈)နာရီခန့်မှာ ရဲရင့် ပြန်ရောက်လာ၏။ ဘဲကင်တွေ ဝယ်လာ၏။

"ဒေး ရေ .. ထမင်းပေါင်းအိုးနဲ့ ထမင်းလေး တည်လိုက်၊ ဒီညတော့ ဖြစ်သလို ဘဲကင်နဲ့ စားလိုက်ရအောင်"

"ဖြစ်သလို မစားရပါဘူး .. ရှယ်စားရအောင် ဒေး ချက်ပြုတ်ထားတယ်၊ ဒီမှာ လာကြည့်ပါဦး"

ရဲရင့် လည်း ထမင်းဝိုင်းပေါ်က ဟင်းခွက်ပေါင်းစုံကို ကြည့်ပြီး အံ့သြဝမ်းသာသွား၏။ ဒေး က ...

"ဟော့ဒါက ငရုတ်သီးခြောက်နဲ့ ဝက်သား အဖြူထည်ချက်၊ ဟောဒါက ငါးသလဲထိုးကြော်၊ ဒီဘက်က ဘူးသီး၊ ဘူးညွန့် ဟင်းချို၊ ဟောဒီမှာ ကြက်ခြောက်အကြွပ်ကြော်၊ ဟောဒီမှာ ငါးပိရည်နဲ့ တို့စရာအစုံ .."

"ဟား ဟား .. မိုက်တယ်ကွာ၊ လူလိုသူလို မြန်မာထမင်းဟင်းကို မစားခဲ့ရတာ နှစ်နဲ့ချီ ကြာခဲ့ပြီ၊ ကိုယ့်အကြိုက်တွေပဲ၊ ဟာ .. ရေတောင်မချိုးချင်တော့ဘူး၊ ဗူဇကာပုဏ္ဏားလို အပြတ်ဆွဲပစ်မယ်"

နှစ်ယောက်သား လွတ်လွတ်လပ်လပ်ပင် လုယက်ပြီးစားကြ၊ သူ့ပန်းကန် ကိုယ့်ပန်းကန်ထဲ စုပုံထည့်ပေးလိုက်ကြနှင့် ပျော်စရာ ထမင်းပွဲကြီးကို ချစ်သူနှစ်ဦး ကျင်းပ စားသောက်ပစ်လိုက်ကြ၏။

စားသောက်ပြီးသောအခါ ဗိုက်တွေကားပြီး ဘာမှမသိမ်းနိုင်။ ဆိုဖာဆက်တီပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး ဝက်မှိန်းမှိန်းနေကြရတော့၏။

"ဒေး ..."

"အင်း .. ဟင် .."

"ဒီလိုသာ နေ့တိုင်းစားနေရရင် အဆီပိတ် သေနိုင်တယ်၊ ကောင်းလိုက်တာ .. လှုပ်တောင် မလှုပ်နိုင်တော့ဘူး"

"အတူသေတော့လည်း သေပေါ့၊ နတ်ပြည်ပဲသွားကြမယ်နော် .. ရဲ"

ရဲရင့် က သဘောကျပြီး ရယ်နေ၏။ ဗိုက်ချောင်သွားသောအခါ ဂိမ်းဆော့ကြပြန်၏။ ည (၉) နာရီလောက်မှာ အိမ်ရှေ့က ကားသံ၊ စကားပြောသံ၊ ဘဲ(လ်)တီးသံတွေကြောင့် ...

"အမေတို့များ လိုက်လာတာလား မသိဘူး ရဲ"

"ဒေး .. အိမ်ပေါ်ထပ်မှာ သွားပုန်းနေ"

ရဲရင့် အပြင်ထွက်ပြီး ခြံတံခါးနား ကပ်သွားလိုက်၏။





ခြံအပြင်မှာ ဒေါ်သန်းမြလင်း နှင့် ဦးကျော်ညွန့်၊ ဦးမျိုးရာဇာ အခြောက်ကြီး မေဇော်၊ မာမီစော၊ မာမီသက် တို့တွေ ရောက်နေကြ၏။ ဦးမျိုးရာဇာ က ...

"ဟော့ကောင် .. မေဒေး ကို မင်း မြှူဆွယ်ဖြားယောင်းပြီး ခေါ်ထားတာ မဟုတ်လား"

"ငါ့သမီးကို ပြန်ထုတ်ပေး .. ရဲသွားတိုင်ရင် ထောင်နန်းစံသွားရမယ်၊ ဘာမှတ်နေသလဲ"

"ဘာတွေလာပြောနေတာလဲ .. မသိဘူး၊ မရှိဘူး၊ ဇာတ်လာမရှုပ်နဲ့၊ မယုံရင် ရပ်ကွက်လူကြီး၊ ရဲစခန်းက တာဝန်ရှိသူတွေခေါ်ပြီး အချိန်မရွေး လာရှာလိုက်၊ ခင်ဗျားတို့နဲ့ စကားမပြောချင်ဘူး၊ ထွက်သွား .. သွား .."

ရဲရင့် ပိတ်ငေါက် အော်ထုတ်ပစ်လိုက်၏။ ဦးမျိုးရာဇာ က...

"ဟော့ကောင် .. မင်း လေကျယ်ထားဦးပေါ့၊ ရပ်ကွက်လူကြီးရော၊ ရဲတွေပါခေါ်ပြီး လာရှာပြမယ်၊ ဟင်း .. တောက်"

ဦးမျိုးရာဇာ ရဲ့ကားပေါ် တက်လိုက်သွားကြ၏။ မေဇော်တို့က ကားတစ်စီး၊ ကားနှစ်စီး ပြန်လည်မောင်းထွက်သွားကြ၏။ ရဲရင့် အိမ်ထဲပြန်ရောက်လာသောအခါ လှေကားပေါ်က မရဲတရဲလေး ဆင်းလာသော မေဒေး က ...

"ဘာတွေ လာမေးသွားကြတာလဲ"

ရဲရင့် လည်း တိုတိုတုတ်တုတ် ရှင်းပြလိုက်၏။ မေဒေး က ...

"ဒါဆို ဒီညတွင်းချင်းပဲ မေဒေး ထွက်သွားမှဖြစ်မယ်"

"ဘယ်မှမသွားနဲ့ .. လာရှာလို့တွေ့ရင်လည်း ဘာဖြစ်လဲ၊ မင်းကိုယ်တိုင် သဘောတူလို့ ခိုးရာလိုက်လာတယ် .. ပြီးရော ပေါ့၊ မေဒေး လည်း အရွယ်ရောက်နေပြီပဲ"

"ရှေ့နှစ် ငါးလပိုင်းမှ ဆယ့်ရှစ်နှစ်ပြည့်မှာ ရဲ ရဲ့ .."

"အသက်မပြည့်လည်း မေဒေး သဘောပဲ အရေးကြီးတာ ပါ၊ ရင်ဆိုင် ဖြေရှင်းမယ် .. ဝင်မရှာနဲ့ဆိုရင် သူတို့ ရှာချင်ကြ တယ်၊ ဝင်ရှာဆိုရင် မရှာချင်ကြတော့ဘူး၊ အသာနေပါ .. မျိုး ရာဇာ အကြောင်း သိပြီးသား၊ ရော့ ဆို မယူဘူး၊ မယူနဲ့ဆို အတင်းလိုက်တောင်းတော့တာပဲ"

နှစ်ယောက်သား ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေ လိုက်ကြ၏။ တစ်ညလုံး မှေးခနဲ မှေးခနဲသာ အိပ်လိုက်ရ သည်။ မိုးစင်စင်လင်းသည်အထိ ဘယ်သူမှ ရောက်မလာပေ။

♡♡♡





"ဟော့ကောင် အောင်မြင့် .. ဘာထူးသေးလဲ"

"ဘာမှမထူးဘူး အာစရိ၊ သူတို့အိမ်ထဲက လှုပ်ရှားမှုကို မတွေ့သေးဘူး"

"ဆက်စောင့်ကြည့်ထား .. ပိုင်မှ ဝင်ရှာမယ်"

"ဟုတ်ကဲ့ .."

ဦးမျိုးရာဇာ ဖုန်းကို ခါးမှာပြန်ချိတ်လိုက်၏။ ဘေးနားမှာ ရှိနေသော ဒေါ်သန်းမြလင်း ကို ...

"သိပ်လည်း စိတ်မပူပါနဲ့၊ ကျုန်တော် တွေ့အောင်ရှာမှာပါ၊ ဒီကောင် ရဲရင့် ပဲ ဖွက်ထားတာဖြစ်ရမယ်၊ ဒီကောင်က ဝင်ရှာ ခိုင်းနေတော့ သူ့အိမ်မှာဖွက်ထားတာ မဟုတ်ဘူး၊ တစ်နေရာရာ မှာ ဖွက်ထားတာပဲ ဖြစ်ရမယ်"

"အေးကွယ် .. အဒေါ်တို့ကလည်း ကိုမျိုးရာဇာ လောက် အစွမ်းမရှိတော့ ကိုမျိုးရာဇာ ကိုပဲ အားကိုးရတော့မှာပဲ"

ဦးကျော်ညွန့် ကတော့ ဘာမှဝင်မပြော။ ကွမ်းယာ ပါး စောင်ကပ်ပြီး ငြိမ်ထိုင်နေ၏။ သူနှင့် မသက်ဆိုင်သလိုလို။ ထမင်းကြော်ဆိုင်ကို အငယ်မတွေနှင့် လွှဲထားရ၏။

ဦးဇော်၊ မာမီစော၊ မာမီသက် တို့လည်း ရောက်လာကြ၏။

"ဆွေမျိုးအိမ်တွေလည်း စုံအောင် လိုက်ရှာပြီးပြီ၊ မေဒေး ရဲ့အသိသူငယ်ချင်းအိမ်တွေလည်း မချန်ဘူး၊ ဘယ်မှာမှ မတွေ့ ဘူး၊ တစ်မေးမှလည်း မအိပ်ရသေးဘူး၊ ဒီမှာရော .. ဘာထူး သေးလဲ ဦးမျိုးရာဇာ"

"မထူးသေးဘူး .. ဆက်ရှာရမယ်"

"ဘယ်လို ဆက်ရှာရဦးမှာလဲ"

"မြို့ထဲ လိုက်ပတ်ရှာပေါ့"

"ရော် .. ပုန်းနေတဲ့သူကို ရှာရတာ အခက်ဆုံးပဲ"

"မတွေ့မချင်း ရှာ၊ ကျုပ် စိတ်တိုအောင် အတိုက်အခံတွေ လာမပြောနဲ့၊ သွား .. အချိန်ပုပ်တယ်၊ လိုက်ရှာ .."

ဦးဇော် တို့သုံးယောက် ရှုံ့မဲ့မဲ့မျက်နှာဖြင့် ပြန်ထွက်သွား ကြ၏။

ဦးမျိုးရာဇာ တစ်ယောက် ဧည့်ခန်းထဲမှာ လူးလာခေါက် တုံ့ လျှောက်နေမိ။ စေ့စေ့တွေးကြည့်လေ၊ အဖြေပေါ်လာလေ လေပင်။





အရွယ်ရောက်နေတဲ့ မိန်းကလေး၊ မိဘပေးစားတဲ့လူနဲ့ မယူချင်လို့ ထွက်သွားတာ၊ ချစ်သူရှိတဲ့မိန်းကလေး၊ ဘယ်ဆွေ မျိုး အသိအိမ်မှ မသွားရင် သူ့ချစ်သူဆီကိုပဲ သွားမှာပင်။ သူ့ ချစ်သူကိုတော့ မလွဲမသွေ ဆက်သွယ်မှာပင်။

ဗျိုင်းလိုပေါ့။ ငါးလိုချင်ရင် ကတွတ်ပေါက်က စောင့်ရ မည်။ ရဲရင့် ဆိုသော ကတွတ်ပေါက်ကစောင့်လျှင် မေဒေး ကို ကျိန်းသေမိမှာပင်။

မျိုးရာဇာ လက်ဖျောက်တစ်ချက်တီးလိုက်၏။

နောက်တစ်နေ့ညမှာ အိမ်ရှေ့ဘက်ကို ကောင်းစွာ မြင်ရသော ဒေး ရဲ့အခန်းထဲကနေ နှစ်ယောက်သား အပြင်ကို ချောင်းကြည့်နေဖြစ်ကြ၏။

"ဒီလိုချည်းပဲ နေသွားလို့တော့ မဖြစ်ဘူး ရဲ"

"ဒေး က ဘာလုပ်ချင်လို့လဲ"

"အမေတို့ဆီ ပြန်သွားပြီး ဦးမိုးရာဇာ ကို အပြတ်ငြင်းပစ်မယ်"

"ဒီလူကြီးကွာ .. ကိုယ့်အချစ်ကိုလည်း လုတယ်၊ ကိုယ့်မေမေရဲ့ အချစ်ကိုလည်း လုတယ်၊ ကိုယ့်ဘဝမှာ မဟာရန်သူတော်ကြီးပဲ၊ ဒေး ကို လုသွားရင်တော့ ကိုယ်ရင်ကျိုးရလိမ့်မယ်"

"ဒေး ကို ယုံစမ်းပါ ရဲ ရယ် .."

ရဲ ရဲ့လက်ကလေးကို ဆုပ်ထွေးပြီး ဒေး ပြောလိုက်ခြင်းဖြစ်၏။ လက်ဖဝါးချင်း ဆုပ်ထွေးရာက နွေးထွေးသောဓာတ်တွေ စိမ့်ဝင်ပြီး နှလုံးသားထဲတိုင် ပျံ့နှံ့သွား၏။

ရင်ခုန်သံတွေ မြင်းရိုင်းခုန်ပျံနေသလိုပင်။





အမှောင်ချထားသောအခန်းထဲမှာ မျက်လုံးအကြည့်တွေ အရောင်တဖျပ်ဖျပ် တောက်ပလာကြကုန်၏။ နီထွေးဖူးရှုနေသည့် ဒေး ရဲ့နှုတ်ခမ်းလေးတွေပေါ်မှာ ထွက်သက်၊ ဝင်သက်လေတွေ ခ,သွား၏။ ထိတွေ့မှုမှာ ခံစားမှုတွေ မီးပွင့်ကုန်၏။ နှစ်ယောက်သား ခန္ဓာကိုယ်ချင်း စီးမျောသွား၏။

အချစ်ရဲ့ခေါ်ဆောင်ရာနောက်မှာ အိစက်ညက်ညောသော ဖဲမွေ့ရာပေါ် ရွက်ကြွေနှစ်ထပ် ဖျတ်ခနဲ ကြွေသက်၏။

လိုက်ကာခန်းဆီးစတွေက တစ်ခုနှင့်တစ်ခု ပွတ်လူး လိမ်ယှက်သွားကုန်၏။ ဖွင့်ထားသောပြတင်းမှ တိုးဝှေ့တိုက်ခတ်လာသော လေပြင်းက မွေ့ရာပေါ်တည့်တည့်မှာ ချိတ်ဆွဲထားသော ချလူလေးတွေကို လှုပ်ခတ်သံသာ ထွက်ပေါ်လာစေ၏။

"အို .. ရဲ .."

"ဒေး .. အချစ်လေး၊ သိပ်ချစ်တယ်ကွာ၊ မချစ်ရရင် ကိုယ်မနေနိုင်တော့ဘူး၊ ချစ်တယ် .. ချစ်တယ် .. ချစ်တယ်ကွာ"

"မကဲနဲ့ကွယ်၊ ရဲ သိပ်ဆိုးတာပဲ၊ အို .. ကွယ် .."

အိမ်မိုးထက်က ကောင်းကင်မှာ ကြယ်ရောင်တွေနှင့် လခြမ်းကွေးလေး သာနေ၏။ တိမ်ဖြူတွေကို တိမ်ညိုတွေက ဖုံးလွှမ်းသွား၏။ လခြမ်းကွေးလေး တိမ်တွေကြားထဲ နစ်ဝင်သွား၏။ ဝန်းကျင်မှာ မိုက်ခနဲ မှောင်သွားသည်။

ဖရိုဖရဲဖြစ်သွားသောဆံပင်နှင့် အဝတ်အစားတွေကို အမြန်ပြုပြင်ပြီး ဆိုဖာဆက်တီလေးပေါ်မှာ နှုတ်ခမ်းအသာဖိကိုက်၍ ထိုင်နေလိုက်သည်။ အချစ်ဓာတ်တွေ မပြယ်သေးသော နှုတ်ခမ်းလေးတစ်စုံရယ်ပါပဲ။ ရဲရင့် လည်း အဝတ်အစားတွေ အမြန်ပြန်ဝတ်ပြီး ဒေး ရဲ့နောက်ကို လိုက်လာကာ အနူးအညွတ်တောင်းပန်တော့၏။ ဒေး ခွင့်လွှတ်လိုက်ပါသည်။

ဆိတ်ကွယ်ရာအရပ်မှာ သွေးမတော် **သားမစပ်** ဖိုနှင့်မငြိလွယ်၊ မြန်လွယ်ကုန်ကြတာ ဘာဆန်းသလဲ။ ဒေး နှင့် ရဲရင့်တို့ ငယ်ရွယ်ရူးမိုက်သူတွေဖြစ်သော်လည်း ဒေး က ထိန်းလိုက်နိုင်၏။

အပျိုစင်ဘဝဆိုတာ မှဲ့တစ်ပေါက်လေးတောင် အစွန်းအထင်းခံလို့ရတာ မဟုတ်။ ဒေး ငုတ်တုတ်ထိုင်နေသည့် အဝေးခုံမှာ ရဲ တစ်ယောက် ကိုယ့်ဘာသာကိုယ် ကြိတ်ဖြေပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

"ကိုယ် အမြန်ဆုံး လက်ထပ်ချင်တယ် ဒေး ရယ် .."

ဒေး ကြိုးစားပြီး ပြန်ပြုံးကြည့်လိုက်၏။ ရဲရင့် က ဒေး ကို ငေးစိုက်ရီဝေကြည့်နေ၏။





ရဲရင့် နှင့် ပေါင်းဖက်ရဖို့ မိဘတွေထံ သွားရောက်တွေ့ဆုံဖြေရှင်းဖို့ ဒေး ဆုံးဖြတ်လိုက်၏။ ရဲရင့် အလုပ်ကိစ္စအတွက် အပြင်ထွက်သွားသည်နှင့် ဒေး လည်း အပြင်ထွက်လာလိုက်၏။

ဘတ်စ်ကားတိုးစီးပြီး ဒေး တို့ လမ်းထိပ်နားမရောက်ခင် မှတ်တိုင်မှာ ဆင်းလိုက်၏။ ဒေး ရဲ့ဘေးကို ဦးမျိုးရာဇာ ရဲ့ ကားက ကျွီခနဲ ထိုးဆိုက်လာ၏။ ကားပေါ်က အမြန်ဆင်းလာသော ဦးမျိုးရာဇာ က ...

"မေဒေး .. မေဒေး .. ဘယ်ပျောက်နေတာလဲ၊ ဘယ်တွေလျှောက်သွားနေတာလဲ၊ ဦးတို့မှာ ရှာလိုက်ရတာကွာ .."

"ရှင့်ကိုမယူချင်လို့ ရှောင်သွားတာ .. ရှင်းပြီလား"

ဦးမျိုးရာဇာ ကြေကွဲဝမ်းနည်းသွား၏။ ဒေး က ဆတ်ခနဲ အကြည့်လွှဲလိုက်၏။ ဦးမျိုး က ...

"မယူချင်လည်း မယူရပါဘူး၊ ကိုယ့်ပယောဂကြောင့် မေဒေး ရှောင်နေရတာ၊ မေဒေး မိဘတွေ စိတ်ဆင်းရဲအောင် လုပ်ထားတာနဲ့ တူနေတယ်၊ အိမ်တိုင်ရာရောက် ကိုယ် လိုက်ပို့ပါရစေ"

"အို .. မလိုပါဘူး၊ ကျွန်မမှာ ခြေထောက်ပါတယ်၊ ကိုယ့်ဘာသာ အိမ်ပြန်နိုင်တယ်"

"သွားရမှာ အတော် အလှမ်းဝေးပါသေးတယ်၊ ဦး လိုက်ပို့ပေးတာကိုတော့ နောက်ဆုံး အားနာမှုလေးနဲ့ လက်ခံပေးပါ မေဒေး ရယ် .."

ဦးမျိုး ခများလည်း အတန်ငယ် ပိန်ချုံးသွား၏။ ပြေလည်သော ဆက်ဆံရေးကို ဖန်တီးလျှင် ကိုယ်လိုရာကိစ္စလည်း ပြီးလွယ်မည်ဆိုတာကို သဘောပေါက်၍ မေဒေး ကားပေါ်တက်လိုက်၏။ ဦးမျိုးရာဇာ က ကားပေါ်တက်ပြီး အရှိန်နှင့် မောင်းထွက်လာ၏။

"ဦးမျိုးရာဇာ .. ရှင်ဘာလုပ်တာလဲ၊ ကျွန်မတို့လမ်းထိပ် ကျော်လာပြီလေ"

"ခဏလေးပါ မေဒေး ရယ် .."

"ရှင် .. ရှင်နော်၊ လူကြီးလူကောင်းအနေနဲ့ ကျွန်မ ယုံကြည်လိုက်တာ၊ ရှင် အလွဲသုံးစားလုပ်ပြီး ကျွန်မကို ရှင် .. ရှင် ..





ကားတင်ပြေးနေတာလား"

"မဟုတ်ဘူး .. ခဏလေးပါကွာ"

"မရဘူး၊ ရပ် .. အခုရပ် .."

"ခဏလေးပါ"

ကားကို အရှိန်နှင့်မောင်းလာရာ လမ်းဘေးမှ ထိုးဆင်းလာသောအရိပ်တစ်ရိပ်ကြောင့် ကားကို ဘရိတ်ဖမ်းအုပ်လိုက်ရ၏။

"ကျွီ .. အီ .. အီ ..."

ဆောင့်ထိုးရပ်သွား၏။ မျိုးရာဇာ ဒေါသနှင့် ရှေ့က ပိတ်တားသူကို ကြည့်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ .. သေချင်လို့လား"

"ကျွန်မ ... အား .. ကျွန်မ ..."

ဗိုက်ကြီးသည်တစ်ယောက် ဖြစ်နေ၏။ ကိုယ်ဝန် အရင့်အမာကြီးနှင့် ...

"ဘာဖြစ်လို့လဲ .."

"ကျွန်မ ဗိုက်အရမ်းနာနေလို့ ဆေးရုံသွားမလို့ ကားတားတာ ဘယ်ကားမှ ရပ်မပေးတာနဲ့ ကြံမိကြံရာ ကြံလိုက်တာပါ၊ ကျွန်မကို ကယ်ပါဦးရှင် .. ရေမြွှာပေါက်နေပြီ၊ ကလေးထွက်တော့မှာ .. အား .. ကျွတ် .. ကျွတ် .."

မျိုးရာဇာ ချီတုံချတုံဖြစ်သွား၏။ ပြီးမှ ကားပေါ်က ခုန်ဆင်းပြီး ဗိုက်ကြီးသည်ကို သွားတွဲကာ နောက်ခန်းထဲ ထည့်လိုက်၏။ ကားရှေ့ခန်းကို ပြန်လာလိုက်၏။ မေဒေး က အောက်ဆင်းပြီး ထွက်မသွားသေး ..။

"မေဒေး .. မင်း မသွားသေးဘူးလား"

"ကျွန်မမှာလည်း လူမှုရေးကူညီချင်တဲ့စိတ် ရှိပါတယ်"

ပြောပြီး နောက်ခန်းပေါ် လှမ်းတက်လိုက်၏။ မျိုးရာဇာက ...

"မင်းထွက်သွားရင် လွတ်မြောက်ပြီလေ"

"ဒီကိုယ်ဝန်ဆောင်ကို ဆေးရုံပို့ပေးဦးမယ်"

မျိုးရာဇာ ဘာမှမပြောတော့။ ကားပေါ်တက်ပြီး နီးရာဆေးရုံကို အမြန်မောင်းလိုက်၏။ ဆေးရုံရောက်သောအခါ ဆရာဝန်တွေလက်ထဲ ဗိုက်ကြီးသည်ကို လွှဲအပ်လိုက်၏။

ဗိုက်ကြီးသည်ရဲ့ အမျိုးသားက မလေးရှားမှာ။ ငွေမပို့တာကြာပြီ။ ငွေမပို့တော့ ငွေမရှိ။ ဆွေမျိုးသားချင်းတွေကလည်း ငွေမရှိ၍ မကြည့်ကြ။ မောင်နှမတွေ၊ မိဘတွေကလည်း အဝေးနယ်မြို့မှာ။ အစစအရာရာ ဦးမျိုးရာဇာ ကသာ အကုန်အကျခံဆောင်ရွက်ရတော့၏။ မေဒေး က ဘေးနားကနေ လိုက်ကြည့်နေ၏။





"မေဒေး .. မသွားသေးဘူးလား"

"ရှင့်စိတ်ဓာတ်က မဆိုးဘူးပဲ၊ လူတစ်ဖက်သားအပေါ် စိတ်လိုလက်ရ ကူညီတတ်သားပဲ"

"မေဒေး ရယ် .. ငါ့ဘဝနဲ့ရင်းပြီးတော့ကို ကူညီလိုက်ရတာ၊ သူ့ကိုမကူညီဘဲ မေဒေး ကို ကားတင်ပြေးသွားရင် မေဒေးနဲ့ ပေါင်းဖက်ရမှာ၊ မေဒေး ကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီပေါ့"

ဦးမျိုးရာဇာ ပြောရင်းနှင့် မျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့သီကုန်၏။ ဒေး စိတ်မကောင်းဖြစ်သွားမိ၏။

"ရှင့်လိုလူမျိုးအတွက် မိန်းမချော မိန်းမလှတွေ မရှားပါဘူး၊ ကြိုက်တာ ရှာယူလို့ ရပါတယ်"

"ကိုယ်က လှတာမက်တဲ့ယောကျ်ား မဟုတ်ဘူး၊ ချစ်တာမက်တဲ့ယောကျ်ား၊ ကိုယ့်ရဲ့ပထမရည်းစား သူများနောက်ပါသွားတော့ ကိုယ် အိမ်ထောင်မပြုတော့ဘူး၊ ဘယ်မိန်းမကိုမှလည်း ချစ်လို့ မရဘူး၊ အစားထိုးလို့မရဘူး၊ နောက်တော့ ကိုယ့်ချစ်သူ အကြွေပန်း အနွမ်းလေးကို ပြန်သိမ်းပိုက်ခွင့်ရခဲ့တယ်၊ ကိုယ့်ချစ်သူမှာက သားတစ်ယောက်နဲ့ဆိုတော့ သိပ်အဆင်မပြေခဲ့ပါဘူး၊ မေဒေး ကို စတွေ့တော့ ကိုယ့်နှလုံးသားတွေ အိပ်ပျော်နေရာက လန့်နိုးသွားတယ်၊ ကိုယ် သိလိုက်ရတာက မေဒေး ဟာ ဒုတိယအချစ်ပဲ၊ ပထမအချစ်ကို မေ့နိုင်စွမ်း

တယ်၊ အဲဒါကြောင့် မေအေး ကို တန်ဖိုးထားပြီး အသည်းအသန် ကိုယ် လိုက်ခဲ့တာပေါ့၊ ဟိုကောင်တွေ သားအဖက လိုက်ဖျက်ဆီးတယ်၊ သူ့အဖေက ဦးရဲ့ပထမအချစ်ကို သိမ်းပိုက်ဖျက်ဆီးသလို သူ့သားကလည်း ဦးရဲ့ ဒုတိယအချစ်ကို သိမ်းပိုက်ဖျက်ဆီးတော့မယ်၊ ကိုယ် မခံမရပ်နိုင်အောင် စိတ်ထိခိုက်ခဲ့ရတယ်၊ မေအေး ကို အဲဒီကောင်လက်ထဲ အပ်မခံနိုင်လို့ နည်းမျိုးစုံနဲ့ ကိုယ် ကြိုးစားခဲ့တယ်၊ နောက်ဆုံးမှာတော့ အချစ်ကို ကိုးကွယ်မိတဲ့ကိုယ်ပဲ အချစ်ထက်အရေးကြီးတဲ့ကိစ္စတွေ ရှိနေတာ သိလိုက်ရလို့ ဥပေက္ခာပြုမသွားရဲတော့ဘူး၊ ဒုတိယအချစ်ကို လက်လွှတ်ဆုံးရှုံးချင်လည်း ဆုံးရှုံးပါစေတော့၊ ကူညီမယ်လို့ စိတ်ပိုင်းဖြတ်ပြီး ကူညီခဲ့တာပါ၊ ခုတော့ ဦးပဲ ကြေ .. ကြေကွဲ .. ခံစား .. .."

မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ပြီး ဦးမျိုးရာဇာ ရှိုက်၍ ရှိုက်၍ ငိုကြွေးနေ၏။

မေအေး က မိန်းမသားမို့ မိခင်မေတ္တာ သက်ဝင်ပြီး ဦးမျိုးရာဇာ ကို အရမ်းသနားသွားမိ၏။

"ဦးမျိုး ရယ် .. မငိုပါနဲ့တော့ .. တိတ်ပါတော့နော်၊ မေအေး က ဦးမျိုး ကို ရက်စက်တာ မဟုတ်ပါဘူး၊ မေအေး ကို နားလည်ပေးပါ"





"နားလည်ပါတယ် ကလေးရယ် .. ဦးမျိုး က အရှုံးသမားပါ၊ အားလုံးကို အရှုံးပေးလိုက်ပါပြီ"

မေအေး စိတ်တွေ ယိမ်းယိုင်သွား၏။ နှလုံးသားလေး မခိုင့်တခိုင်၊ အသိတရားတွေက ရီဝေမှိုင်းမော။

ရင်ထဲရှိသောအရာတွေက ရှုပ်ထွေးနေသော ခံစားမှုတွေရယ်သာ ..။

သွေးမတော်သားမစပ် ကိုယ်ဝန်ဆောင်သည်ကို လိုက်ကူညီနေသော ဦးမျိုး ကို ကြည့်ပြီး စိတ်ကောင်းရှိသော ယောကျ်ားဟု မေအေး မှတ်ချက်ချလိုက်မိလေသည်။

"သမီး .. ညည်း .. ညည်း ပြန်ရောက်လာသေးတယ်နော်"

မေဒေး ကို တွေ့တာနှင့် မိခင်ဖြစ်သူ တုန်လှုပ် အံ့သြသွား၏။ ဖခင်ဖြစ်သူ ဦးကျော်ညွန့် က ...

"မင်း အသာနေစမ်း .. သမီးပြန်လာတာကို ထပ်ဆူဦးမလို့လား၊ ဒီတစ်ခါ သမီး အဝေးကြီးကို ထွက်သွားလိမ့်မယ်ကွ"

"အဟင့် .. ဟင့် .. အင်းပါတော်၊ မဆူမပြောတော့ပါဘူး"

မောင်၊ ညီမတွေကလည်း ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ မေဒေး က ...

"သမီးဘဝကို သမီးပဲ ဆုံးဖြတ်ချက် ချပါရစေ၊ အမေတို့ အကြီးအကျယ် စိတ်ဆင်းရဲနေမှာစိုးလို့ သမီး လာပြောတာ"

မိသားစုနှင့် ပြန်ပြေလည်သွား၏။ ဒေါ်သန်းမြလင်းလည်း မတိုက်တွန်းရဲတော့။ မေဒေး က ရဲရင့် ဆီ ညနေစောင်းမှာ ဖုန်းဆက်ပြောလိုက်၏။





"အဆင်ပြေသွားမှာပါ ရဲရယ် .. အိမ်မှာ ခဏလေး နေပေးလိုက်ဦးမယ်"

"ကောင်းပြီလေ .. အမေဆူရင်တော့ ရဲ ဆီ ပြေးခဲ့နော်၊ ရဲ အမြဲတမ်း စောင့်ကြိုနေမယ်"

"အင်းပါ .."

"ရဲ လွန်သွားတာရှိရင် စိတ်မဆိုးပါနဲ့ .. တောင်းပန်ပါတယ်၊ ချစ်လွန်းလို့ ဖြစ်သွားရတာပါ"

"နိုး .. ထပ်မပြောနဲ့ .. စိတ်မဆိုးပါဘူး"

နောက်တစ်နေ့မှာ ဦးမျိုး အိမ်ကို ရောက်လာ၏။ အမေတို့ ထမင်းကြော်ဆိုင် ထွက်နေကြ၏။ မေဒေး က အိမ်မှာ ဗာဟီရ တွေ လုပ်ပေးနေချိန် ...။

"ဦးမျိုး ရောက်လာတာ တစ်မျိုးမထင်စေချင်ဘူး၊ မေဒေး အတွက် မကောင်းတဲ့သတင်း ပါလာတယ်၊ ဒီသတင်းကလည်း မပြောရင် မေဒေး ရဲ့ဘဝ တစ်သက်လုံး အရှက်တကွဲ အကျိုးနည်း ဖြစ်မှာစိုးလို့တဲ့"

"ဘာ!... ဘာများလဲ ဦးမျိုး"

"ရဲရင့်သူရ က ဖုန်းဆက်ပြီး ဦးကို ပြောလာတယ်၊ ဟောဒီ ပြန်ကူးထားတဲ့ရုပ်ပုံတွေကို ကြည့်လိုက်ပါတဲ့၊ မေဒေး နဲ့ သူနဲ့ အဲလောက်ထိ ဖြစ်ပြီးကြပြီ၊ ဦးမျိုး ကသာ မေဒေး ကို ပိုင်ဆိုင်

နိုင်အောင် ဆက်ကြိုးစားရင် ဒီပုံတွေ အင်တာနက်ပေါ် တင်ပစ်လိုက်မယ်တဲ့"

"ရှင်!... ဘာ .. ဘာပုံတွေလဲ .."

ဦးမျိုး က မေဒေး တို့ အိမ်က အပေါ်စက်၊ အောက်စက် အစုတ်ကလေးထဲ ဓာတ်ပြားခွေထည့်၍ ထိုးပြ၏။ အိမ်မှာရှိသော ကလေးတွေကို မုန့်ဖိုးပေးပြီး အပြင်ထွက်ခိုင်းလိုက်၏။

မေဒေး ရှက်လွန်းလို့ နေရာမှာတင် လဲသေချင်စိတ်ပေါက်သွား၏။

ဦးမျိုး က ပုံတွေကို ပိတ်ပစ်လိုက်၏။

"ဒီပုံတွေသာ အင်တာနက်ပေါ်ရောက်သွားရင် မြန်မာပြည်တင်မကဘူး၊ တစ်ကမ္ဘာလုံးအထိ ပျံ့နှံ့သွားမှာ၊ မေဒေး ကို ရပ်ကွက်ထဲကရော၊ ဒီဝင်းထဲကလူတွေပါ သိကုန်ကြတော့မှာ၊ မေဒေး အရှက်တကွဲ အကျိုးနည်းပြီ၊ ဒီကောင် ရဲရင့် ယုတ်မာပက်စက်တယ်၊ ဦး က မေဒေး ကို စိတ်ပျက်ပြီး နောက်ဆုတ်သွားအောင် လုပ်လိုက်တာ၊ လုပ်တဲ့နည်းက လူမဆန်တဲ့နည်း၊ ဒီအခွေကို ဦးမျိုး က ယူပြီး သူ့လိုပဲ အင်တာနက်ပေါ်တင်ပြီး လုပ်ကြံလိုက်ရင် သူယူချင်တဲ့ မေဒေး လေ .. ဘာဖြစ်ကုန်မလဲ၊ ဒါကို မစဉ်းစားဘူး၊ လူငယ် မိုက်ရူးရဲပီပီ စွတ်လုပ်တော့တာပဲ"

"တော် .. တော်ပါတော့ ဦးမျိုး ရယ် .. ရှက်လိုက်တာ၊





ဒေး ဘဝတော့ ပျက်ပါပြီ၊ ဒေး တော့ မလွန်ကျူးခဲ့ပါဘူး"

"ဟုတ်တယ်လေ .. မေဒေး တို့နှစ်ယောက်တည်း ဆိတ်ကွယ်ရာမှာ တွေ့ခဲ့ကြတာ၊ ဘယ်သူ သိတာမှတ်လို့၊ ဒီကောင် ရဲရင့် က အကြံအစည်နဲ့ ကင်မရာတွေချိတ်တပ်ပြီး အော်တိုမစ်တစ်နည်းနဲ့ ရိုက်ထားတာနေမှာပေါ့"

မေဒေး ရင်နာရင်နင့် ရင်ထိတ်ပြီး ရဲရင့် ကို မုန်းတီးနာကြည်းမိသွား၏။

ရက်စက်လိုက်တာ ရဲရင့် ရယ် .. ဒီလောက်လုပ်ရက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ မိန်းမတစ်ယောက်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို ရှင် စော်ကားလိုက်တာပဲ၊ အဲဒီအတွက် ရှင် ပြန်ပေးဆပ်ရမယ့်အရာဟာ ရှင့်အသည်း၊ ရှင့်အသက်၊ ရှင့်ဘဝ၊ ရှင့်သမိုင်း၊ အို .. အားလုံးပဲ အပိုင်းပိုင်း ပျက်စီးသွားစေရမယ်။

"မေဒေး .. ဘယ်လိုဆက်လုပ်ချင်သေးလဲ"

"ဒီဓာတ်ပြားကိုယူပြီး ရဲရင့် နဲ့ အရင်သွားရှင်းရမယ်၊ ဒါလုပ်ကြံတာ၊ ကျွန်မကို ရှင်ရက်နဲ့ သေအောင် သတ်လိုက်တာပဲ"

"ဦးမျိုး လိုက်ပို့ပေးဖို့ လိုသေးလား"

"မလိုဘူး .. ဒေး ဘာသာ သွားမယ်၊ ဦးမျိုး အသာနေ.."

"ဦးမျိုး ကို ပတ်ရမ်းလာမှာနော်"

"ဦးမျိုး သတ္တိမရှိဘူးလား"

"သိပ်ရှိတာပေါ့၊ မေဒေး က မေဒေး ရဲ့ရည်းစားကို ပြန်လုပ်လို့ ဦးမျိုး ကို မုန်းသွားမှာပဲ အသေအလဲ ကြောက်နေတာ.."

"ဒီနေ့ ဒီအချိန်ကစပြီး ရဲရင့် က မေဒေး ရဲ့ရည်းစားမဟုတ်တော့ဘူး၊ ဘာမှလည်း မသက်ဆိုင်တော့ဘူး၊ ဦးမျိုး လုပ်ချင်တာ လုပ်၊ သေအောင် သတ်ပစ်လိုက်လည်း မေဒေး ဝမ်းမနည်းဘူး"

ဦးမျိုးရာဇာ ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

မေဒေး ကတော့ ခတ်ပြားခွေယူပြီး ဘာအဝတ်အစား၊ ဘာပြင်ဆင်မှုမှ လုပ်မနေနိုင်တော့ဘဲ ရဲရင့်သူရ ရှိရာကို ဒေါနှင့်မောနှင့် ထွက်လာလိုက်၏။

တွေ့ကြသေးတာပေါ့ ရဲရင့် ရယ် .. နင့်ရဲ့ယုတ်မာမှုတွေကို မှုန့်မှုန့်ညက်ညက်ချေပစ်ဖို့ ငါ လာနေပြီ၊ မေဒေး တဲ့ .. နင့်လိုကောင်မျိုးကို သေတောင် မဆွေးဘူး မှတ် ..။

♡♡♡





"ဒေး .. ဒေး .. ပြန်လာပြီ"

"နင် ငါ့အနား မကပ်နဲ့"

"ဟင်!... ဒေး .. ဘာဖြစ်လို့လဲ"

"နင် လူယုတ်မာ .. ငါ့ကို လုပ်ကြံတဲ့ကောင် .."

"ဟာ!... ဘာယုတ်မာလို့လဲ၊ ထင်တယ် .. အောက်လမ်းပညာတွေသုံးပြီး ဒေး ကို သူတို့ စိတ်ပြောင်းပစ်လိုက်ကြပြီနဲ့ တူတယ်"

"တော်စမ်း .. အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့၊ ရော့ .. ဒီအခွေကို ထိုးကြည့်လိုက် .."

ဒေး ပစ်ပေးလိုက်တဲ့ ခတ်ပြားကို ရဲရင့် က ဖတ်ခနဲဖမ်းယူလိုက်၏။ ဒေး ကို တစ်လှည့်၊ ခတ်ပြားကိုတစ်လှည့် ကြည့်ပြီး ...

"ဒါက ဘာတွေလဲ"

"ဘာ မသိချင်ယောင် ဆောင်နေတာလဲ .. ဦးမျိုးရာဇာ ဆီ နှင်ပို့လိုက်တဲ့ ဓာတ်ပြားလေ၊ နှင် ယုတ်မာထားတာတွေ အထဲမှာ ပါတယ်၊ သေချာကြည့်လိုက် .. ကောင်စုတ် လူယုတ်မာရဲ့ .."

ရဲရင့် လည်း ထိုးကြည့်လိုက်၏။ မြင်လိုက်ရတာတွေကို ကြည့်ပြီး ...

"ဟာ!... ဒါ .. ဒါ .. ဒါတွေက ဘယ်သူ .. ဘယ်ကောင် ဘယ်ကနေ ဘယ်လိုခိုးရိုက်သွားတာလဲ မသိဘူး၊ ကိုယ်တို့ ခံလိုက်ရပြီ"

"တော်စမ်းပါ ရဲရင့် ရယ် .. ဆင်တစ်ကောင်လုံး တွေ့နေတာတောင် ကျားခြေရာပါလို့ လုပ်နေသေးတယ်၊ အဲဒါ နှင့်လက်ချက် .. နှင်က ဦးမျိုး ကို .."

ဦးမျိုးရာဇာ ပြန်ပြောသမျှတွေကို မေဒေး က ပြန်ပြောပြလိုက်၏။

ရဲရင့် ထိတ်လန့်ပြူးပျာသွားပြီး ...

"အဲဒါလိမ်ညာနေတာ .. မျိုးရာဇာ နဲ့ ကိုယ်နဲ့က အဆက်အသွယ်လည်း မရှိဘူး၊ အဲဒါ မျိုးရာဇာ ရဲ့လက်ချက်ပဲ၊ မေဒေးနဲ့ ကိုယ့်ကို အစိမ်းတိုက်သလိုတိုက်ပြီး ခွဲပစ်လိုက်တာပဲ၊ ကိုယ်တကယ်ပြောနေတာပါ"





"နှင်ဟာလေ .. တော်တော်လိမ်ညာပြောတတ်တဲ့ ကလိန်ကကျစ်ကောင်ပဲ၊ နှင်နဲ့ ငါနဲ့ပဲ ဒီလိုအချိန်မှာ ဒီလိုမတော်တဆဖြစ်မယ်ဆိုတာ သိထားကြတာ၊ ဘယ်သူက ကြိုသိလို့လဲ၊ နှင်ပဲ ကြိုသိပြီး ကင်မရာလိုက်တပ်ပြီး ရိုက်ထားတာ၊ နှင့်မျက်နှာကျတော့ မသဲမကွဲ မှုန်ဝါးဝါးရိုက်ထားပြီး ငါ့မျက်နှာကျတော့ ထင်ထင်ရှားရှား အနီးရိုက်၊ အဝေးရိုက်တွေနဲ့ ရိုက်ထားလိုက်တာများ .. အကြံပက်စက်တဲ့ ကောင်စုတ်"

ရဲရင့်သူ့ရ ပုံစံက မတရားစွပ်စွဲတာကို ပြန်မဖြေရှင်းတတ်တော့သည့်ပုံစံ။

"ဒေး .. ဒေး ဟာ ကိုယ့်ချစ်သူပါ၊ ရဲ က အဲဒီလိုလုပ်ပါ့မလား၊ စဉ်းစားကြည့်ပါဦး . ဆင်ခြင်တုံတရားနဲ့ စဉ်းစားဆုံးဖြတ်ပါ ဒေး ရယ်"

"ရှင်က ကြမ်းပိုးကို လိပ်ဖြစ်အောင် ငြင်းနေတာလား၊ သက်သေခံနဲ့ လက်ပူးလက်ကြပ်မိတာတောင် ညာချင်သေးတယ်၊ အင်တာနက်ပေါ်ထိတင်ပြီး လုပ်ကြံချင်တဲ့ နှင့်အကြံအစည်အတွက် ဟောဒီမှာ .."

**"ဖြန်း .."**

**"အား .."**

**ရဲရင့် မျက်နှာ လည်ထွက်သွား၏။**

ဒေး ဆက်ရိုက်ဖို့ ခွန်အား မရှိတော့ပါ။ ရဲရင့် ကို သောင့်တွန်းပြီး အပြင်ကို ပြေးထွက်လာလိုက်၏။

ရဲရင့် က ...

"ဒေး .. အဲဒီ မျိုးရာဇာ ရှေ့မှာ ဆုံရှင်းပြပါ့မယ်၊ ကိုယ်လုပ်တာ မဟုတ်ပါဘူး .. ကိုယ့်ကို အထင်မလွဲပါနဲ့"

ဒေး ဘာမှတုံ့ပြန်မနေတော့။ ရဲရင့် နှင့် ပို၍ ဝေးဝေးပြေးထွက်လာခဲ့လိုက်၏။





"မျိုးရာဇာ .. လူယုတ်မာကြီး၊ သက်သက်မဲ့ ငါတို့ချစ်သူတွေကြားကို သပ်ဝင် ဖောက်ခွဲတယ်၊ ထွက်ခဲ့ .. ရှင်းမယ်၊ ဟေ့လူ ထွက်ခဲ့ ..."

မျိုးရာဇာ ရဲ့တိုက်ရှေ့မှာ ရဲရင့် အော်ဟစ်သောင်းကျန်းနေ၏။ မျိုးရာဇာ ရဲ့တပည့်တွေ ပြေးထွက်လာပြီး ရဲရင့် ကို ဝိုင်းဝန်းထိုးကြိတ်ကြကုန်၏။

လေးယောက်နှင့်တစ်ယောက်မို့ ရဲရင့် အထိနာပြီး ခွေကျသွား၏။

ခပ်လှမ်းလှမ်းမှာ ဟိုင်းလတ်ကား ရပ်ထား၏။ ကားပေါ်မှာ မျိုးရာဇာ ထံ လာတွေ့သော ဦးနိုင်ဝင်း၊ ဦးဇော်၊ မာမီဇော၊ မာမီသက် တို့ လှမ်းကြည့်နေကြ၏။

"အို .. မသက်သာပါလား၊ သူငယ်လေး သနားပါတယ်"

"အေးဟယ် .. လုပ်ရက်လိုက်ကြတာ၊ သူငယ်လေး မရှုမလှ ခံနေရတယ်၊ တို့တွေမှာ ဗန္ဓုလသွေးသာရှိရင် ဝင်ကူ ချပစ်ပါတယ်"

"ဟုတ်ပ၊ အစော နဲ့ အသက် ရယ် .. ဇော် လည်း သွားကူချင်ပါတယ် အသားနာမှာကြောက်လို့၊ ကိုနိုင်ဝင်း .. ရှင်က ယောကျ်ားပဲ .. သွားကူလိုက်ပါလား"

"ဘာလို့ကူရမှာလဲ၊ သူ့ပြဿနာ သူရှင်းလိမ့်မယ်၊ နင်တို့ တိတ်တိတ်နေစမ်းပါ"

မျိုးရာဇာ က ရဲရင့် ရဲ့ နံရိုးနေရာကို တစ်ချက် ပိတ်ကန်ပစ်လိုက်၏။

"မလုပ်ချင်လို့ကြည့်နေတာ အကောင်း အောက်မေ့နေတယ်၊ မင်းက မဟုတ်တာလုပ်တဲ့ကောင်၊ မင်းအဖေလို ကောင်၊ မင်းကို သတ်ပစ်ချင်တာ၊ တရားဥပဒေသာမရှိရင် မင်း ငရဲပြည်ရောက်နေတာ ကြာပြီ၊ ငါ လုပ်လိုက်ရ .."

"အာစရိ .. လက်လွန်သွားမယ်၊ မလုပ်နဲ့"

"အေး .. မင်းတို့လည်း ဆက်မလုပ်နဲ့တော့၊ သူ့ဆိုင်ကယ်အနား သွားချပေးထားလိုက်၊ ငါ့အိမ်ထဲ အော်ဟစ် စိန်ခေါ်တိုင်းထွက်ချ၊ ငါ့ဂုဏ်သိက္ခာကျအောင် တမင်လာလုပ်နေတာ၊ သူ့ဘာသာသူ ပြန်ရင် ပြန်သွားပစေ"





မျိုးရာဇာ အထဲဝင်သွား၏။ တပည့်တွေက တံခါးနားမှာ ရပ်စောင့်နေကြ၏

ဦးဇော် တို့ ဟိုင်းလတ် ငါးချိတ်ကားလေး မျိုးရာဇာ အိမ်ထဲကို မောင်းဝင်သွား၏။ တပည့်တွေက အချင်းချင်းတွေ မှန်းသိ၍ ဝင်ခွင့်ပြုလိုက်၏။

ရဲရင့် တစ်ယောက်မှာ နာကျင်ရာမှ ပြေလျော့သွား၍ ညည်းတွားရင်း လူးလဲ ထရပ်လိုက်၏။

တစ်ယောက်တည်းသမားမို့ ဆက်ဖြေရှင်းနေလည်း အုတ်နံရံကို ခေါင်းနှင့်တိုက်သလိုသာ ဖြစ်တော့မည်။ အသိတရားနှင့် သူ့ဘာသာထိန်းပြီး ဆိုင်ကယ်ပေါ်ကို တက်လိုက်၏။ ပြီးနောက် မောင်းထွက်လာလိုက်သည်။

"ဒေး .. ဒေး .. ကိုယ်မဟုတ်ဘူး၊ အဲဒီ မျိုးရာဇာ လုပ်ကြံတာ၊ မယုံနဲ့ .. အဲဒီလူ မြေခွေးကြီး"

မေဒေး တို့ အိမ်ရှေ့မှာ အော်နေ၏။ ဒေါ်သန်းမြလင်း က ထွက်ရန်တွေ့မည်လုပ်နေ၏။ ဦးကျော်ညွန့် က ထိန်းထားရ၏။ ဒေး ထွက်တွေ့လိုက်ပြီး ...

"ရှင်ပြန်တော့ .. အလုပ်သမားတန်းလျားနော်၊ သူတို့က သိပ်စိတ်ရှည်တာ မဟုတ်ဘူး"

ဒဏ်ရာအညိုအမည်းတွေစွဲလာပြီး မူးကြောင် ရီဝေလာသည့် ရဲရင့် ကိုကြည့်ပြီး ဒေး စိတ်မကောင်းမိ။ သို့ငြား တစ်ဖက်က မုန်းစိတ်ကလည်း သူ့ဒဏ်သူခံရတာပဲဆိုပြီး တင်းခံနေ၏။

"သတ်ချင်လည်း သတ်ပစ်လိုက်ကွာ .. မျိုးရာဇာ မင်းကို အချောင်သိမ်းလိမ့်မယ်၊ အဲဒီကောင်ကြီးကို မင်း မယူနဲ့၊ မယူနဲ့ ကွာ .."





"ယူမှာပဲ .. နင် ရင်ကွဲနာကျသေတာကို မြင်ချင်လို့၊ တမင်အရွဲ့တိုက်ပြီး ယူပြလိုက်ဦးမယ် .. မှတ်ထား"

"မင်း မှားမယ်နော် ဒေး .. မင်း အကြီးအကျယ်မှားမယ်၊ မယူပါနဲ့ .. ကိုယ် တောင်းပန်ပါတယ်ကွာ"

ဘေးအိမ်ကလူတွေက ရဲရင့် ကို ချော့မော့ပြောဆိုပြီး အပြင်ကို ခေါ်ထုတ်သွားကြ၏။ တချို့က အမူးလွန်ပြီး လဲနေသော ရဲရင့် ကို အငှားကားနှင့် လိုက်ပို့ကြ၏။

ဒေး ရဲ့မောင် အလတ်ကောင်က ဆိုင်ကယ်ပြင်ဆိုင်မှာ လုပ်နေ၍ ဆိုင်ကယ်စီးတတ်သည်။ သူကပဲ ဆိုင်ကယ်ကို အိမ်ထိ လိုက်ပို့ပေး၏။ အိမ်လိပ်စာနေရာကို ဒေး ပဲ ပြောပြလိုက်သည်။

ဒေါ်သန်းမြလင်း က ...

"သက်သက်မဲ့ အရှက်လာခွဲနေတာ၊ ညည်း ကိုမျိုး ကို ယူလိုက်မှပဲ ဒီကိစ္စက ပြီးပြတ်မှာ၊ ကိုမျိုး ကို ညည်းယူမလား၊ မယူဘူးလား .. ဒါပဲပြောတော့"

ဒေး အံတင်းတင်းစေ့ ကြိတ်လိုက်၏။ ပြီးနောက် ...

"ယူမယ် အမေ၊ အမေတို့သာ အမြန်စီစဉ်လိုက်တော့"

ဒေါ်သန်းမြလင်း တအံ့တသြနှင့် ကြည့်နေရာက ...

"ဒါမှ ငါ့သမီး၊ ဒီလိုပဲဖြစ်ရမှာပေါ့"

နောက်နေ့မှာ ဖုန်းဆက် အကြောင်းကြားလိုက်၍ ဦးမျိုး တို့တွေ ရောက်လာကြ၏။ နိုက်ကလပ်ပိုင်ရှင် ဦးနိုင်ဝင်း၊ ဦးဇော်၊ မာမီစော၊ မာမီသက် တို့လည်း လိုက်လာကြ၏။ အလုပ်သမား အရာရှိတွေနှင့် စေ့စပ်ကြောင်းလမ်း နားဖောက်ကြ ၏။ နေ့ကောင်းရက်သာ ရွေးကြ၏။

ချိတ်ထဘီ၊ ရင်ဖုံးဒီဇိုင်းဆန်းဆန်းလေးနှင့် လှပနေသော ဒေး ကို ကြည့်ကာ မကြာခင် ပိုင်ဆိုင်ရတော့မည်မို့ ဦးမျိုးရာဇာ အပျော်ကြီး ပျော်နေမိ၏။

အဲဒီနေ့ညက နိုက်ကလပ်မှာ အပြတ်ကဲပစ်၏။ ကျောင်းသူ လေးအဖြစ် အပြောင်အပြက် ကပြသူတွေက မေဇော်၊ မာမီစော နှင့် မာမီသက် တို့ ဖြစ်ကြလေ၏။

ဦးမျိုး က သူတို့တစ်တွေ အကတော်၍ ဂုဏ်ပြုငွေ ဆုချ ကာ ဖင်တွေကုန်းခိုင်းပြီး ဆောင့်ကန်ထုတ်ပစ်လိုက်လေသည်။

မာမီတို့အဖွဲ့ အောင့်သက်သက်နှင့် ဦးမျိုးကို ပြိုင်တူပြန် အော်လိုက်သံက ...

"မှန်းရခက်ကြီး" တဲ့လေ။





ရဲရင့် တစ်ယောက် စိတ်တွေ ဆောက်တည်ရာမဲ့ပြီး ဘုရား ရင်ပြင်တော်ကို ရောက်သွား၏။ ရင်ထဲက သောကအပူတွေ သက်သာအောင် ဘုရားရှိခိုးပြီး ဆုတောင်းမိ၏။

"ဘုရားတပည့်တော်သည် မှန်သောသစ္စာစကားကို ဆိုပါ မည် အရှင်ဘုရား၊ လောကသုံးပါး၌ အဖိုးအနဂ္ဃထိုက်တန်သော ရတနာသည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာသုံးပါးသာလျှင် ဖြစ်ပါသည် အရှင် ဘုရား၊ ဤ မှန်သောသစ္စာစကားကြောင့် ဘုရားတပည့်တော် သည် ယခု ကြုံတွေ့နေရသော ဝဋ်ဆင်းရဲဒုက္ခမှ အမြန် ကင်း လွတ်နိုင်ရပါလို၏ဘုရား"

ရဲရင့် က ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်၏။ အမွှေး တိုင်စိုက်ထူပြီး ဆုတောင်းထားလိုက်သည်။

ဘုရားရင်ပြင်တော်ပေါ်က ပြန်ဆင်းလာစဉ် ...

"ဟယ် ... သူငယ် .."

"ဟင် .. မာမီစော နဲ့ မာမီသက်"

"ဟယ် .. တို့ကို မှတ်မိသေးတယ်၊ ဂယ်ပဲဟယ် .."

"မှတ်မိပါတယ်၊ ဘုရားဖူးလာကြတာလား"

"အေးပေါ့ .. ဝဋ်ကြွေးကျေအောင် လာဆုတောင်းကြတာလေ၊ အရင်ဘဝက သူများသားမယားအပေါ်မှာ မှောက်မှားခဲ့လို့ မစိုမခြောက်ဖြစ်နေရတဲ့ ဝဋ်ဆင်းရဲက မြန်မြန်လွတ်အောင် လာဆုတောင်းကြတာလေ၊ သူငယ်ကရော .. ဘာဆုတောင်းခဲ့သလဲ"

ရဲရင့် က အမှန်အတိုင်းပြောပြလိုက်သောအခါ သူတို့တွေ စိတ်မကောင်းဖြစ်သွားကြ၏။ မာမီသက်က ...

"တို့တွေ သူငယ့်အပေါ် လွန်ကျူးမိတာတွေ ဝန်ခံလိုက်မှ ဖြစ်တော့မယ်၊ နောက်ဘဝထိ ဝဋ်ကြွေးတွေ ထပ်ပါမှာ ကြောက်တယ် အစောရယ် .."

"အေးဟယ် .. ပြောသာပြောပစ်၊ ဟိုဂျိုပုန်းမ မိဇော် ကိုလည်း ကြောက်မနေနဲ့တော့၊ သူက သိတဲ့အတိုင်း ငွေရမယ်ဆိုရင် ဘာပဲဖြစ်နေဖြစ်နေ တစ်လမ်းသွားမယ့် ဂန်ဒူးမ၊ တို့ကတော့ အဲလိုမလုပ်နိုင်ပါဘူး"





မာမီစော နှင့် မာမီသက် က ရဲရင့် ကို အသနားပိုပြီး ဘုရားပရိဝုဏ်အတွင်းမှာ စိတ်ကောင်းဝင်ကာ ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို ရှင်းလင်း ပြောပြကြလေသည်။ ရဲရင့် နားထောင်ပြီး အံ့ဩထိတ်လန့် တုန်လှုပ်သွား၏။

ဒေါ်သမီး ဟုန်းခနဲ တောက်မိ၏။ ဘုရားရှေ့တော်မှောက်မှာဆိုသောအသိ ဝင်လာ၍ ဒေါသမီးကို ပြန်ထိန်းလိုက်ရ၏။

ဒေါသကိုထိန်းနိုင်တော့ အကျိုးအကြောင်းဆက်စပ်မှုတွေ အမှန်မြင်လာနိုင်၏။ အမှန်မြင်လာသောအခါ ရှေ့ဆက်လုပ်သင့်တာတွေကို ပီပြင်ကျနစွာ စီစဉ်လာနိုင်၏။

မာမီစော နှင့် မာမီသက် ကို ကျေးဇူးအရမ်းတင်မိသွား၏။ အထူးသဖြင့် သုံးလောကထွဋ်ထား သဗ္ဗညုဗုဒ္ဓရှင်တော်မြတ်ဘုရားအား ရှိခိုးပူဇော်၍ မှန်သောသစ္စာစကား ဆိုရခြင်းအကျိုးကား လက်ငင်းမုချ ခံစားနေရလေပြီ။

အမှန်တရားဆိုတာ ကြံဖန် လှည့်ကစားနည်းမျိုးစုံနဲ့ ရေ ရှည် ဖုံးကွယ်ထားလို့မှ မရတာပဲလေ။

နောက်သုံးရက်အကြာမှာ ဦးမျိုးရာဇာ နှင့် မဒေး တို့ရဲ့ လက်ထပ်ပွဲကို ရပ်ကွက်မင်္ဂလာခန်းမမှာပင် ကျင်းပဖြစ်လေသည်။ ဟိုတယ်လ်မှာက မင်္ဂလာပွဲစဉ်တွေ ချိတ်ထား၍ ချက်ချင်း စီစဉ်လို့ မရ။

ဦးမျိုးရာဇာ က ဟိုတယ်လ်မှာဆောင်လို့ ကုန်မယ့်ငွေတွေကို ဒေါ်သန်းမြလင်း သုံးစွဲဖို့ ပေးအပ်လိုက်၏။ ဒေါ်သန်းမြလင်း ကြည်ဖြူသွား၏။ ရပ်ကွက်၊ မြို့နယ်ထဲမှာ ဟန်ရေးထုတ်ရတော့မည်ပေါ့။ လသာ တရုတ်တန်းမှာ ရွှေသွားဝယ်ပြီး လင်မယား နှစ်ယောက်ရော၊ သားသမီးတွေပါ အပြတ် ဆင်ပစ်လိုက်၏။

မီနီမားကက်တွေက ဝတ်ကောင်းစားလှတွေ သွားဝယ်ဝတ်ကြ၏။ ဘေးပတ်ဝန်းကျင်က **အားကျဂုဏ်ယူပြီး ပြောကြ**ဆိုကြ၏။





အချို့ကလည်း မနာလိုဝန်တို အတင်းစောင်းပြောကြ၏။ အဲဒါတွေ အားလုံး သန်းမြလင်း က ဖင်ခုထိုင်ထားလိုက်၏။

မင်္ဂလာဆောင်နေ့မှာ နှစ်ဖက်ဧည့်ပရိသတ်တွေ ရောက်လာကြ၏။ ရဲရင့် က မင်္ဂလာပွဲကြိုနေ့ကတည်းက ခန်းမတာဝန်ရှိသူတွေကို ငွေပေးစည်းရုံးပြီး သူလုပ်ချင်တာလေးတွေကို ပြောထား၏။

“သတို့သားနဲ့ သတို့သမီး အံ့သြသွားအောင် သူတို့ ချစ်ကြိုက်တုန်းက ပန်းခြံထဲမှာ ချိန်းတွေ့နေကြတဲ့ပုံလေးတွေ ခိုးရိုက်ထားတယ်၊ အဲဒါကို ပရိုဂျက်တာနဲ့ပြချင်လို့ ပရိုဂျက်တာ စီစဉ်ပေးထားပါ၊ သတို့သားဘက်ကရော၊ သတို့သမီးဘက်ကပါ မသိစေချင်ဘူး၊ ပရိုဂျက်တာကို ပိတ်ဖြူအုပ်ထားပေးပါ”

အဲဒါမျိုး လုပ်ခိုင်းထား၏။ လုပ်ပေးမည်ဟု တာဝန်ရှိသူကလည်း ပြန်ပြောထား၏။

မင်္ဂလာပွဲနေ့မှာ မြန်မာသတို့သား၊ သတို့သမီးဝတ်စုံနှင့် သားနားနေသော ဦးမျိုးရာဇာ နှင့် မဒေး။ မင်္ဂလာဆိုင်းဘုတ်မှာ ...

မောင်မျိုးရာဇာ နှင့် မမဒေး

တို့၏

မင်္ဂလာဧည့်ခံပွဲ

ဦးမျိုးရာဇာ ဘက်က မိတ်ဆွေသင်္ဂဟာတွေက အကြီးအကဲ လုပ်ပေးကြ၏။

ဦးဇော် နှင့် မာမီစော၊ မာမီသက် တို့ကလည်း တက်ရောက်ကြ၏။ ဦးကျော်ညွန့် နှင့် ဒေါ်သန်းမြလင်း တို့ကလည်း တောက်ပြောင် ဝင့်ကြွားနေ၏။

မေဒေး ခမျာ ရဲရင့် ကို သတိရ ကြေကွဲမိသော်လည်း ပွဲလာသမျှကို ပြုံးပြနေရတာနှင့် မအားရှာ။

အရပ်ထဲက မင်္ဂလာဆောင်ဆိုတော့ သိပ်ခမ်းနားစရာမလို။ အချိန်ကောင်း လူစုံချိန်ရောက်မှ ဘာလက်ဖွဲ့မှ မပါဘဲ မဖိတ်ကြားဘဲနှင့် တက်ရောက်လာသူက ရဲရင့်သူရ။

လည်ကတုံးရှပ်အင်္ကျီ၊ ယောပုဆိုး၊ မြမာလာ ကတ္တီပါဖိနပ်နှင့် ငြိမ်ငြိမ်လေးဝင်လာ၏။ အစောင့်ချထားသော မျိုးရာဇာရဲ့တပည့်တွေက ဝင်ဆွဲမည်လုပ်သောအခါ ရဲရင့် နောက်က ရှေ့နေကြီး ဦးထင်အောင်မိုး နှင့် အဖော်နှစ်ယောက် ပါလာ၍ တွန့်ပြီး နောက်ဆုတ်သွားကြ၏။

မင်္ဂလာမောင်နှံက လိုက်လံ ဧည့်ခံနေရာက ရဲရင့် ကို တွေ့သွားတော့ မျက်နှာ အကြီးအကျယ်ပျက်သွားကြ၏။ အခြောက်မာမီစော နှင့် မာမီသက် တို့က အသံမထွက်အောင် လက်ခုပ်တီးပြပြီး အားပေးနေ၏။





ရဲရင့် က စတိတ်စင်ပေါ် ခပ်တည်တည်တက်သွား၏။

"ရွှေပွဲကြွလာ မိတ်သဟာအပေါင်းတို့ ခင်ဗျား .. ဒီပွဲမှာ မင်္ဂလာမောင်နှံအတွက် ကျွန်တော် လက်ဖွဲ့ချင်တဲ့ ဗီစီဒီခွေပြားလေး လာထိုးပြတာပါ၊ ဒီခွေပြားလေး ဖြစ်ပေါ်လာတဲ့ ဇာတ်ကြောင်းက နည်းနည်းတော့ ရှည်တယ်၊ လိုရင်းတိုရှင်းပဲ ကျွန်တော် ရှင်းပြပါ့မယ်"

ရဲရင့် က မိုက်ကရိုဖုန်းနဲ့ ဧည့်ပရိသတ်တွေ စိတ်ဝင်စားလာအောင် ရှင်းပြနေ၏။ မေဒေး က ရင်တုန်ပန်းတုန်ဖြစ်နေ၏။ မျိုးရာဇာ က အကြီးအကျယ် မျက်နှာပျက်ပြီး စတိတ်စင်ရှေ့ရောက်လာ၏။ နောက်က ဒေါ်သန်းမြလင်း ပါ ဒေါနှင့်မောနှင့် ကပ်ပါလာ၏။ ရှေ့နေကြီး ဦးထင်အောင်မိုး နှင့် အဖော်နှစ်ယောက်က ရှေ့ကနေ ပိတ်ကာတားလိုက်၏။

ရဲရင့် ရှင်းပြလိုက်သံအဆုံးမှာ ခန်းမတစ်ခုလုံး ကျွတ်စီကျွတ်စီ ဖြစ်ကုန်ကြ၏။ ဇာတ်ရည်လည်သွားပြီမို့ သဘောပေါက်သွားလေပြီ။

"ဒီအခွေကတော့ ကျွန်တော့်အိမ်ထဲကို ခိုးဝင်ပြီး မေဇော်ကိုယ်တိုင် ခိုးရိုက်ထားတဲ့ပုံပါ၊ ဝရန်တာကနေ ကျော်တက်ပြီး ရိုက်ထားတာ၊ အဲဒါကို မာမီစော က နောက်ကနေ ထပ်ချပ်မကွာ လိုရမယ်ရဆိုပြီး လိုက်ရိုက်ထားပါတယ် .. ရှုစားကြပါ"

ပထမခါတ်ပြားကို ထိုးပြလိုက်၏။

ရဲရင့်သူရ နှင့် မေဒေး တို့ ချစ်ရည်လူးသည့်ဇာတ်လမ်းကို သဘောလောက်သာ ဆင်ဆာဖြတ်ပြီး ထိုးပြလိုက်၏။ နောက် ဆက်တွဲအဖြစ် မမေဇော်က ချစ်ရည်လူးသည့်အခန်းတွေကို ခက် ခက်ခဲခဲ ခိုးရိုက်နေတာတွေကို မာမီစော က ထပ်မံခိုးရိုက်ထား ၏။ ပြီးနောက် မေဇော် နှင့် ဦးမျိုးရာဇာ တို့ လျှို့ဝှက်တွေ့ဆုံ ပြောဆိုဖြစ်တာတွေကို ရုပ်ရော အသံပါ ဖမ်းရိုက်ထား၏။ မာမီ စော နှင့် မာမီသက် တို့ ခိုးရိုက်ထားခြင်းပင်။

"ရဲရင့် နဲ့ တူမ မေဒေး တို့ ကွဲသွားအောင် လုပ်နိုင်တဲ့နည်း မေဇော့် မှာ ရှိတယ်၊ ဟောဒီ ခါတ်ပြားခွေပဲ၊ ဒီခါတ်ပြားနဲ့ ရဲရင့် က ခိုးရိုက်သလို လုပ်ကြံပြောလိုက်ရင် မေဒေး က ရဲရင့် ကို ကျိန်းသေ မုန်းသွားမှာပဲ"

"ဟုတ်လား .. ကြည့်ကြည့်ရအောင် .."

ခါတ်ပြား ထိုးကြည့်ကြ၏။ ထိုးကြည့်ပြီးသည်နှင့် ...

"ဟုတ်လိုက်လေ မေဇော် ရာ .. ဒီအကြံ သိပ်ကောင်းတယ်"

"ကောင်းရင် အလကားတော့ မရဘူး၊ သိန်း(၅၀) ပေးရ မယ်၊ မေဇော် က ခက်ခက်ခဲခဲ သွားချောင်းရင်းနဲ့ ကြံလို့ ရိုက် ထားတာ"

"ဟား .. ဟား .. ဟား .. ပေးရမှာပေါ့၊ ပေးမယ်"





နောက်တစ်ကြိမ် တွေ့ဆုံကြခန်း ပေါ်လာပြန်၏။

"ရဲရင့် နဲ့ မေဒေး တော့ အကြီးအကျယ် ခွာပြဲသွားကြပြီ၊ မေဒေး ကလည်း ကိုမျိုး နဲ့ယူဖို့ သဘောတူလိုက်ပြီ၊ အားလုံး အိုကေသွားပြီ၊ ရဲရင့် ကို ဘယ်လိုဆက်ထိန်းမလဲ ကိုမျိုး"

"အစွယ်ချိုး .. အဆိပ်ထုတ်ထားလိုက်ပါပြီကွာ၊ ရေမြွေဖြစ် သွားပါပြီ၊ မေဒေး နဲ့လက်ထပ်ဖို့ပဲ အာရုံစိုက်ရအောင်"

ရဲရင့် နှင့် မေဒေး တို့ကြားမှာ မေဇော် နှင့် မျိုးရာဇာ တို့ ခလောက်ဆန်ပြီး လုပ်ကြံဇာတ်ထိုးတာတွေကို မာမီစော တို့က ကင်မရာအသေး၊ အသံဖမ်းကိရိယာတွေနှင့် ခိုးရိုက် မှတ်တမ်း တင်ထားခြင်း ဖြစ်၏။

ခါတ်ပြားထိုးပြနေတာပင် မပြီးသေးပေ။ ဦးမေဇော် တစ် ယောက် ကဆုန်ပေါက်ပြီး ခန်းမထဲက ထွက်ပြေးသွားလေပြီ။ ဦးကျော်ညွန့် က လက်သီးလက်မောင်းတန်းပြီး ထွက်လာတာ ကိုး။

ဦးမျိုးရာဇာ တစ်ယောက် ဟိုကြည့်ဒီကြည့်နှင့် ပြေးပေါက် ရှာနေပြီ။ သို့ပြား ဟာ နှင့်ထိန်းနေ၏။

ဦးထင်အောင်မိုး နှင့် ပါလာသူ လူနှစ်ယောက်က ဦးမျိုး ရာဇာ အနားကပ်သွားပြီး လက်ထိပ်ခတ်ကာ ဖမ်းဆီးလိုက်၏။

"မှောင်ခိုပစ္စည်းတွေ ထိန်းသိမ်းသိုလှောင်မှုနဲ့ ရဲအရာရှိတွေ

က မာဖီနဲ့ဝင်ဖမ်းတာပါ၊ ဦးမျိုးရာဇာ က ဥပေဒကို ချိုးဖောက်လို့ အဖမ်းခံရတာပါ"

ပြဿနာ ပြီးသွား၏။ ပရိသတ်ကြီးလည်း နားလည် ရှင်းလင်းသွား၏။ ဒေါ်သန်းမြလင်း လည်း နောင်တရပြီး မျက်နှာပူကာ ချောင်မှာ သွားကပ်နေ၏။ မေဒေး အနားကို ရဲရင့် လျှောက်သွား၏။ မေဒေး က ခေါင်းကြီး တွင်တွင်ငုံ့ထား၏။

ရဲရင့် က ...

"မရှက်ပါနဲ့ ဒေး ရယ် .. ဒေး သာ သဘောတူရင် ခုချက်ချင်း ကိုယ် မင်္ဂလာဆောင်မှာပါ၊ ဒေး ရဲ့ သတို့သားအစစ်အမှန်က ကိုယ်ပါ"

ရဲရင့် က ပရိသတ်ကြီးဘက်လှည့်ပြီး အော်မေးလိုက်၏။

"ဧည့်ပရိသတ်ကြီးခင်ဗျာ .. တကယ်ချစ်ပြီး တကယ် လုပ်ကြံခံခဲ့ရတဲ့ ကျွန်တော်သာ ဒေး နဲ့ ထိုက်တန်တဲ့သူဆိုရင် လက်ခုပ်တီးပြီး အားပေးကြပါခင်ဗျား"

မင်္ဂလာခန်းမကြီး ပွင့်ထွက်မတတ် လက်ခုပ်သံ တဖြောင်းဖြောင်းက ဆူညံသွားတော့၏။ လက်ခုပ်သံတွေ စဲသွားသောအခါ ...

"ဒေး အနေနဲ့ မျက်နှာများတာ မဟုတ်ဘဲ ဥစ္စာရင်းမှန်တဲ့ သူ့ချစ်သူ ကျွန်တော်နဲ့ ပြန်လက်တွဲပြီး ဒီမင်္ဂလာပွဲကို ဆက်





ဆောင်သင့်တယ်ထင်ရင် လက်ခုပ်တီးပြီး အားပေးပါခင်ဗျား"

ဒုတိယအကြိမ်မြောက် လက်ခုပ်သံတွေ ပွက်လောရိုက်သွားပြန်၏။ ရဲရင့် က ဒေး ရဲ့လက်ကလေးနှစ်ဖက်ကို ဆုပ်ထွေးလိုက်၏။ ဒေး က မရဲတရဲလေး မော့ကြည့်၏။

"ကိုယ်တို့ မင်္ဂလာဆက်ဆောင်ရအောင်နော်"

"သွားပါ .. လူဆိုး"

"ချစ်လို့ဆိုးတာပါ ဒေးရယ်"

ရဲရင့်က ဒေး ရဲ့လက်ကို ဆွဲကိုင်ပြီး မင်္ဂလာစင်မြင့်ပေါ် တက်လာလိုက်၏။ စင်မြင့်ပေါ်မှာ စုံတွဲရပ်လိုက်ပြီး ...

"ကျွန်တော် ရဲရင့်သူရ နဲ့ မမေဒေး တို့ရဲ့ မင်္ဂလာဧည့်ခံပွဲ ဖြစ်သွားပါပြီ၊ အသိအမှတ်ပြုရင် လက်ခုပ်တီးပြီး အားပေးကြပါ"

တတိယအကြိမ်မြောက် လက်ခုပ်သံတွေ လှိုင်ဝေသွား၏။ ဦးမျိုးရာဇာ နှင့် အလွန်ရင်းနှီးသူတွေလောက်သာ မျက်နှာမသာမယာနှင့် ပြန်ကုန်ကြ၏။

ကျန်တဲ့လူတွေကတော့ အမှန်တရားကို မြတ်နိုးကြ၍ လှိုက်လှဲစွာ အားပေးကြကုန်၏။

မင်္ဂလာစုံတွဲရဲ့ ရေခဲမုန့်ခွံ့ကျွေးပွဲလေးကလည်း လှပစွာ ပြီးဆုံးသွား၏။

ရှေ့နေကြီးက ကုန်ကျစရိတ်တွေကို ပြောင်းလဲ ကျခံပေးလိုက်၏။ ဒေါ်သန်းမြလင်း တို့ လင်မယားနှင့်လည်း ဆွေးနွေးဖြစ်၏။

ရဲရင့် က ရှေ့နေကြီးကို လှမ်းကြည့်ပြီး မေးဆတ်ပြလိုက်၏။ ရှေ့နေကြီးက လက်မ,ပြန်ထောင်ပြလိုက်၏။ ပွဲပြီးသွားပြီပေါ့။

ရဲရင့်သူရ နှင့် မေဒေး တို့ရဲ့ မင်္ဂလာပွဲကြီး အောင်မြင်စွာပြီးဆုံးသွားလေပြီ။





ရဲရင့် က သတို့သမီးကို သူ့အိမ်ကို ခေါ်လာ၏။ မေဒေးနှင့်ဖြစ်ကြောင်းကုန်စင်တွေ စားမြုံ့ပြန်ပြောရင်း ညဥ့်နက်သွား၏။

"တော်တော်အကြံကြီးတဲ့လူ၊ ရှင့်ကိုတော့ လန့်သွားပြီ"

"ဘုရားပေးတဲ့ ခွန်အားပါ၊ အမှန်တရားကို သူတော်ကောင်းတွေ၊ နတ်ကောင်းတွေက ဝိုင်းဝန်းကူညီလိုက်တာပါ"

"အမေက သူ့အိမ်မှာ လိုက်နေစေချင်တာ၊ တကယ်တမ်းကျတော့ နေစရာအိပ်ခန်းလည်း မရှိပါဘူး"

"ဒီမှာ အားလုံး အေးဆေးပဲ"

"ဟင့်အင်း ... ဒေး အိပ်ခဲ့တဲ့အိပ်ခန်းတော့ မအိပ်ချင်တော့ဘူး၊ လုံလည်း မလုံခြုံဘူး"

"အနောက်တိုင်းစတိုင် မှန်တံခါးတွေ များများတပ်လိုက်မိလို့ပါ၊ ကိုယ့်အိပ်ခန်းကတော့ လုံခြုံတယ်၊ နောက်တစ်ကြိမ်ကင်မရာနဲ့ ခိုးရိုက်မခံရနိုင်ပါဘူး"

မေဒေး က ဘယ်လိုခေါ်သိပ်သိပ် မအိပ်။ ကင်မရာ အရမ်းကြောက်နေရှာ၏။ နောက်ဆုံးမှာတော့ ခုတင်တိုင်တွေ တပ်

ဆင်ပြီး လေးဘက်လေးတန် ကော်ဇောတွေ ပတ်လည်ကာပစ်လိုက်၏။ အပေါ်ကလည်း အုပ်ကာပစ်လိုက်၏။

"ကဲ .. လုံခြုံသွားပြီ၊ ဝင်အိပ်ကြစို့"

ခုမှ အထဲခေါ်လို့ ရ၏။ အထဲမှာ အတူလှဲရင်း ...

"အချစ်ကျောင်းသူလေးလို့ မျိုးရာဇာကြီး ကတော့ အချုပ်ထဲမှာ စွဲလမ်းတမ်းတပြီး အော်နေတော့မှာပဲ"

"ရှင်နော် .. မစနဲ့၊ ဒေး က အချစ်ကျောင်းသူ မဟုတ်တော့ဘူး၊ ဘဝကျောင်းသူ ဖြစ်သွားပြီရှင့်"

"အဲဒါကောင်းတာပေါ့၊ ဘဝကျောင်းသူလေးကို ဘဝကျောင်းသားလေးက သိမ်းပိုက်လိုက်ပြီလေ"

"မကဲနဲ့ .. မဆိုးနဲ့နော်၊ ကဲရင် ဆိုးရင် ဆွဲကိုက်ပစ်မယ်၊ ဘာမှတ်နေလဲ .. ဟွန့် .."

"အဲဒီဟွန့်လေးကိုပဲ ချစ်နေရတာ .."

"ကိုရဲ နော် .."

ရဲရင့် က မေဒေး ကိုအတင်းတိုးကပ်ပြီး ဖက်ပွေ့ပစ်လိုက်၏။

**The End**

*ကြိုးစားပါဦးမည်*

ရှိတ်

ရွှေသမင်စာပေ